# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၃၉]


**စည်းရုံးအောင်မြင်နည်း ကျင့်စဉ်လေးမျိုး**

- ✻ ပေးကမ်းထောက်ပံ့ခြင်း
- ✻ ချစ်ဖွယ်စကားပြောဆိုခြင်း
- ✻ သူ့အကျိုးပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်း
- ✻ ကိုယ်နှင့်ထပ်တူ ပြုမူဆက်ဆံခြင်း။

# ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်အဖွဲ့ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သို့ ရောက်ရှိ

စာမျက်နှာ-၃



# တက္ကသိုလ်ရဲ့မမေ့နိုင်တဲ့ အပျော်တမ်းစစ်သည် ပုံရိပ်ကို ထုဆစ်ကြသူများ

“မ အောက် သန်း ပေါ်. . . တဲ့” အချင်းချင်းလက်တို့ကြရင်း စကားအဓိပ္ပာယ်ကို အမျိုးမျိုးဖွင့်ဆိုနေကြသော ဆယ်ကျော်သက်မိန်းကလေးများအနီးသို့ တပ်ကြပ်ကြီးဘုန်းမိုရ် ရောက်ရှိသွားသည်။

“သမီးတို့ရေ မ အောက် သန်း ပေါ် ဆိုတာ အလွယ်ဆုံးဖိနပ်ကြိုးချည်နည်းလေးပါ။ ခြေမရှိတဲ့အတွင်းဘက်မှာ ကြိုးကအောက်မှာထားရပြီး ခြေသန်းရှိတဲ့ဘက်မှာ ကြိုးတိုင်းက အပေါ်မှာရှိနေဖို့ပါ” ဟု ရှင်းပြနေသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

သတင်းဆောင်းပါး
ခင်ရတနာ
ဓာတ်ပုံ
ဇေယျာဖြိုး၊ မေဦးမိုး



အမှတ် (၂) တက္ကသိုလ်လေ့ကျင့်ရေးတပ် ကျောင်းသား ကျောင်းသူများ စခန်းသွင်းလေ့ကျင့်နေစဉ်။

## ယနေ့ ဖတ်စရာ


ဆီးရီးယားသူပုန်များကို လေကြောင်းမှ ပုံးကြဲနေမှု ရပ်တန့်ရမည်ဖြစ်ကြောင်း ရုရှားကို အမေရိကန်သမ္မတ တိုက်တွန်း — စာ ၄

ပုသိမ် ဝဲန်မြစ်ကူး ကြိုးတံတားကြီး ပြင်ဆင်မှုပြီးစီး ခရီးသည်တင်ယာဉ်နှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်ကြီးများ ဖြတ်သန်းသွားလာ — စာ ၁၀





## အပြင်းဆုံးအယ်နီညိုနှင့် မီးဘေးအန္တရာယ်

အယ်နီညိုဖြစ်စဉ်ဆိုသည်မှာ အီကွေတာအနီး ပစိဖိတ်သမုဒ္ဒရာတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန် ပုံမှန်ထက်ပိုမိုပူနွေးခြင်းကိုခေါ်ပါသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလလယ်အတွင်း အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာအရှေ့အလယ်ပိုင်း (East-Central Tropical Pacific Ocean) ၏ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် အားကောင်းသော အယ်နီညိုဖြစ်ပေါ်နိုင်သည့်အဆင့်အထိ ပူနွေးလျက်ရှိနေပါသည်။

ခန့်မှန်းရက်များအရ ဤပစိဖိတ်သမုဒ္ဒရာတွင် ၂၀၁၅-၂၀၁၆ ခုနှစ် ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီသုံးလပျမ်းမျှ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် အားအကောင်းဆုံး အယ်နီညိုအဆင့်သို့ရောက်ရှိအောင် ပူနွေးနိုင်သဖြင့် ၁၉၅၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သောအယ်နီညိုဖြစ်စဉ်များအနက် အားအကောင်းဆုံးဖြစ်ခဲ့သည့် ၁၉၇၂-၁၉၇၃၊ ၁၉၈၂-၁၉၈၃ နှင့် ၁၉၉၇-၁၉၉၈ ခုနှစ်တို့ထက် ပိုမိုအားကောင်းသော အယ်နီညို (Very Strong El- Nino) ဖြစ်လာနိုင်ကြောင်း၊ ဤအယ်နီညိုဖြစ်စဉ်သည် မတ်၊ ဧပြီနှင့် မေလအထိဆက်လက်ဖြစ်ပေါ်နိုင်ပြီး တဖြည်းဖြည်းအားလျော့သွားနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသဌာနချုပ်နှင့် နိုင်ငံတကာ မိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေး ဗဟိုဌာနများမှ ထုတ်ပြန်အသိပေးထားပါသည်။

ဤသို့ အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မှာ ပုံမှန်နှစ်များထက်မြင့်တက်ခြင်း၊ မိုးခေါင်ခြင်း၊ စိုက်ပျိုးသီးနှံများအတွက်နှုန်းကျဆင်းခြင်း၊ ကျွဲနွားတိရစ္ဆာန် အစာများရှားပါးခြင်း၊ ရေရှားပါးပြတ်လပ်ခြင်းစသော နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်နိုင်ပါသည်။ ထို့ထက်အရေးကြီးဆုံး တစ်ချက်မှာ မီးဘေးအန္တရာယ်များ ပိုမိုသတိပြုရမည့်နှစ်ဖြစ်ပါသည်။ ယခုအခါ မီးလောင်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိပါသည်။ ပညာရှင်တို့၏ ခန့်မှန်းတွက်ချက်မှုအရ ဆောင်းရာသီမကုန်မီကပင် အပူချိန်များ သာမန်နှစ်ထက်တိုးလာလျက်ရှိကြောင်း သိရပါသည်။

အပူချိန်မြင့်မားမှုသည် မီးလောင်မှုကို အားပေးလျက်ရှိပါသည်။ အထူးသဖြင့် ဝိုင်ယာရှော့ခ်မီးလောင်မှုသည် ပိုမိုသတိထားရမည့် အချက်ဖြစ်ပါသည်။ လျှပ်စစ်တို့၏ သဘောမှာ မီးပလပ်၊ မီးခေါင်း၊ မီးခလုတ်နေရာများသည် တာရှည်စွာအသုံးပြုပါက ပူလာသည့်သဘောရှိပါသည်။ အတိုင်းအတာတစ်ခုထက် ပူပြင်းလာပါက ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားနိုင်ပါသည်။ အပူရှိန်မြင့်မားမှုကြောင့် လျှပ်စစ်ဝိုင်ယာကြိုးများပူနွေးကာ ဝိုင်ယာရှော့ခ်ဖြစ်လာနိုင်ပါသည်။ သို့အတွက် လာမည့်နွေရာသီ၌ သတိပြုရမည့် မီးဘေးတွင် ဝိုင်ယာရှော့ခ်မဖြစ်အောင် အထူးသတိပြုကြဖို့လိုပါသည်။

လူမရှိဘဲ မီးလုံး၊ မီးချောင်းများကို အချိန်ကြာမြင့်စွာထွန်းထားခြင်း၊ မီးပူ၊ ရေခဲသေတ္တာ၊ လေအေးပေးစက် အစရှိသော အီလက်ထရွန်နစ်ပစ္စည်းများကို အလွန်အကျွံသုံးစွဲခြင်းတို့ကြောင့် အပူရှိန်လွန်ကဲမှုဖြစ်ကာ ဝိုင်ယာရှော့ခ်မီးဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်၍ လာမည့်နွေရာသီကာလအတွင်း အပူချိန်တဖြည်းဖြည်းမြင့်တက်လာမည်ဖြစ်၍ လျှပ်စစ်မီးနှင့် လျှပ်စစ်ပစ္စည်းများသုံးစွဲရာတွင် အပူရှိန်လွန်ကဲပြီး မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး အသိသတိဖြင့် ဆင်ခြင်လျက်သုံးစွဲသင့်ပါကြောင်း ။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |

## စတုတ္ထအကြိမ် တိုင်းရင်းမီဒီယာညီလာခံ ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ကျင်းပ




**စစ်တွေ ဖေဖော်ဝါရီ ၁၅**

စတုတ္ထအကြိမ် တိုင်းရင်းမီဒီယာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် မြောက်ဦးမြို့ ညောင်ပင်ဈေးရပ်ကွက်ရှိ မြောက်ဦးဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းမီဒီယာညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားဖွင့်ပွဲမုခ်ဦးကို ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေ၊ Burmese News International (BNI) မှ Executive Director ဒေါ်နန်းဖော့ဂေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်က မီဒီယာဆိုင်ရာ အခန်းကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ ပြန်ကြား ရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးတင့်ဆွေ **(အပေါ်ပုံ)** က မီဒီယာနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ မီဒီယာကျင့်ဝတ်နှင့် အမျိုးအစားများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ညီလာခံပထမနေ့တွင်(BNI) မှ Executive Director ဒေါ်နန်းဖော့ဂေက အစိုးရနှင့် သတင်းမီဒီယာလုပ်ငန်း စိန်ခေါ်မှု၊ တိုင်းရင်းမီဒီယာရေးရာ ကိစ္စရပ်များ ရေရှည်ခိုင်မြဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုင်းရင်းသားတို့ သိရှိနိုင်ရန် အလေးထားဆောင်ရွက်ရေးတို့နှင့် (BNI) Board of Director မှ ဦးနိုင်ကဆော့မွန်က မီဒီယာတင်ပြမှုနှင့် စတုတ္ထမဏ္ဍိုင်အခန်းကဏ္ဍတို့တွင် နယ်စွန်နယ်ဖျားရှိ တိုင်းရင်းသားများ သိရှိနိုင်စေရေး၊ အစိုးရအပြောင်းအလဲတွင် သတင်းရယူရေး၊ လွတ်လပ်မှုတမှုတို့ကို တင်ပြဆွေးနွေးသွားရေးနှင့် တိုင်းရင်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှလှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက တိုင်းရင်းမီဒီယာညီလာခံသို့ ပေးအပ်သည်။

ဆက်လက်၍ ညီလာခံဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပရာ သတင်းမီဒီယာအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။ ယနေ့ညီလာခံတွင် ရခိုင်ယဉ်ကျေးမှုအမွေအနှစ်များ၏ အခြေအနေနှင့် စိန်ခေါ်မှုများ ခေါင်းစဉ်နှင့်စပ်လျဉ်း၍ မြောက်ဦးမြို့ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှုအသင်း ဥက္ကဋ္ဌ ဒေါ်ခင်သန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနပြတိုက် အတိုင်ပင် ခံပညာရှင် ဒေါ်နုမြဇံ၊ မြောက်ဦးမြို့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှု ဒုတိယဥက္ကဋ္ဌ ဦးသန်းမြင့်၊ မြန်မာမီဒီယာရှေ့နေ ကွန်ရက်ဥက္ကဋ္ဌ ဦးအောင် စိုးဦးနှင့်နိရဉ္စရာ အယ်ဒီတာချုပ် ဦးခိုင်မြတ်ကျော်တို့က ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ခေါင်းစဉ်ကို မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီ ဒုတိယဥက္ကဋ္ဌ နိုင်ချမ်းတွဲ့၊ ဒေါက်တာအင်ဒရူး (Myanmar Peace Centre)၊ ABSDF မှ ရဲဘော်သံခဲ၊ ရခိုင်အမျိုးသမီးအစည်းအရုံး (ALP)မှ ဒေါ်စောမြရာဇာလင်း၊ BNI မှ (Board of Director) မှ ဦးနိုင်ကဆော့မွန်တို့က ဦးဆောင်ဆွေးနွေးကြသည်။

ယင်းနောက် ရခိုင်ဒေသသယံဇာတများ ခွဲဝေသုံးစွဲရေးနှင့် ပတ်သက်ပြီး ဦးဝင်းအောင်(AGRAM)၊ ဦးမင်းဇာနည် (Myanmar Development Resource)၊ ဦးအောင်မင်းဦး (ရခိုင်လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့)၊ ဒေါ်မွန်မွန်မြတ်တို့က ဆွေးနွေးကြသည်။

ညီလာခံဒုတိယနေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပြီး တတိယမြောက်နေ့ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး စုပေါင်းသွေးလှူဒါန်းမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၏ (၁၅)ကြိမ်မြောက် နှစ်သစ်အကြို စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီ ၂ ရက် နံနက် ၈ နာရီတွင် အဆိုပါဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ပြီး သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန်ရည်မှန်း၍ စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လာရောက်လက်ခံကြမည်ဖြစ်သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ပါဝင် လှူဒါန်းလိုသူများအနေဖြင့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း- ၇၃-၀၀၆၄၄၆၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း- ၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း- ၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း- ၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ လူကိုယ်တိုင်သို့မဟုတ် ဖုန်းဖြင့် မတ် ၃၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

V

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၁.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၀.၁၄ |
| ထိုင်း | တစ်ဘတ် | ၃၄.၅၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၀၅၇ |
| တရုတ် | တစ်ယွမ် | ၁၈၇.၁၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၈၅ |

ခင်ရတနာ-စုစည်းသည်။

၅-၂-၂၀၁၆ မှ ၁၂-၂-၂၀၁၆ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၄၀၆ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၃၆၇ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် အဖွဲ့ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သို့ ရောက်ရှိ



**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၄**

အမေရိကန်-အာဆီယံခေါင်းဆောင်များထိပ်သီးအစည်းအဝေးသို့တက်ရောက်မည့် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက စင်ကာပူနိုင်ငံမှ စင်ကာပူလေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွဋ်၊ ကောင်စစ်ဝန်ချုပ်နှင့် သံရုံးမိသားစုများက လော့စ်အိန်ဂျလိစ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လော့စ်အိန်ဂျလိစ်မြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် မွန်းလွဲ ၄ နာရီ ၁၀ မိနစ်တွင် အမေရိကန်-အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကျင်းပမည့် Rancho Mirage မြို့ရှိ ခေတ္တတည်းခိုမည့် Westin Mission Hills ဟိုတယ်သို့ရောက်ရှိသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲလွန်ကာလ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး




**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအကြား ရွေးကောက်ပွဲလွန်ကာလ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင်ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲအရာရှိများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ခြင်းမှာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ကြိုးစားဆောင်ရွက်မှုကြောင့်ဖြစ်ပြီး လွတ်လပ်ပွင့်လင်းမှုရှိသဖြင့် နိုင်ငံတကာကလည်း အသိအမှတ်ပြုချီးကျူးခံရကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရန် ၂၀၁၃ ခုနှစ်မှစ၍ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲခဲ့ပြီး ကဏ္ဍများအလိုက် သတ်မှတ်ကာလများတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ငါးနှစ်တစ်ကြိမ် ကျင်းပသည့်ရွေးကောက်ပွဲများကို လွတ်လပ်တရားမျှတပြီး တည်ငြိမ်အေးချမ်းစွာကျင်းပပေးနိုင်မှသာ လူထု၏ဆန္ဒနှင့်အညီ အစိုးရကို တည်ငြိမ်အေးချမ်းစွာ ဖြစ်ပေါ်ပြောင်းလဲစေမည် ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ရွေးကောက်ပွဲအတွေ့အကြုံ ဗဟုသုတပိုင်း အားနည်းမှုများရှိခဲ့၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အားနည်းချက်များ ရှိနိုင်ကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများကို ပိုမိုပြည့်စုံကောင်းမွန်သည့် ရွေးကောက်ပွဲများဖြစ်စေရန် အားနည်းချက်များကို မည်သို့ပြင်ဆင်ဆောင်ရွက်သင့်သည်ကို ပြန်လည်သုံးသပ်အကြံပြုကြရန်လိုကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် သုံးသပ်အကြံပြုချက်များကို ရွေးကောက်ပွဲကော်မရှင်အသစ်သို့ လွှဲပြောင်းရာတွင် အကြံပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရွေးကောက်ပွဲဆိုင်ရာပစ္စည်းများ ပို့ဆောင်ခြင်း၊ ထိန်းသိမ်းထားသိုခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ ရလဒ်များ ထုတ်ပြန်ခြင်းနှင့် အထောက်အကူပြုသင်တန်းများပေးခြင်း၊ ကြိုတင်မဲပေးခြင်းဆိုင်ရာလုပ်ငန်းများ၊ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ အသုံးပြုခြင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ ဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှု၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းခြင်း၊ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ ဆောင်ရွက်ချက်များ၊ ဥပဒေရေးရာမူဘောင်၊ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အားလုံးပါဝင်ဆောင်ရွက်မှု မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ တက်ရောက်လာသူများက သုံးသပ်အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်အား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် လက်ရှိအမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်ဂျေမစ်ချဲလ်၏နေရာတွင် မစ္စတာ စကော့အလန်မာရှယ်အားခန့်အပ်ရန် အမေရိကန်အစိုးရက အဆိုပြုလာခြင်းကို သဘောတူညီပြီးဖြစ်သည်။

မစ္စတာ စကော့အလန်မာရှယ်သည် ၁၉၈၅ ခုနှစ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်အမှုထမ်းခဲ့ပြီး ဖိလစ်ပိုင်၊ ဘရာဇီး၊ ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်နှင့် တူရကီနိုင်ငံတို့ရှိ အမေရိကန်သံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ဝါရှင်တန်မြို့ရှိ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အာရှနှင့်ပစိဖိတ်ရေးရာဗျူရိုတွင် ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံရေးရာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အထိ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ စကော့အလန်မာရှယ်သည် ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ယနေ့အထိ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဗျူရိုတွင် အကြီးတန်းဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ စကော့အလန်မာရှယ်သည် အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ပေါ်တူဂီဘာသာစကားတို့ကို တတ်ကျွမ်းသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးနှစ်ဦးထွန်းကားသည်။ **(သတင်းစဉ်)**

# မြန်မာ့လက်မှုအနုပညာပြပွဲနှင့် လက်မှုပစ္စည်းအရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ဗြိတိသျှကောင်စီမြန်မာ၊ SDC (Swiss Agency for Development and Cooperation )နှင့် New Zero Art Space တို့ ပူးပေါင်းကျင်းပသည့် လက်မှုမှသည် အနုပညာဆီသို့ မြန်မာ့လက်မှုအနုပညာပြပွဲနှင့် လက်မှုပစ္စည်းအရောင်းပွဲတော်ကို ရန်ကုန်မြို့ ကန်တော်ကြီး အပန်းဖြေဥယျာဉ်အတွင်းရှိ ကရဝိက်ဥယျာဉ်၌ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၁ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီ မှ ည ၉ နာရီအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပင်မပြခန်းတစ်ခုနှင့် နယ်ပယ်အသီးသီးမှ လက်မှုပညာရှင်များ၏ ဆိုင်ခန်းများ၊ ရန်ကုန်မြို့ရှိ အခြားလက်မှုဆိုင်ရာအဖွဲ့အစည်းများ ၊ အရောင်းဆိုင်များ၊ ပညာရှင်များလာရောက်ပြသမည်ဖြစ်ကာ ဆိုင်ခန်း ၅၀ ကျော် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် လက်မှုပညာကို ချစ်မြတ်နိုး၍ စိတ်ပါဝင်စားကြသူတိုင်း လာရောက်ကြည့်ရှုနိုင်ကြောင်းနှင့် လွတ်လပ်စွာ မေးမြန်းဆွေးနွေးနိုင်ကြောင်း သိရသည်။ **မွန်းဦးနဒီ**

# ဝန်ထမ်းများအရည်အသွေးတိုးမြှင့်ရေး သင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က အမျိုးသား အမျိုးသမီးဝန်ထမ်း ၅၇ ဦးတို့၏ ဘဏ္ဍာရေးစည်းမျဉ်းအထူးသင်တန်း အမှတ်စဉ်(၂၇) နှင့် အမျိုးသား အမျိုးသမီးဝန်ထမ်း ၂၈ ဦးတို့၏ ပစ္စည်းထိန်းသင်တန်းအမှတ်စဉ် (၄) သင်တန်းများဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန်ကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာမင်းသန့် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်မည် ဖြစ်သည်။ **(သတင်းစဉ်)**

# မီးဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**ထားဝယ် ဖေဖော်ဝါရီ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာ ကမ်းခြေ၌ ဖေဖော်ဝါရီ ၈ ရက်ကဖြစ်ပွားခဲ့သော မီးဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်ပစ္စည်းများကို ဖေဖော်ဝါရီ ၁၄ ရက်က အကြီးတန်းမှူးခင်းသတင်းထောက် ဦးခင်မောင်ကြီး၏စီစဉ်မှုဖြင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြို့နယ်သတင်းစာဆရာအသင်း(ယာယီ) မှ တာဝန်ရှိသူများ ထားဝယ်စစ်မှုထမ်းဟောင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးနိုင်တို့သည် မောင်းမကန်ကမ်းခြေရှိ မီးဘေးသင့်ပြည်သူများအား ကြက်သားခေါက်ဆွဲမားမားထုပ် ၃၆၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရုရှား S- 300 ဒုံးကျည်ကာကွယ်ရေးစနစ်များ အီရန်သို့ မကြာမီပို့ဆောင်မည်



၂၀၀၉ ခုနှစ် မေလက မော်စကို၌တွေ့ရသော အက်စ် - ၃၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်အား တွေ့ရစဉ်။

**မော်စကို ဖေဖော်ဝါရီ ၁၅**

ရုရှားသည် S-300 လေကြောင်းကာကွယ်ရေး ဒုံးကျည်စနစ်များကို အီရန်သို့ အမြန်ဆုံးပို့ဆောင်တော့မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက တနင်္လာနေ့တွင် ပြောကြားချက်ကို အာအိုင်အေသတင်းဌာနက ကိုးကားဖော်ပြခဲ့သည်။ အီရန်နိုင်ငံ အနေဖြင့် နည်းပညာအဆင့်မြင့်တင်ထားသည့် S-400 ဒုံးကျည်ဝယ်ယူမှုများကို စိတ်ဝင်တစားရှိနေသော်လည်း လတ်တလောတွင် ထိုကိစ္စရပ်နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေခြင်း မရှိသေးကြောင်း အာအိုင်အေက ပြောကြားသည်။ **(ရိုက်တာ)**

# မင့်ခ်သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ချိန်ကတည်းက ဖြစ်ပွားနေသော ယူကရိန်းပဋိပက္ခ တစ်နှစ်ပြည့်ပြီ

**ကိယက်ဗ် ဖေဖော်ဝါရီ ၁၅**

ယူကရိန်းအစိုးရတပ်ဖွဲ့များနှင့် ရုရှားထောက်ခံသည့် ခွဲထွက်ရေးအုပ်စုများ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်မှာ တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အရှေ့ဘက်ရှိ ရုရှားထောက်ခံသည့် ခွဲထွက်ရေးသမားများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန်နှင့် ရုရှားနှင့်ထိစပ်နေသောနယ်စပ်ဒေသ ထိန်းချုပ်ခွင့်များကို ကိယက်ဗ်အစိုးရကို လွှဲပြောင်းပေးရန် ယူကရိန်း၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရန် ၎င်းတို့က သဘောတူညီခဲ့ကြသည်။

အုပ်စုနှစ်စုသည် လွန်ခဲ့သောနှစ်ကုန်ပိုင်းက တိုက်ခိုက်မှုများကို ရပ်နားကာ ငြိမ်းချမ်းမှုရရှိခဲ့သည်။ သို့သော်လည်း နိုင်ငံအရှေ့ဘက်တွင် မကြာခဏ တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရပြီး လွန်ခဲ့သော ရက်သတ္တပတ်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် စစ်သည်ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၁၄ ခုနှစ်ကတည်းက ဖြစ်ပွားခဲ့သော အပြန်အလှန်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၉၀၀၀ ကျော်သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့က ခန့်မှန်းထားခဲ့သည်။ ရုရှား၊ ယူကရိန်း၊ ဂျာမနီနှင့်ပြင်သစ်နိုင်ငံတို့မှ ခေါင်းဆောင်များသည် လွန်ခဲ့သောနှစ်ကုန်ပိုင်းက အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ယခုနှစ် အချိန်ကာလတစ်ခုအထိ တိုးမြှင့်ရန်သဘောတူခဲ့ကြသည်။ ယူကရိန်းနိုင်ငံတွင်ဖြစ်ပေါ်နေသော မျိုးချစ်စိတ်အရင်းခံ နိုင်ငံရေးလှုပ်ရှားမှုများက ရုရှားထောက်ခံခွဲထွက်ရေးသမားများနှင့် အစိုးရကြား နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းမှုကို အခက်တွေ့စေသည်။ ရုရှားထောက်ခံခွဲထွက်ရေးသမားများ၏ထိန်းချုပ်ရာဒေသများအပေါ် ရုရှား၏ ဘဏ္ဍာငွေထိန်းချုပ်မှုများကလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# တောင်ကိုရီးယားတပ်မတော် ရဟတ်ယာဉ်ပျက်ကျ သုံးဦးသေဆုံး



တောင်ကိုရီးယား တပ်မတော်ရဟတ်ယာဉ် ပျက်ကျနေသည်ကို တွေ့ရစဉ်။

**ဆိုးလ် ဖေဖော်ဝါရီ ၁၅**

တောင်ကိုရီးယားတပ်မတော် ရဟတ်ယာဉ်တစ်စင်းသည် တနင်္လာနေ့ နံနက်က လေကြောင်းစမ်းသပ်ပျံသန်းမှု ပြုလုပ်နေစဉ်အတွင်း မတော်တဆပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူ အမှုထမ်းလေးဦးတို့ ဒဏ်ရာပြင်းထန်စွာ ရရှိပြီးနောက်တွင် သုံးဦးမှာဆေးရုံသို့ အရောက်သေဆုံးသွားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ အာဏာပိုင်များက ပြောကြားခဲ့သည်။

Bell UH-1H Iroquois ရဟတ်ယာဉ်သည် ဆိုးလ်မှ ၁၁၀ကီလိုမီတာ (၆၈မိုင်)အကွာ ချန်ချီအွန် အရှေ့ပိုင်းမြို့တွင် နံနက် ၁၀ နာရီအချိန်ခန့်က ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပျက်ကျရခြင်း အကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ရိုက်တာ)**

# ဆီးရီးယားသူပုန်များကို လေကြောင်းမှ ပုံးကြဲနေမှု ရပ်တန့်ရမည်ဖြစ်ကြောင်း ရုရှားကို အမေရိကန် သမ္မတ တိုက်တွန်း

**ဘေရွတ် ဖေဖော်ဝါရီ ၁၅**

မဟာမိတ်သမ္မတ ဘာရှာ အယ်လ်အာဆတ်ကို ထောက်ခံလျက် ဆီးရီးယားနိုင်ငံအတွင်း သူပုန်များကို အလွန်အကျွံဗုံးကြဲချနေခြင်းကို ရပ်တန့်ပေးရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ရုရှားအား တနင်္ဂနွေနေ့တွင် တိုက်တွန်းလိုက်သည်။

အင်အားကြီး နိုင်ငံများက ဆီးရီးယားနိုင်ငံအတွင်း အကန့်အသတ်ဖြင့် အပစ်အခတ် ရပ်စဲရန် သောကြာနေ့က သဘောတူညီလိုက်ပြီဖြစ်သော်လည်း ယင်းစာချုပ်မှာ ယခုသီတင်းပတ်ကုန်အထိ အသက်မဝင်ဘဲရှိနေသည်။

ယင်းစာချုပ်အပေါ် စစ်ပွဲတွင်ပါဝင်သော မည်သည့်အဖွဲ့များကမျှ လက်မှတ်ရေးထိုးထားခြင်းမရှိသေးဟု ဆိုသည်။ ဒမတ်စကတ်အစိုးရနှင့် များပြားသော သူပုန်အဖွဲ့များတိုက်ပွဲများ ဖြစ်ပွားနေဆဲဖြစ်သည်။

သူပုန်အုပ်စုများကို ရုရှားက တိုက်ရိုက်ဗုံးကြဲတိုက်ခိုက်နေမှုများသည် အလက်ပိုတိုက်ပွဲတွင် ကြီးမားသော အောင်ပွဲဖြစ်လာနိုင်သည့် ဆီးရီးယားအစိုးရတပ်များကို ကူညီပေးနေခြင်းသာဖြစ်သည်။ အဆိုပါမြို့မှာစစ်မဖြစ်မီက နိုင်ငံတွင် အကြီးဆုံးစီးပွားရေးမြို့တော်ကြီး ဖြစ်ခဲ့သည်။ မြူးနစ်မြို့၌ ချုပ်ဆိုသော စာချုပ်အရ ငါးနှစ်ကြာစစ်ပွဲဖြစ်ပွားခဲ့ပြီး လူပေါင်း ၂၅၀၀၀၀ သေဆုံးခဲ့ရသည့် စစ်ပွဲကို အမြန်ဆုံး အဆုံးသတ်သွားရန်ဖြစ်သည်ဟု ဆိုသည်။

မြူးနစ်သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် ပူးပေါင်းဆောင်ရွက်ရေး သမ္မတပူတင်နှင့် အိုဘားမားတို့ ဖုန်းဆက်သဘောတူခဲ့ကြောင်း ကရင်မလင်က ပြောသည်။ **(ရိုက်တာ)**




ဖေဖော်ဝါရီ ၁၃ ရက်က ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပသော မြူးနစ်လုံခြုံရေးအစည်းအဝေးတွင် ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်ဗ်က ပရိသတ်များ၏ မေးမြန်းချက်များကို ဖြေကြားနေစဉ်။

# အာဖဂန်အရပ်သားများ သေဆုံးမှုစံချိန်တင်မြင့်တက်

**ကာဘူးလ် ဖေဖော်ဝါရီ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း နိုင်ငံတကာတပ်များ ရုပ်သိမ်းသွားပြီးနောက် နိုင်ငံတစ်ဝန်းအကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိရာ ၂၀၁၅ ခုနှစ်အတွင်း အရပ်သားများသေဆုံးမှု စံချိန်တင်မြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂက တနင်္ဂနွေနေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် နှစ်အတွင်း အကြမ်းဖက်မှုကြောင့် တိုက်ခိုက်ရေးသမားမဟုတ်သူ အနည်းဆုံး ၃၅၄၅ ဦး သေဆုံးခဲ့ပြီး ၇၄၅၇ ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းမှာ ယမန်နှစ်ကထက် ၄ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း ကုလသမဂ္ဂက အရပ်သားများ သေဆုံးမှုဆိုင်ရာ အစီရင်ခံစာတစ်ရပ်ထုတ်ပြန်ကြေညာပေးခဲ့သည်။

အရပ်သားအများအပြား သေဆုံးနေသည်မှာ လက်မခံနိုင်စရာဖြစ်ကြောင်း အာဖဂန်ရှိကုလသမဂ္ဂ အကူအညီပေးရေး မစ်ရှင်အကြီးအကဲ နီကိုဟေဆွန်က ပြောသည်။

အနောက်အုပ်စုကျောထောက်နောက်ခံတပ်များနှင့် အကြမ်းဖက်အုပ်စုများအကြား တိုက်ခိုက်မှုများဖြစ်ပွားနေခြင်းကြောင့် တိုက်ခိုက်ရေးသမားမဟုတ်သူများ သေဆုံးနေရသည်ဟု ၎င်းကပြောသည်။ စက်တင်ဘာလ နှောင်းပိုင်းက တာလီဘန်လက်သို့ ကျရောက်ခဲ့သော ကွန်ဒုဇ်မြို့မြောက်ပိုင်းတိုက်ပွဲနှင့် မြို့တော်ကာဘူးလ်၌ အသေခံဗုံးခွဲမှုများကြောင့် အရပ်သားများသေဆုံးမှု သိသိသာသာမြင့်တက်ခဲ့ရသည်ဟုဆိုသည်။ **(ရိုက်တာ)**

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက လားရှိုးမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့်ထွက်ခွာရာ လောက်ကိုင်မြို့သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၌ ကိုးကန့်ဒေသဦးစီးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် ဒေသကွပ်ကဲရေးမှူးမှ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အချက်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဒုတိယဝန်ကြီးများက ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများအား ရှင်းလင်းဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကိုးကန့်ဒေသသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်သော နယ်မြေဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဟန်ချက်ညီညီဆောင်ရွက်နေစဉ်အတွင်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်က ကိုးကန့်သောင်းကျန်းသူအဖွဲ့သည် မမျှော်လင့်ဘဲ အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ခဲ့မှုကြောင့် ဒေသမတည်မငြိမ်ဖြစ်ခဲ့ရကြောင်း၊ ဒေသတွင်း ကိုးလကြာ တည်ငြိမ်မှုမရှိသဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး တည်ငြိမ်မှုရရှိရေး ဆောင်ရွက်ခဲ့ရာတွင် တပ်မတော်သားများ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရကာ ဒေသခံပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသဦးစီးအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုသည် အဓိကကဏ္ဍတွင်ပါဝင်နေကြောင်း၊ ဒေသတည်ငြိမ်မှုရရှိလာသည်နှင့်အမျှ နယ်စပ်လူဝင်၊ လူထွက်များနှင့် စစ်ဘေးရှောင်ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်လာမှုများကို လူဝင်မှုကြီးကြပ်ရေးမှ စနစ်တကျစိစစ်ပြီး အုပ်ချုပ်ရေးတာဝန်ရှိသူများက ယာယီနေရာချထားပေးခြင်း၊ အမြဲနေထိုင်နိုင်မည့်နေရာများ စီစဉ်ပေးခြင်းတို့ကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း။



လောက်ကိုင်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေသီလရှင်ကျောင်း တည်ဆောက်မှုလုပ်ငန်းခွင်အား တွေ့ရစဉ်။ (သတင်းစဉ်)

မိမိတို့ ကော်မတီအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးသည်မှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်နေပြီဖြစ်ကြောင်း၊ မူလအနေအထားရောက်ရှိစေရေးအတွက် ဒေသဦးစီးအဖွဲ့နှင့် ဒေသကွပ်ကဲမှုအဖွဲ့များ ပူးပေါင်းမှုဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကိုးကန့်ဒေသသည် ပြည်ထောင်စု၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကိုးကန့်တိုင်းရင်းသားများသာမက တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တစ်စုတစ်စည်းတည်း နေထိုင်ကြသည်ဖြစ်ရာ ဒေသတည်ငြိမ်မှုကို အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှုမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးနိုင်သည်ကို အစဉ် စွဲမြဲမှတ်ယူလျက် အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် လောက်ကိုင်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေ သီလရှင်ကျောင်း တည်ဆောက်မှု လုပ်ငန်းခွင်နှင့် လောက်ကိုင်မြို့တွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# နမ့်ဆန်မြို့၌ ဆောက်လုပ်မည့်အိမ်ပုံစံများကို မီးဘေးသင့်ပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် စားသောက်ဖွယ်ရာပစ္စည်းများအား အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများက လှူဒါန်းလျက်ရှိသည့်အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မီးလောင်ပြင်ရှင်းလင်းရေး လုပ်ငန်းများကိုလည်း စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများက တစ်တပ်တစ်အား စုပေါင်းပါဝင်လုပ်အားပေးလျက်ရှိသည်။

ထို့ပြင် မီးဘေးသင့်သည့်ရပ်ကွက်များအတွက် ဦးစားပေးအဖြစ် Town Plan ကို စနစ်တကျရေးဆွဲနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တိုင်းတာရေးအဖွဲ့များ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မီးလောင်မှုသင်ခန်းစာများအရ အနာဂတ်တွင် မီးဘေးအန္တရာယ် ကာကွယ်နိုင်ရန်အတွက် မီးသတ်ကားဝင်ထွက်လမ်းများ၊ မီးသတ်ရေကန်များနှင့် ရေပိုက်လိုင်းများကိုလည်း ထည့်သွင်းတွက်ချက် ရေးဆွဲသွားမည်ဖြစ်ပြီး မြေနေရာသစ်များကိုလည်း ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်ရေး ပစ္စည်းများလည်း လှူဒါန်းလျက်ရှိကြရာ ယင်းအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ဆောက်လုပ်မည့်အိမ်ပုံစံများကို မီးဘေးသင့်ပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်မှ စနစ်တကျထောက်ပံ့ဆောင်ရွက်ပေးမှုကို မီးဘေးသင့်ပြည်သူများကလည်း လိုလားလျက်ရှိကြောင်း၊ နမ့်ဆန်မြို့သည် တောင်ပေါ်ဒေသမြို့ဖြစ်၍ လတ်တလောတွင် သောက်သုံးရေလုံလောက်မှုရှိသော်လည်း ရေရှည်တွင် နမ့်ကျိုးချောင်းမှ ရေတင်ပြီး အရန်ရေသိုလှောင်ထားနိုင်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပွင့်လင်းရာသီအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိရာ နမ့်ဆန်မြို့ရှိ မီးလောင်ကျွမ်းမှုတွင် မပါဝင်သော ဌာနဆိုင်ရာအဆောက်အအုံနှင့် နေအိမ်များအားလုံးတွင် လျှပ်စစ်မီးပြန်လည်ရရှိနေပြီဖြစ်သကဲ့သို့ တစ်မြို့လုံးကိုလည်း ဖေဖော်ဝါရီ ၇ ရက်မှစ၍ သောက်သုံးရေ ပြန်လည်ဖြန့်ဝေပေးနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

အင်းစိန်မြို့နယ်စော်ဘွားကြီးကုန်း ထန်းပင်ကုန်း သဇင်လမ်း၌ ဖေဖော်ဝါရီ ၁၄ ရက် ည ၈ နာရီကျော်က မီးဘေးသင့်အိမ်ခြေခြောက်လုံးမှ အိမ်ထောင်စု ၁၀ စု လူဦးရေ ၃၄ ဦးအတွက် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ပစ္စည်း ၂၂ မျိုးပါ Family Kit အိတ် ၁၀ အိတ်၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ စားသုံးဆီတို့ကို ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးကြည်သာက ယနေ့ နံနက်တွင် အင်းစိန်အနန္တဂုဏ်ရည်ဘုန်းတော်ကြီးကျောင်းရှိ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဓာတ်ပုံပညာသင်တန်းဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဆောင်ရွက်သော အောက်မြန်မာပြည်ဓာတ်ပုံပညာသင်တန်း(၁/၂၀၁၆)ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး သင်တန်းကျောင်းခန်းမ၌ ယနေ့ နံနက် ၉ နာရီက ဖွင့်လှစ်သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အောက်မြန်မာပြည်ရှိ ဓာတ်ပုံကျွမ်းကျင်(၂) ဝန်ထမ်းများ ဓာတ်ပုံပညာ ပိုမိုကျွမ်းကျင်စေရန်နှင့် ခေတ်မီတိုးတက်သော ဒစ်ဂျစ်တယ်ဓာတ်ပုံပညာဘာသာရပ်များကို လက်တွေ့နယ်ပယ်တွင် ပီပြင်စွာကိုင်တွယ်အသုံးချတတ်စေရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်သည်။ အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး ပြန်/ဆက် ဓာတ်ပုံကျွမ်းကျင်(၂) ဝန်ထမ်းသင်တန်းသား ၂၅ ဦးတက်ရောက်ကာ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံသင်တန်းဆရာများက စာတွေ့၊ လက်တွေ့ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသန့်(အင်းစိန်)**

# နမ့်ဆန်မြို့ မီးဘေးသင့်အိမ်ထောင်စုများအတွက် အလှူငွေများ ထောက်ပံ့ပေးအပ်

**နမ့်ဆန် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူများအတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အလှူငွေများကို ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့တွင် ငွေသားအလှူရှင်များ ဖြစ်ကြသော ရေနံ့သာဘာဝဓာတ်ငွေ့ပိုက်လိုင်း




တည်ဆောက်ရေးလုပ်ငန်း ပလိပ်တမာပိုးသတ်ဆေးစက်ရုံမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၁၀ ကို မန်နေးဂျင်းဒါရိုက်တာ ဦးအိုက်ချစ်ကလည်းကောင်း၊ ကောင်းဟိန်းကျော်ကုမ္ပဏီလီမိတက်က လှူဒါန်းသော ငွေကျပ် သိန်း ၂၀ ကို အုပ်ချုပ်မှုမန်နေဂျာ ဦးအောင်ဝင်းနှင့် ရွှေလီခရိုင် လုံတောက်စီးပွားရေးလုပ်ငန်းအဖွဲ့ကလှူဒါန်းသော ငွေကျပ် ၁၅၃၀၀၀၀ ကို ဒါရိုက်တာ ဦးအောင်သန်းဝင်းနှင့် ကုမ္ပဏီဝန်ထမ်းများက မြို့မဂိုဏ်းချုပ်ဆရာတော်ထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တောင်ကုတ်မြို့နယ် ဇီးကွင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်း

**တောင်ကုတ် ဖေဖော်ဝါရီ ၁၅**

တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေအဖြစ် ဆောင်ရွက်သည့် ဇီးကွင်းကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးလှကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမော်၊ တက်ဘုန်းရောင်တိုးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ရေတိုင်ကီများကို ဖွင့်ပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် ပါကစ္စတန်အထက်လွှတ်တော်ဥက္ကဋ္ဌတို့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူး Ms.Renata Lok-Dessallien အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ဧည့်ခန်းမဆောင်၌လည်းကောင်း**(ဓါတ်ပုံ)**၊ ပါကစ္စတန်အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Mian Raza Rabbani အား မွန်းလွဲ ၁ နာရီခွဲတွင် အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌လည်းကောင်း လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပါကစ္စတန်အထက်လွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပါကစ္စတန်အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Mian Raza Rabbani ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ခိုင်မာရေး၊ နှစ်နိုင်ငံလွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# လီဆူရိုးရာ ခေါ့ရှိ နှစ်သစ်ကူးပွဲတော်ကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅**

ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ လီဆူရိုးရာ ခေါ့ရှိနှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ ရွှေပြည်သာကွက်သစ်ရှိ လီဆူရိုးရာကွင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးဇေယျာအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်၊ ပြည်နယ်ဝန်ကြီးများ၊ လီဆူရိုးရာ ခေါ့ရှိ နှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များ၊ လီဆူစာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီဝင်များ၊ လီဆူရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ လီဆူရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လီဆူလူမျိုးများ စည်းလုံးညီညွတ်စွာဖြင့် မိမိတို့ရိုးရာယဉ်ကျေးမှု ဖော်ထုတ်နေကြသည်ကို တွေ့ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံသားတိုင်းသည် နိုင်ငံတော်၏ ဥပဒေဘောင်အတွင်း၌ စည်းလုံးညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်းတို့ဖြင့် ရိုးရာယဉ်ကျေးမှုထုံးဓလေ့ကောင်းများကို ဖော်ထုတ်မြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း၊ သွေးချင်းညီအစ်ကို တိုင်းရင်းသားများအနေဖြင့် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်သွားကြရမည်ဖြစ်ကြောင်း၊ ကျယ်ပြန့်သည့်အမြင်၊ စည်းလုံးသည့် စိတ်ဓာတ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းသည်သာ စစ်မှန်သည့် အင်အားဖြစ်ပါကြောင်း။

ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းများဖော်ထုတ်ခြင်းနှင့်အတူ မိမိတို့ စာပေနှင့် ယဉ်ကျေးမှုထုံးဓလေ့ကောင်းများကိုလည်း ထိန်းသိမ်းသွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယခုနှစ်သစ်ကူးပွဲတော်ကြီးမှရရှိသည့် ညီညွတ်မှုခွန်အားနှင့် လုပ်ငန်းအတွေ့အကြုံကောင်းများကို နမူနာရယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လီဆူတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်သည် တန်ဖိုးမဖြတ်နိုင်သည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခု ဖြစ်ပါကြောင်း၊ တိုင်းရင်းသား လူမျိုးများ၏ ယဉ်ကျေးမှုများကို အပြန်အလှန်လေးစားတန်ဖိုးထားခြင်းဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ခင်ရင်းနှီးမှုကို ပိုမိုခိုင်မြဲအောင်တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း၊ လီဆူရိုးရာနှစ်သစ်ကူးပွဲတော်ကို အောင်မြင်စွာကျင်းပခြင်းဖြင့် နိုင်ငံဂုဏ်ကိုမြှင့်တင်နိုင်ကြပါစေကြောင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌနှင့် လီဆူရိုးရာခေါ့ရှိ နှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌတို့က နှစ်သစ်ကူးနှုတ်ခွန်းဆက် စကားများပြောကြားကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် နှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က လီဆူကွာချဲ ချဲငေါ်ကကွင်း မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းကွာချဲအကအား ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် လီဆူရိုးရာ ဓားလှေကားတက်ခြင်းကို အားပေးကြည့်ရှုကြပြီး နှစ်သစ်ကူးပွဲတော်ကွင်းအတွင်း ခင်းကျင်းပြသထားသည့် ရိုးရာယဉ်ကျေးမှုပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅** - ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် နှစ်ပတ်လည် အတန်းလိုက်ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်ကရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အားကစားကွင်း၌ကျင်းပခဲ့သည်။ အခမ်းအနားသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမျိုးကြွယ်၊ ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာနန်းဆိုင်ဟွမ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်အားပေးခဲ့ကြသည်။

ထို့နောက် ပြေးခုန်ပစ်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ပြိုင်ပွဲဝင်တစ်ဦးချင်းစီကို ဆုများချီးမြှင့်ပြီး စတုတ္ထနှစ်မှ အမျိုးသားအကောင်းဆုံးအားကစားသမားဆု၊ ဒုတိယနှစ်မှ အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော စတုတ္ထနှစ်အသင်းတို့အား ပါမောက္ခချုပ်က ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **မေမိုးသဲ**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ဆိုင်ရာလုပ်ငန်းများရှင်းလင်းခြင်းအစီအစဉ် ဖွင့်ပွဲကျင်းပ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ပြောကြားစဉ်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြောကြားစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းခြင်း အစီအစဉ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ လွှတ်တော် ဒုတိယ ဥက္ကဋ္ဌများနှင့် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် ၄၆၅ ဦး၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)၊ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) တို့မှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများနှင့် ပါလီမန်များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု လွှတ်တော်နာယကက အဖွင့်အမှာစကားပြောကြားရာတွင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်းအစီအစဉ်နှင့် ၎င်းအစီအစဉ်များနောက်တွင် ဆက်လက်ဆောင်ရွက်သွားမည့် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များသည် ဒီမိုကရေစီစနစ်တည်ဆောက်ရေး လုပ်ငန်းစဉ်အတွက် အားဖြည့်ကူညီမှုများဖြစ်ကြောင်း၊ ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ကိုယ်စားပြုခြင်းအစီအစဉ်များ ပါဝင်ပြီး ကိုယ်စားလှယ်တစ်ဦးအနေဖြင့် မည်သို့အောင်မြင်စွာ ထိတွေ့ဆောင်ရွက်ရမည်ကို ဆွေးနွေးနိုင်မည်ဖြစ်ကြောင်းနှင့် လွှတ်တော်ကို ထောက်ပံ့ကူညီကြသော UNDP၊ IPU နှင့် အခြား မိတ်ဖက်အဖွဲ့အစည်းများ အားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယခုအစီအစဉ်မှ ဥပဒေပြုရန် လိုအပ်ပုံနှင့် ဥပဒေ၏ အကျိုးသက်ရောက်မှုများ၊ ဥပဒေ၏ ရည်ရွယ်ချက်အောင်မြင်ရန်အကြောင်းရင်းများစသည့် ဥပဒေပြုရေးနှင့် သက်ဆိုင်သည့် သဘောတရားများကို ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ကိုယ်စားလှယ်များအနေဖြင့် စည်းစည်းလုံးလုံး တက်တက်ကြွကြွပါဝင် ဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်ဆိုသည်မှာ ကိုယ်စားလှယ်တစ်ဦးချင်း၊ တစ်ဦးချင်းကိုယ့်အတွက် အသုံးချရန်မဟုတ်ကြောင်း၊ ရာထူးနေရာရရန်အတွက်လည်း မဟုတ်ကြောင်းနှင့် ကိုယ်စားလှယ်အားလုံးက နိုင်ငံနှင့်ပြည်သူအကျိုးအတွက် အတတ်နိုင်ဆုံး ကြိုးစားရမည့် နေရာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့်လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renata Lok-Dessallien နှင့် ပါကစ္စတန် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Mian Raza Rabbani တို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က အစီအစဉ်အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး ပါဝင်ဆွေးနွေးကြမည့် နိုင်ငံတကာ ပါလီမန်များမှ ကျွမ်းကျင်ပညာရှင်များကို မိတ်ဆက်ပေးသည်။

ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ အတွက် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းခြင်းအစီအစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ ၎င်းအစီအစဉ်၌ ရှင်းလင်းဆွေးနွေးမည့် လွှတ်တော်လုပ်ငန်းဆိုင်ရာ ဘာသာရပ်များတွင် ဒီမိုကရေစီနှင့် လူထုခေါင်းဆောင်ပြုမှု၊ ကိုယ်စားလှယ်များ၏ တာဝန်နှင့် အခန်းကဏ္ဍအမျိုးမျိုး၊ ကိုယ်စားလှယ်ကောင်းတစ်ယောက်၏ ဝိသေသလက္ခဏာရပ်များ၊ အာဏာခွဲဝေခြင်းနှင့် ဥပဒေပြုသူများ၏ အခန်းကဏ္ဍ၊ အချုပ်အခြာ အာဏာနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း၊ လွှတ်တော်ကော်မတီများ၊ ဥပဒေပြုရေး လုပ်ငန်းစဉ်နှင့် အမျိုးသမီးကိုယ်စားလှယ်များ ရင်ဆိုင်နေရသော အခက်အခဲများစသည့် အကြောင်းအရာများ ပါဝင်ပြီး UNDP/IPU နှင့် နိုင်ငံတကာ ပါလီမန်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ စုစုပေါင်း ၁၈ ဦးတို့က စုပေါင်းဆွေးနွေးခြင်း၊ အဖွဲ့လိုက်ဆွေးနွေးခြင်း အစီအစဉ်များကို လွှတ်တော်ရုံး အသီးသီးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းအစီအစဉ်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)၊ ဘူတန်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှား၊ ဩစတြေးလျ၊ အရှေ့တီမောနှင့် ဗြိတိန်နိုင်ငံတို့မှ အစိုးရအဖွဲ့၊ ပါလီမန်များနှင့် လွှတ်တော်ရုံး အသီးသီးတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပေါ်ပေါက်လာသည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းခြင်း အစီအစဉ်ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

# စီမံကိန်းအလိုက် ပျူမြို့ဟောင်းသုံးမြို့နှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသအတွက် ဆောင်ရွက်ရန်လျာထားသည့်လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် UNESCO-Bangkok မှ တာဝန်ရှိသူများ ပါဝင်သည့် Meeting for Planning MOC-UNESCO World Heritage Cooperation Activities ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ချက်ထရီယမ်ဟိုတယ်၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီးဒေါ်စန္ဒာခင်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ တာဝန်ရှိသူများ၊ UNESCO-Bangkok နှင့် ရန်ကုန်ရုံးခွဲမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပျူမြို့ဟောင်းသုံးမြို့တွင် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ဆောင်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် UNESCO-Bangkok မှ တာဝန်ရှိသူများက အီတလီနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ထောက်ပံ့သည့် စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများနှင့်ပတ်သက်၍ စီမံကိန်းအလိုက် ပျူမြို့ဟောင်းသုံးမြို့နှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွက် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြသည်။ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက်ထိ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

❖ *ကျော်ဖုံးမှ*

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းက Horizon အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ဒုတိယမြောက်နိုင်ပွဲကို ရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းတွင် ဒဏ်ရာမှပြန်လည် ကောင်းလာသည့် ကြည်လင်းပါလာပြီး ၁၈ မိနစ်တွင် အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်း ပိုဖိကစားနိုင်ခဲ့ရာ ၇၉ မိနစ်တွင် ကျော်ကိုကို၊ ၈၆ မိနစ်တွင် သန်းပိုင်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၆) အပြီးတွင် ရတနာပုံအသင်းက ၁၆ မှတ်၊ ဟံသာဝတီအသင်းက ၁၄ မှတ်၊ ဇွဲကပင်အသင်းက ၁၃ မှတ်၊ မကွေး၊ ဧယျာဝတီ ရွှေမြေနှင့် ဧရာဝတီအသင်းတို့က ကိုးမှတ်စီ၊ ရန်ကုန်အသင်းက ခုနစ်မှတ်၊ ရှမ်းယူနိုက်တက် အသင်းက ခြောက်မှတ်တို့ရရှိထားသည်။ **ရဲရင့်ရှိန်း**

*** ရွှေဖုံးမှ**

ကူညီပေးကြသည့် စီနီယာများ ဖြစ်ကြသော အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်မှ တပ်ဖွဲ့ဝင်ဟောင်းများကလည်း ယခုနှစ်တွင် စတင်ဝင်ရောက်လာသည့် ညီငယ်၊ ညီမငယ်များကိုကူညီ၍ သင်ပြကြသဖြင့် သေသပ်သည့်စစ်ဝတ်စုံများ ဝတ်ဆင်ပြီးကြပြီဖြစ်သည်။

"သမီးတို့ကျောင်းကတစ်ကျောင်းလုံးမှာ လေးယောက်ပဲ တက္ကသိုလ်လေ့ကျင့်ရေးတပ်ကို ဝင်ဖြစ်တယ်။ မဝင်ဖို့ ဖျက်တဲ့သူတွေရှိသလို ဝင်ဖြစ်ဖို့ တိုက်တွန်းတဲ့သူတွေလည်း ရှိပါတယ်။ အဓိကကတော့ အမျိုးသမီးတွေက အမျိုးသားတွေနဲ့ တန်းတူလုပ်နိုင်ကိုင်နိုင်တယ်ဆိုတာမျိုး ပြချင်တယ်။ သမီးတို့အနေနဲ့ နိုင်ငံအတွက် လိုအပ်လာရင် စစ်ဝင်တိုက်သင့် တိုက်ရမှာပေါ့။ မလိုအပ်ရင်လည်း အကျိုးတော့ မယုတ်ပါဘူး။ စီမံခန့်ခွဲမှုစနစ်၊ အုပ်ချုပ်မှုစနစ်နဲ့ အဖွဲ့လိုက် စုပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်တွေရလာမယ်လို့ မျှော်လင့်ထားတယ်။

"သမီးတို့ကို ပါမောက္ခချုပ်ကြီးနဲ့ ဘာသာရပ်ဆိုင်ရာ ဌာနမှူးတွေ၊ ဆရာ ဆရာမတွေအားလုံးကလည်း အားပေးတော့ တက်ရတာ အဆင်ပြေပါတယ်။ သမီးအကြိုက်ဆုံးက ဒီသင်တန်းသင်ရိုးမှာပါတဲ့ သင်ကြားမှုအားလုံးဟာ ရည်ရွယ်ချက်ရှိတယ်။ လူ့လောကကြီးမှာ ဘယ်အရာကို လုပ်လုပ် ရည်ရွယ်ချက်ကောင်းကောင်းနဲ့ လုပ်ရမယ်ဆိုတာကို ပထမဆုံးသင်ခန်းစာအဖြစ် ရလိုက်ပါတယ်"ဟု မန္တလေးနည်းပညာတက္ကသိုလ်မှ နောက်ဆုံးနှစ် မြို့ပြအင်ဂျင်နီယာကျောင်းသူ မအေးသိမ့်ဇော်က ပြောကြားသည်။

ပြုံးရွှင်နုနယ်သော မျက်နှာပိုင်ရှင်ကလေးများသည် စစ်ဝတ်စုံကို သေသပ်ကောင်းမွန်စွာ ဝတ်ဆင်တတ်ကြပြီဖြစ်ပြီး အမိန့်ကို လေးစားလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများကို အထိုက်အလျောက် သဘောပေါက်ကြပြီဟု အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်၏ တပ်စု(၁)ကို စီမံကွပ်ကဲရသည့် တပ်ကြပ်ကြီး ဘုန်းမိုရ်က အားရဝမ်းသာ ပြောကြားသည်။

သူ၏တပ်စုတွင် သင်တန်းသူ ၅၀ ခန့်ပါဝင်ပြီး တက္ကသိုလ်လေ့ကျင့်ရေးတပ် ငါးခုလုံးတွင် တစ်ပြိုင်နက် သင်ကြားပေးနေသည့် ပထမအပတ်သင်ခန်းစာဖြစ်သည့် တန်းစီ၊ ညာညို၊ တန်းဖြုတ်သင်ခန်းစာများကို အောင်မြင်စွာ သင်ကြားပေးခဲ့ပြီး ဖြစ်သည်။

တက္ကသိုလ်လေ့ကျင့်ရေး တပ်များတွင် သင်ကြားပေးနေသော စစ်ပညာသည် တက္ကသိုလ်ကျောင်းဆရာများနှင့် ကျောင်းသားများအတွက် ဘာသာရပ်တစ်ခုဖြစ်သကဲ့သို့ နိုင်ငံတော်၏ အရေးပေါ်အခြေအနေမျိုးတွင် လေ့ကျင့်ပြီးသား ကျောင်းသား ကျောင်းသူများကို အရန်အင်အားအဖြစ် စုဆောင်းထားနိုင်ရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်မှ တပ်ရေးဗိုလ်ကြီး ရန်နိုင်ထွန်းက ပြောသည်။

နိုင်ငံ၏ ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးနည်းတွေကို နားလည်ဖို့နှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟူသည့် စိတ်ဓာတ်ကောင်းများကို ရရှိရန်အတွက် ရည်ရွယ်ထားပြီး တက္ကသိုလ်လေ့ကျင့်ရေးတပ်များကို ရန်ကုန်တက္ကသိုလ်တွင် ၁၉၂၂ ခုနှစ်ကတည်းက ဖွဲ့စည်းထားခဲ့သော်လည်း မန္တလေးတက္ကသိုလ်တွင် ၁၉၅၂ ခုနှစ်မှသာ စတင်ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

"၁၉၅၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှာ အရာရှိစစ်သည် ၂၉ ဦး၊ အပျော်တမ်းတပ်ဖွဲ့ဝင် ကျောင်းသားတပ်ခွဲတစ်ခွဲ ၆၄ ဦးနဲ့ ဖွဲ့စည်းခဲ့ပြီး တက္ကသိုလ်အရန်တပ်ရင်း မန္တလေးအဖြစ် စတင်ခဲ့ပါတယ်။ ၁၉၆၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ အမှတ် (၂) တက္ကသိုလ်အရန်တပ်ရင်း မန္တလေးလို့ ပြောင်းလဲခဲ့ပြီး ၁၉၆၉ ခုနှစ် ဇန်နဝါရီ ၁၅ရက်မှာ အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ် မန္တလေးလို့ ပြောင်းလဲခဲ့ပါတယ်"ဟု ဗိုလ်ကြီး ရန်နိုင်ထွန်းက ပြောကြားသည်။

အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ် မန္တလေး၏ စခန်းချလေ့ကျင့်မှုကို ၁၉၅၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ၃၁ ကြိမ်ခန့် ပြုလုပ်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် စခန်းချတပ်ဖွဲ့ဝင် ၁၀၄၂၆ ဦးအထိ ရှိခဲ့ကြောင်း သိရသည်။ ၁၉၈၇ ခုနှစ်တွင် ရပ်နားခဲ့ပြီး ၂၀၁၂-၁၃ ပညာသင်နှစ်တွင် ပြန်လည်စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အခြေခံသင်တန်းကို ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက်ဟူ၍ ခွဲခြားထားပြီး အခြေခံလက်နက်ငယ်နှင့် စစ်ရေးပြသင်တန်း၊ ရှေးဦးသူနာပြုစုနည်းသင်တန်း၊ စစ်ရေးဗျူဟာအနေဖြင့် တစ်ယောက်ချင်း စစ်ရေးကျွမ်းကျင်မှုနှင့် အဖွဲ့လိုက် စစ်ရေးကျွမ်းကျင်မှု သင်တန်းများကို သင်ကြားပေးပြီး အခြေခံအဆင့်သည် တပ်သားကြီးအဆင့် သို့မဟုတ် တပ်စိတ်မှူးအဆင့် တိုက်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

တန်းမြင့်သင်တန်းတွင် အခြေခံစစ်ရေးပြလက်နက်သင်တန်း၊ အင်ဂျင်နီယာဘာသာရပ်နှင့် အထူးစစ်ဆင်ရေးနည်းပညာများကို သင်ကြားပေးမည်ဖြစ်ကာ စခန်းချလေ့ကျင့်မှုအနေဖြင့် စစ်သားတစ်ဦးကဲ့သို့ တောတောင်များထဲတွင် နေထိုင်စားသောက်နိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပြီး စစ်သားတို့၏ ဘဝကိုလည်း သိရှိစေနိုင်မည်ဖြစ်ကြောင်း တပ်ကြပ်ကြီး ဘုန်းမိုရ်က ပြောကြားသည်။

တပ်ဖွဲ့ဝင် ကျောင်းဆရာများကိုလည်း ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ပြီး တပ်ဖွဲ့ဝင်ကျောင်းဆရာများနှင့် ကျောင်းသား ကျောင်းသူများ၏ ခံစားခွင့်မှာ ခရီးစရိတ်နှစ်မိုင်မှ သုံးမိုင်အတွင်း ၂၀၀ ကျပ်၊ သုံးမိုင်မှ ငါးမိုင် ၃၀၀ ကျပ်၊ ငါးမိုင်မှ ခုနစ်မိုင်အတွင်း ၄၀၀ ကျပ်၊ ခုနစ်မိုင်နှင့် အထက် ၅၀၀ ကျပ် သတ်မှတ်ပေးထားကြောင်း သိရသည်။

သာမန် သင်တန်းချိန်များတွင် စစ်ဝတ်တန်ဆာပလာ ခုနစ်မျိုးရရှိထားပြီး စခန်းသွင်းလေ့ကျင့်ချိန်တွင် စစ်သားတစ်ဦးကဲ့သို့ လစာ၊ ရိက္ခာနှင့် စစ်ဝတ်တန်ဆာ ၂၀ မျိုးခန့် ထုတ်ပေးကြောင်း ဗိုလ်ကြီး ရန်နိုင်ထွန်းက ပြောပြသည်။

ယခုနှစ် ဖွင့်လှစ်ချိန်တွင် ယမန်နှစ်ကထက် နှိုင်းယှဉ်ပါက တက်ရောက်သူ ပိုမိုများပြားလာခဲ့ပြီး နှစ်အလိုက် တက်ရောက်ကြသူများမှာ ၂၀၁၂-၁၃ ပညာသင်နှစ်တွင် ၆၂ ဦး၊ ၂၀၁၃-၁၄ ပညာသင်နှစ်တွင် ၉၃ ဦး၊ ၂၀၁၄-၁၅ ပညာသင်နှစ်တွင် ၁၅၂ ဦးနှင့် ယခုနှစ်တွင် အမျိုးသမီးများကို စတင်လက်ခံခဲ့ပြီး ၅၇၃ ဦးအထိ ဝင်ရောက်ခဲ့ကြောင်း အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်မှ သိရှိရသည်။

"မိန်းကလေးတွေက ယောကျ်ားလေးတွေထက် သင်ကြားရတာ ပိုပြီးလွယ်ကူတယ်ဗျ။ သူတို့တွေက စည်းကမ်းလိုက်နာမှုမှာ ပိုအားကောင်းတယ်။ ကျွန်တော်တို့ သင်ကြားပေးရတာက စစ်တပ်လို ပြင်းပြင်းထန်ထန် ဆက်တိုက်လေ့ကျင့်ရတာ မဟုတ်ပါဘူး။ ကလေးတွေကို အမြဲပြောရပါတယ်။ ကျောင်းစာက ပထမ၊ စစ်ပညာက ဒုတိယလို့ သဘောထားဖို့ပါ။ ကျောင်းချိန်တွေမှာ စာတွေနဲ့ ပိနေကြပြီး ကျွန်တော်တို့ကပါ ကလေးတွေကို ဖိအားတွေပေးနေရင် သူတို့တွေ စိတ်နှလုံးညှိုးနွမ်းကြမှာပါ။ သူတို့ကို ပျော်ပျော်ပါးပါးနဲ့ သင်ခန်းစာတွေကို သင်ယူနိုင်အောင် ကြိုးစားရသလို တစ်ဖက်မှာလည်း သင်ရိုးကျေညက်အောင် လုပ်ပေးရတာရှိပါတယ်။ ကျွန်တော့်ကို နားချိန်မှာ ဆရာကြီး ဒိန်းဒေါင်လို့ ခေါ်ကြတယ်။ သူတို့ကို သင်ကြားချိန်မှာ စည်းကမ်းအရ တင်းကျပ်ထားပေမယ့် အားတဲ့အချိန် နားချိန်တွေမှာ ပေါ့ပေါ့ပါးပါးထားတာကြောင့် သူတို့တွေက တန်းတောင်မဖြုတ်ချင်ကြဘူးဗျ"ဟု တပ်ကြပ်ကြီး ဘုန်းမိုရ်က သူ့အတွေ့အကြုံကို ပြောပြသည်။

ထို့အတူ မန္တလေးတက္ကသိုလ်၊ သတ္တဗေဒဂုဏ်ထူးတန်း ပထမနှစ် ကျောင်းသူ မမြတ်နိုးသူကလည်း အမျိုးသမီးများကို တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် ဝင်ရောက်နိုင်ဖို့ ခေါ်ယူခြင်းအတွက် အလွန်ပင်ဝမ်းသာကာ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သူ့အနေဖြင့် တပ်မတော်သို့ ဝင်ရောက်ရန် ရည်ရွယ်ချက်ဖြင့် ဝင်ရောက်ခဲ့ခြင်း မဟုတ်ကြောင်း၊ လိုအပ်လာပါက တိုင်းပြည်ကာကွယ်ရေးများကို ဆောင်ရွက်နိုင်ရန်နှင့် စုစည်းလုပ်ကိုင်နိုင်စွမ်း အပါအဝင် မိမိတို့၏ ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်ရန်အတွက် ရည်ရွယ်ကာ တက်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း ဖြေကြားသည်။

"သူငယ်ချင်း အသစ်တွေလည်း ရလာပါတယ်။ သမီးတို့အတွက် အမှတ်တရဖြစ်စရာ တက္ကသိုလ်နေ့ရက်တွေ ဖြစ်ချင်တယ်။ သင်တန်းက တစ်ပတ်သုံးရက်ဆိုတော့ အရင်လို အချိန်တွေ ပိုမနေတော့ဘူး။ စစ်သင်တန်းဆိုတာ ပိုက်ဆံပေးပြီး တက်ချင်ရင်တောင် တက်လို့မရသလို၊ သေနတ်ပေးတိုင်းလည်း မပစ်တတ်ဘူးဆိုရင် တုတ်လောက်တောင် အသုံးမကျတော့ပါဘူး။ သမီးက ဂုဏ်ထူးတန်းဆိုတော့ နှစ်ပြည့်တက်ဖို့ အခွင့်အရေးနည်းသွားပါပြီ။ ဒါပေမယ့် ရနိုင်သလောက် သင်ကြားလိုပါတယ်။ ဒီသင်ခန်းစာတွေက ကျောင်းသားဘဝ ကျော်လွန်ပြီးသွားပြီး လက်တွေ့နယ်ပယ်မှာလည်း အသုံးတည့်နိုင်မယ်လို့ ထင်ပါတယ်။ အထူးသဖြင့် စုပေါင်းဆောင်ရွက်တတ်တဲ့ စိတ်၊ နာခံတတ်တဲ့စိတ်တွေနဲ့ ဦးဆောင်တာဝန်ယူတတ်တဲ့ စိတ်ဓာတ်တွေ လေ့ကျင့်ပေးမယ်လို့ ထင်ပါတယ်"ဟု မမြတ်နိုးသူက ဖြေကြားသည်။

အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်၏ သင်ကြားမှုများကို ရတနာပုံတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် ကျောက်ဆည်တက္ကသိုလ်တို့တွင် သင်ကြားပေးလျက်ရှိပြီး ရတနာပုံတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်(မန္တလေး)၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မန္တလာကောလိပ်နှင့် ကျောက်ဆည်တက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများက တက်ရောက်နေကြခြင်းဖြစ်သည်။

အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်သို့ ကျောင်းသူ ၃၁၆ ဦး၊ ဆရာ ဆရာမ ရှစ်ဦး၊ ကျောင်းသား ၂၄၉ ဦးတို့ တက်ရောက်နေကြပြီး စက်တင်ဘာလကုန် တက္ကသိုလ်စာမေးပွဲများ ဖြေဆိုပြီးချိန်မှစတင်ကာ အောက်တိုဘာလကုန်အထိ စခန်းသွင်းလေ့ကျင့်မှုများ စတင်မည်ဖြစ်သည်။ ယခုနှစ်အတွက် စခန်းသွင်းလေ့ကျင့်ရန် ရမည်းသင်းမြို့နယ် အမှတ်(၃) စစ်အခြေခံ လေ့ကျင့်ရေးတပ်ကို ရွေးချယ်ထားကြောင်း သိရသည်။

အခြေခံ သင်တန်းများသည် တပ်စိတ်မှူးအဆင့်နှင့် ညီမျှသည့် သင်တန်းများဖြစ်ပြီး တန်းမြင့် ၁ မှာမူ တပ်ကြပ်ကြီးအဆင့်နှင့် ညီမျှကြောင်း သိရသည်။ လက်ရှိနေ့စဉ်လေ့ကျင့်မှုများကို အကဲဖြတ်ကာ စခန်းသွင်းမသွားမီမှာပင် ရာထူးများကို တိုးမြှင့်ခံထားကြောင်း သိရသည်။

"ကျွန်တော်က တက္ကသိုလ်လေ့ကျင့်ရေးတပ်ကိုဝင်တာ တတိယနှစ်ရှိသွားပါပြီ။ မနှစ်က စခန်းသွင်းသွားကြတဲ့အခါ ဒုတပ်ကြပ်ရာထူးနဲ့ လစာရပါတယ်။ ပင်ပန်းပေမယ့် ပျော်စရာလည်း ကောင်းပါတယ်။ မှတ်မှတ်ရရ ဖြစ်ခဲ့ရတာကတော့ သေနတ်ပစ်လေ့ကျင်တဲ့ နေရာက တည်းခိုတဲ့တပ်နဲ့ အဝေးကြီးပဲ။ သေနတ်ပစ်ပြီး တောထဲကပြန်လာတော့ အားလုံးပက်လက်လဲကုန်ကျရော။ ဒုတပ်ကြပ်မို့ ကျွန်တော့်ဆီမှာ သင်တန်းသား ၁၀ ဦးပါတယ်။ ကိုယ်က ခေါင်းဆောင်ဆိုတော့ အားလုံးမှာ အရှေ့ကနေ အရင်ဆုံးလုပ်ပြပြီး သူတို့ကိုဆွဲခေါ်ရတယ်။ အခုတော့ လက်နက်ငယ်ဖြုတ်ခြင်း၊ တပ်ခြင်း၊ တိုက်ချွတ်ခြင်းကို သင်ကြားနေရတယ်"ဟု ရတနာပုံတက္ကသိုလ်မှ ဥပဒေ ဒုတိယနှစ်ကျောင်းသား မောင်ဇေယျာဖြိုးက ပြောကြားသည်။

အပျော်တမ်း စစ်တပ်ဖြစ်သည့်အတွက် အသက်အရွယ်ကန့်သတ်ချက်မထားဘဲ တက္ကသိုလ်ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအားလုံး လျှောက်ထားနိုင်သော်လည်း ကျန်းမာရေးလိုအပ်ချက်များကို စိစစ်ထားကြောင်း သိရသည်။

"စစ်ထဲဝင်ဖို့ မဝင်ဖို့ဆိုတာ လူတိုင်းလွတ်လပ်စွာ ဆုံးဖြတ်နိုင်ပါတယ်။ စစ်ပညာသင်ကြားမှုကြောင့် စစ်ထဲဝင်စရာ မလိုပါဘူး။ ကျွန်တော်က ယူတီစီဆင်းတစ်ဦးပါ။ အခုအချိန်မှာတော့ တက္ကသိုလ်အသီးသီးမှာ ဆရာအဖြစ် စာပြလာခဲ့တာ ပင်စင်တောင်ရခါနီးပါပြီ။ စစ်သားမဖြစ်ခဲ့ပါဘူး။ သို့သော် အခုအချိန်အထိ ယူတီစီမှာ သင်ကြားခဲ့ရတဲ့ အမိန့်နာခံမှု၊ အထက်အောက်သတင်းပို့မှု၊ စီမံခန့်ခွဲတတ်မှု၊ စည်းကမ်းလိုက်နာမှုနဲ့ ကျန်းမာကြံ့ခိုင်မှုတွေဟာ အဖိုးမဖြတ်နိုင်ဘူး"ဟု ယူတီစီ ကျောင်းသားဟောင်း တက္ကသိုလ် ဆရာတစ်ဦးဖြစ်သူ ဒေါက်တာ မောင်မောင်သန်းက ပြောကြားသည်။

တက္ကသိုလ်လေ့ကျင့်ရေးတပ်မှ ကျောင်းသားဟောင်းများသည် တိုင်းပြည်အတွက် လိုအပ်လာပါက အချိန်မရွေး ကာကွယ်ပေးနိုင်ရန်အတွက် အသင့်ရှိနေပြီး ခေတ်သစ်တက္ကသိုလ်လေ့ကျင့်ရေးတပ်မှ လူငယ်မောင်မယ်များသည်လည်း လိုအပ်လာပါက တိုင်းပြည်အတွက် အသင့်ရှိစေရန် စစ်ပညာကို ကြိုးစားရှာမှီးသင့်ကြောင်း ဒေါက်တာ မောင်မောင်သန်းက ပြောကြားသည်။

"ကျွန်တော့်ဘဝ တစ်လျှောက်လုံးမှာ ဂုဏ်အယူရဆုံးက တက္ကသိုလ်လေ့ကျင့်ရေးတပ်ကို ဝင်ရောက်ခွင့်ရတာဖြစ်ပါတယ်။ ကျောင်းမှာ ကျွန်တော့်ကို သူငယ်ချင်းတွေက စစ်သားကြီးလို့ ခေါ်ကြတယ်။ ဆရာ ဆရာမတွေကလည်း ကျွန်တော့်ကို မြင်ရင် စစ်သားကြီး ကျောင်းတစ်ဖက်နဲ့ ပင်ပန်းနေပြီလားလို့ မေးကြတယ်။ ဒီနှစ်မှာ ကျောင်းသားတွေအပြင် ကျောင်းသူတွေလည်း အများကြီးပါဝင်လာတာကို မြင်တော့ ကျေနပ်တယ်။ ဒါပေမယ့် သူတို့ကို ပြောပြချင်တာလည်း ရှိပါသေးတယ်။ ဆိုင်ကယ်စီးတဲ့အခါ ယူတီစီက စည်းကမ်းမဲ့တာမျိုး မဖြစ်စေချင်ဘူး။ ဆိုင်ကယ်ဦးထုပ် ဆောင်းကြပါလို့ ပြောချင်တယ်။ ကျွန်တော်တို့က ယူတီစီရဲ့ဂုဏ်ကို မြှင့်တင်ပေးကြပါလို့ ပြောချင်ပါတယ်"ဟု မောင်ဇေယျာဖြိုးက ပြောကြားသည်။

ညနေခင်းနေရောင်သည် မြက်ခင်းများပေါ်သို့ ဖြာကျလျက်ရှိသည်။ တက်ကြွသော စစ်ဖိနပ်သံများ၏ တူညီစွာ နင်းလျှောက်သံက နားဝင်ပီယံရှိသည်။ နုနယ်သော မျက်နှာလေးများပေါ်တွင် ချွေးစတို့ စို့လျက်ရှိသည်။ တန်းဖြုတ်ချိန် မရောက်မချင်း တပ်စုမှူး၏ အသံကို နားထောင်ကာ စစ်ရေးပြလေ့ကျင့်နေကြသည့် တက္ကသိုလ်လူငယ်တို့ကို မန္တလေးတက္ကသိုလ်ကြီးက ငေးကြည့်ရင်း ဝမ်းမြောက်နေသယောင် မှတ်ရသည်။ မကြာမီပင် တန်းဖြုတ်လိုက်သောအခါ သူတို့ အပြေးအလွှား ထွက်ခွာကြသည်။ ထမင်းဆောင် တံခါးမပိတ်မီ ထမင်းချိန်မီရန် သူတို့ပြေးကြပြီ။ ကျောင်းစာ သင်ကြားနေရင်းမှ သူတို့၏ တက္ကသိုလ်နေ့ရက်များသည်လည်း ပိုမိုအဓိပ္ပာယ်ရှိနေမည်သာ ဖြစ်ပါကြောင်း။



အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်မှ ကျောင်းသူများ စစ်ရေးပြလေ့ကျင့်နေကြစဉ်။



ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာနတွင် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြနေစဉ်။



ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာနတွင် လာရောက်လေ့လာသူတို့ကို တာဝန်ကျဝန်ထမ်းများက လိုက်လံရှင်းလင်းပြသနေစဉ်။

❐ *ကျောဖုံးမှ*

မီးငြိမ်းသတ်ယာဉ်နှစ်စီးမှာ မြင်ရသူတို့ကို ဆွဲဆောင်မှုအပြည့်ရှိစွာဖြင့် ဖမ်းစားလျက်ရှိသည်။ ခြံဝင်းအတွင်းရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာန၏ သုံးထပ်အဆောက်အအုံထဲသို့ ဝင်လိုက်သည်နှင့် လာရောက်လေ့လာသူတို့ကို တာဝန်ကျဝန်ထမ်းတို့က မီးဘေးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ကမ်းရင်းလိုက်လံရှင်းလင်းပြသရန် ခရီးဦးကြိုဆိုနေပုံမှာ ပြည်သူတို့အတွက် မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးလိုမှုကို ပေါ်လွင်နေပေသည်။

သုံးထပ် အဆောက်အအုံ၏ အောက်ထပ်တွင် ပြခန်းနှစ်ခန်းရှိပြီး ပြခန်းအမှတ်(၁)တွင် ရှေးဟောင်း မီးငြိမ်းသတ် အထောက်အကူပြု ပစ္စည်းငယ်များအပါအဝင် ခေတ်မီ မီးငြိမ်းသတ် ပစ္စည်းကိရိယာများနှင့် အသက်ကယ်ပစ္စည်းများကို ခင်းကျင်းပြသထားရာ လာရောက်လေ့လာသူများအတွက် ဗဟုသုတများစွာ ရရှိစေမည့်အပြင် နည်းပညာအရ တိုးတက်ပြောင်းလဲလာမှု အဆင့်ဆင့်ကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

အလားတူ ပြခန်းအမှတ် (၂)တွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော မီးသတ်ဦးစီးဌာန အကြီးအကဲများ၏ဓာတ်ပုံများ၊ မီးသတ်သမားများ၏ မြေပြင်/ရေပြင်သုံး အသက်ကယ်အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ၊ အမှတ်တရတံဆိပ်များနှင့် နိုင်ငံတကာဆုတံဆိပ်များ၊ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ခေတ်အဆက်ဆက် မီးငြိမ်းသတ်ယာဉ်ပုံများနှင့် မွန်ဂိုလီးယားနိုင်ငံမှ ရရှိခဲ့သည့် အမှတ်တရပစ္စည်းများကို ပြသထားရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ပြောင်းလဲလာမှု သမိုင်းကြောင်းဖြစ်စဉ်တို့နှင့်အတူ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် မြန်မာ့မီးသတ်သူရဲကောင်းတို့၏ ပုံရိပ်များကိုလည်း လေးစား အားကျဖွယ်တွေ့မြင်ရမည်ဖြစ်သည့်အပြင် ပြခန်းများအတွင်း၌ မြန်မာနိုင်ငံအတွင်းဖြစ်ပွားခဲ့သော ကြီးမားသည့်မီးလောင်မှုများတွင် မီးသတ်သမားတို့သက်စွန့်ဆံဖျား မီးငြိမ်းသတ်နေမှုများကိုလည်း Flat T.V ကြီးများဖြင့် ပြသထားရာ ကြည့်ရှုရသူတို့အဖို့ မီးဘေးအန္တရာယ်၏ ကြောက်စရာကောင်းလှပုံကို မျက်ဝါးထင်ထင် တွေ့မြင်ရသည့်နှယ် ဖြစ်ပေသည်။

အဆောက်အအုံအပေါ်ထပ်တွင် မီးဘေးအန္တရာယ် အသိပညာပေး ဟောပြောခန်းမနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ သင်တန်းခန်းမတို့ တည်ရှိသည့်အပြင် မီးဘေးအန္တရာယ် အသိပညာပေး သရုပ်ပြအဆောက်အအုံပုံစံငယ်များနှင့် မီးလောင်မှုဖြစ်စဉ်များမှ မီးလောင်ကျွမ်းခဲ့ရသည့် ပစ္စည်းအချို့ကို သင်ခန်းစာယူနိုင်စေရန် ခင်းကျင်းပြသထားသည့်အတွက် မီးဘေးအသိ၊ မီးဘေးသတိအဖြစ် ဗဟုသုတများစွာ ရရှိစေမည်ဖြစ်သည်။

အဆိုပါပြခန်းများကို ပိတ်ရက်မရှိ ရုံးချိန်များအတိုင်း အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ရန် ဖွင့်လှစ်ထားရာ လာရောက်လေ့လာသူ မရမ်းကုန်းမြို့နယ် အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်းမှ (အလယ်တန်းပြဆရာမ) ဒေါ်စန်းစန်းအေးက “ကျောင်းသူ ကျောင်းသားတွေကို မီးဘေးအန္တရာယ် အသိပညာရှိစေဖို့ လိုက်ပို့တာပါ။ လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်မှုတွေကိုလည်း လုပ်ခဲ့ရတယ်။ မီးမလောင်အောင် ထိန်းထိန်းသိမ်းသိမ်း နေတတ်ဖို့နဲ့ မီးလောင်မှုဖြစ်ပွားရင် ဘယ်လိုကာကွယ်ရမလဲဆိုတဲ့ အသိပညာပေးမှုတွေကို တာဝန်ကျဝန်ထမ်းတွေက လိုက်လံရှင်းပြတဲ့အတွက် ဗဟုသုတအသိပညာတွေ အများကြီးရခဲ့ပါတယ်။ ပြည်သူတွေအနေနဲ့လည်း အဓိကထားပြီး လာရောက်လေ့လာသင့်တဲ့နေရာတစ်ခုလို့ မြင်ပါတယ်”ဟု သူ၏အမြင်ကိုပြောသည်။

“မီးသတ်သမားတွေ သုံးစွဲခဲ့တဲ့ ရှေးတုန်းက ပစ္စည်းတွေကိုတွေ့တယ်။ မီးသတ်တဲ့ ပစ္စည်းတွေကို လေ့လာရတာ အများကြီး ဗဟုသုတရပါတယ်။ မီးလောင်ထားတဲ့ ပစ္စည်းတွေကို မြင်ရတော့ ဒါတွေကို သင်ခန်းစာယူပြီး စည်းကမ်းတကျ ဘယ်လိုနေထိုင်ရမယ်ဆိုတဲ့ အသိတွေ အများကြီးရခဲ့ပါတယ်”ဟု မရမ်းကုန်းမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းမှ အဌမတန်းကျောင်းသူ မအိမြတ်မွန်က ဆိုသည်။

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လိုအပ်သော မီးသတ်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ မီးသတ်ပညာရပ်ဆိုင်ရာ လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ခြင်းဖြင့် ပြည်သူလူထုအတွင်း မီးဘေးလုံခြုံမှုစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသတွင်းနိုင်ငံများနှင့် မီးသတ်ပညာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းသင်ကြားရေးနှင့် သုတေသနလုပ်ငန်းများတွင် ပိုမိုပူးပေါင်း ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊ စက်ရုံ/အလုပ်ရုံများမှ ဝန်ထမ်းများနှင့် NGO များအား မီးသတ်ပညာ သင်ကြားပေးခြင်းဖြင့် မီးလောင်ဆုံးရှုံးမှုလျော့နည်းစေရန်၊ မီးသတ်ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာခြင်းဖြင့် မီးသတ်အသိပညာများ တိုးပွားစေရန်၊ သဘာဝဘေးစီမံခန့်ခွဲမှုနည်းပညာနှင့် သဘာဝဘေးဖြစ်ပွားလာပါက ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့် နည်းလမ်းများကိုသိရှိစေရန် ရည်ရွယ်၍ အဆိုပါ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာနကို ၂၀၁၃ ခုနှစ် မေ ၅ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယင်းဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ “ကျွန်တော်တို့အနေနဲ့ မီးသတ်သုတေသနဆိုင်ရာ ကိစ္စရပ်တွေအပြင် မီးဘေးလုံခြုံရေး အသိပညာပေးမှုအနေနဲ့ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ ဈေးနဲ့ မီးဘေးစိုးရိမ်ရတဲ့ လုပ်ငန်းတွေက ဝန်ထမ်းတွေနဲ့ NGO, INGO အဖွဲ့တွေအတွက် “Fire Safety Manager” သင်တန်းကို လစဉ်အခမဲ့ ပို့ချပေးနေပါတယ်။ ဒါ့အပြင် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် “Disaster Management” သင်တန်းနဲ့ သဘာဝဘေး ပေါ်ပေါက်ပြီးရင် လုပ်ဆောင်နိုင်ဖို့ “ရှာဖွေရေးနှင့် ကယ်ဆယ်ရေး”သင်တန်းကိုလည်း ပို့ချပေးနေပါတယ်”ဟုအဆိုပါဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုစိုးက ပြောသည်။

အဆိုပါဌာနမှ ပို့ချပေးနေသည့် မီးဘေးလုံခြုံရေးတာဝန်ခံ သင်တန်းတွင် မီးလောင်မှုအခြေခံသဘောတရားများ၊ အခြေခံမီးငြိမ်းသတ်နည်းစနစ်၊ မီးအန္တရာယ်ဆုံးရှုံးမှု ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး စီမံခန့်ခွဲသူ၏ တာဝန်ဝတ္တရားများ၊ လုပ်ငန်းခွင် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် လေ့ကျင့်ခြင်း၊ မီးဘေးလုံခြုံရေး စီမံချက်ရေးဆွဲခြင်း၊ မီးထောက်လှမ်းမှု အချက်ပေးစနစ်များနှင့် မီးခိုးနှင့် အမှောင်ထုအတွင်း လှုပ်ရှားသွားလာခြင်းတို့ အပါအဝင် ဘာသာရပ် ၄၁ မျိုးတို့ကို သင်ကြားပို့ချပေးလျက်ရှိသည်။ ထိုသင်တန်းကို တက်ရောက်နိုင်ရန် သင်တန်းသားအရည်အချင်း သတ်မှတ်ချက်အနေဖြင့် အသက်(၄၅)နှစ်အောက်၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည့်အပြင် ကျန်းမာရေးကောင်းမွန်ပြီး ဆေးအဆင့်(က) ဖြစ်ရန် လိုအပ်သည်။

မီးဘေးလုံခြုံရေး သင်တန်းနှင့်ပတ်သက်၍ သင်တန်းသူ (သူနာပြုဝန်ထမ်း) မအေးအေးအောင်က “မီးဘေးလုံခြုံရေးနဲ့ ပတ်သက်ပြီး အရင်ကတစ်ခါမှ မတက်ခဲ့ဖူးပါဘူး။ ဒီသင်တန်းကို မတက်ခင်က အဲဒီလောက် အရေးပါလိမ့်မယ်လို့ မထင်ခဲ့ပါဘူး။ အခုတော့ မီးလောင်မှုဖြစ်ရင် ကိုယ့်အတွက်အပြင် ကိုယ့်ရုံး၊ ကိုယ့်ရပ်ရွာအတွက် ဘယ်လိုဆောင်ရွက်ရမလဲဆိုတာတွေကို သိလာတယ်။ ကြိုတင်ကာကွယ်မှုအနေနဲ့လည်း စနစ်တကျနဲ့ ဘယ်လို ပြင်ဆင်ဆောင်ရွက်သင့်တယ်ဆိုတဲ့ အချက်တွေကို သင်ကြားရတယ်။ ကိုယ့်အတွက်သာမက တခြားသူတွေအတွက်ကိုလည်း ကာကွယ်အကူအညီပေးနိုင်တဲ့ သင်တန်းဖြစ်လို့ အလွန်အကျိုးရှိပါတယ်။ မီးဘေးဆိုတာ လူတိုင်းကြုံနိုင်တဲ့အတွက် တစ်ဦးတစ်ယောက်တည်းသိလို့ မဖြစ်ပါဘူး။ ဒီသင်တန်းကို လူတိုင်းတက်သင့်ပါတယ်”ဟုဆိုသည်။

အဆိုပါဌာနအနေဖြင့် စာသင်ကျောင်းအခြေပြု အသိပညာပေးခြင်း အစီအစဉ်နှင့် ရပ်ရွာအခြေပြု အသိပညာပေးခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည့်အပြင် လာရောက်လေ့လာသူတို့အား မီးဘေးလုံခြုံမှုဆိုင်ရာ အသိပညာပေး လက်တွေ့သရုပ်ပြမှုများနှင့် အသိပညာပေးဟောပြောမှု အစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်မှ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက် တာဝန်(၄)ရပ်ကို မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဟူ၍ ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ထို့အပြင် မီးသတ်ဦးစီးဌာနအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်နှင့် တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်လျော်ညီမှုရှိစေရန် မီးငြိမ်းသတ်ရေးလုပ်ငန်းတစ်ခုတည်းကိုသာ ဆောင်ရွက်နေရာမှ နိုင်ငံတကာမီးသတ်စခန်းများကဲ့သို့ မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ တားဆီးကာကွယ်ရေး လုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ရန် တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ယင်းသို့ဖွဲ့စည်းရာတွင် တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးမှူးရုံး ၁၅ ရုံး၊ ခရိုင်မီးသတ်ဦးစီးမှူးရုံး ၇၃ ရုံး၊ ခရိုင်မီးသတ်စခန်း ၇၃ ခု၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၃၃၀ ၊ မြို့နယ်မီးသတ်စခန်း ၃၃၀၊ နယ်မြေမီးသတ်စခန်း ၄၂၈ ခုအထိ တိုးချဲ့ဖွဲ့စည်းခဲ့သည်။

အရန်မီးသတ် တပ်ဖွဲ့ဝင်များကိုလည်း ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အင်အား ၂၅၄၈၅၇ ဦးရှိရာမှ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၂၈၄၆၆၀ အထိ တိုးချဲ့နိုင်ခဲ့သည့်အပြင် စက်ရုံ/အလုပ်ရုံ၊ လုပ်ငန်းများ မီးဘေးလုံခြုံရေးအတွက် ဖွဲ့စည်းထားရှိသည့် သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း ၂၀၁၁-၂၁၁၂ ခုနှစ်တွင် အင်အား ၁၃၃၈၁ ဦးရှိရာမှ ယခုအခါ ၁၇၂၀၇ ဦးအထိ တိုးချဲ့နိုင်ခဲ့သည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မတိုင်မီ မီးသတ်ယာဉ်/စက် ၁၂၈၂ စီးရှိရာမှ မီးသတ်ယာဉ်အမျိုးအစား လေးမျိုး သတ်မှတ်ပြီး ဖြည့်တင်းဆောင်ရွက်ခဲ့ရာ ယခုအခါ မီးငြိမ်းသတ်ယာဉ် ၁၀၀၃ စီး၊ မီးသတ်ရေသယ်ယာဉ်အစီး ၅၇၀၊ မီးသတ်စက်ယာဉ် ၅၆ စီး၊ အထောက်အကူပြုယာဉ် ၄၄ စီး၊ စုစုပေါင်း ၁၆၇၃ စီးအထိ ဖြည့်တင်းနိုင်ခဲ့သဖြင့် စုစုပေါင်း ၂၉၅၅ စီးဖြင့် ဖြန့်ခွဲဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံးယာဉ် လေးစီး၊ လူနာတင်ယာဉ် ၂၀ စီး၊ တရုတ်နိုင်ငံက လှူဒါန်းသည့် စက်လှေ အစင်း ၁၀၀ တို့ကို တိုင်းဒေသကြီး/ပြည်နယ် အသီးသီးသို့ ဖြန့်ခွဲထားရှိသည်။

မီးသတ်ဦးစီးဌာန အနေဖြင့် ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေတို့ကို ၂၀၁၅ ခုနှစ်အတွင်း အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကယ်တင်စောင့်ရှောက်နိုင်ရန် ဆောင်ရွက်နေသကဲ့သို့ ပြည်သူတို့အနေဖြင့်လည်း မီးဘေးအန္တရာယ် အသိပညာကြွယ်ဝစွာဖြင့် မီးဘေးအသိ၊ သတိရှိကြရန် လိုအပ်ကြောင်း ထပ်လောင်းတင်ပြလိုက်ရပေသည်။

▼ *ကျောဖုံးမှ*

▼ ကျောဖုံးမှ

အဆိုပါ အခမ်းအနားသို့ လာရောက် ဖျော်ဖြေကြသည့် နာမည်ကြီး အဆိုတော်များနှင့် ရုပ်ရှင်အနုပညာရှင်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀) ပြည့် အထိမ်းအမှတ်နှင့် ပတ်သက်သည့် ဝမ်းသာပီတိစကားသံများ၊ သဘောထားအမြင်များကို မေးမြန်းခဲ့ရာ နာမည်ကြီးအဆိုတော် ချမ်းချမ်းက "တကယ်ဆို အချစ်ပဲလိုတယ်၊ ရှိသည် ဖြစ်သည် သီချင်းတွေနဲ့ ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ မြန်မာ့ရုပ်မြင်သံကြားဆိုတာ ကျွန်မတို့ ငယ်ငယ်ကတည်းက အားပေးခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှ ရုပ်သံလိုင်းတွေ အသစ်ပေါ်လာကြတာဖြစ်ပါတယ်။ တကယ့်ကို ရုပ်/သံ ပင်မဖြစ်တဲ့အတွက် အခုလို လာရောက်ဖျော်ဖြေရတာ ဂုဏ်ယူပါတယ်။ ကျွန်မရဲ့ အဘိုး အဘွားတွေက မြန်မာ့ရုပ်မြင်သံကြားမှာ လုပ်ခဲ့တဲ့သူတွေဆိုတော့ သူတို့ရဲ့အမွေကို ဆက်ခံတဲ့အနေနဲ့ ဒီမှာ လာရောက်ဖျော်ဖြေရတာ အမှတ်တရဖြစ်ပါတယ်။ နှစ် ၇၀ သက်တမ်းဆိုတာ ကျွန်မတို့ အသက်ထက်တောင် အများကြီး ကြီးပါတယ်" ဟု ပြောသည်။

"ပြည်သူ့အကျိုး ထမ်းပိုးခဲ့တဲ့ မီဒီယာတစ်ခု နှစ်(၇၀)ပြည့်ခဲ့ပြီ ဖြစ်တဲ့အတွက် အလွန်ပဲ ဂုဏ်ယူပါတယ်။ ဒီလို နှစ် (၇၀)ပြည့် အခမ်းအနားကြီးမှာ အနုပညာရှင်တွေ အများကြီးရှိတဲ့အထဲက ကျွန်တော်တို့အနေနဲ့ ဖျော်ဖြေခွင့်ရတဲ့အတွက် ပျော်ပါတယ်။ ခေတ်ပေါ် အဆိုတော်တွေနဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ ရင်းရင်းနှီးနှီး ဖျော်ဖြေခွင့်ရတဲ့ အတွက်လည်း ဂုဏ်ယူပါတယ်။ MRTV အနေနဲ့ နှစ်(၇၀)မှသည် နှစ်ပေါင်း ၇၀၀ တိုင်ပါစေလို့လည်း ဆုတောင်းပေးပါတယ်။ ခုနှစ်ဆိုတာ လပ်ကီးဂဏန်းဖြစ်တဲ့အတွက် ဒီနှစ်မှာ MRTV အနေနဲ့ ကောင်းမွန်တဲ့ ရလဒ်တွေနဲ့ မင်္ဂလာရှိတဲ့ နှစ်တစ်နှစ်ဖြစ်မယ်လို့ မြင်မိပါတယ်။ MRTV အနေနဲ့ တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက် အများကြီးသယ်ပိုး ထမ်းဆောင်ပေးနိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်" ဟု အဆိုတော် သားစိုးက ပြောသည်။



ရုပ်ရှင်သရုပ်ဆောင်
ဦးအောင်လွင်



ဟာသလူရွှင်တော်
ဇာဂနာ



တေးသံရှင်
ဆုန်သင်းပါရ်

အဆိုတော် နီနီခင်ဇော်က "အခုလို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (တပ်ကုန်း) ကို ပထမဆုံးအကြိမ် လာရောက်ဖျော်ဖြေခွင့်ရတဲ့အတွက် အများကြီးဂုဏ်ယူပါတယ်။ ဒီ နှစ်(၇၀)ပြည့်အခမ်းအနားကို ခမ်းခမ်းနားနားနဲ့ ကျင်းပတဲ့အတွက်လည်း နီနီအနေနဲ့ ပျော်ပါတယ်။ ဂုဏ်ယူပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ပြုလုပ်တဲ့ ဆိုကြမယ် ပျော်ကြမယ် အစီအစဉ်မှာ နီနီအနေနဲ့ ဝင်ပြိုင်ခဲ့ဖူးပါတယ်။ ဒါကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက နီနီရဲ့ ဂီတသမိုင်းမှတ်တိုင်တစ်ခုလို့လည်း ပြောလို့ရပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ ပတ်သက်လာရင် နီနီရဲ့ ဘဝမှာ အမှတ်တရတွေရှိခဲ့တဲ့အတွက်ကြောင့် အခုလိုမျိုး နှစ်(၇၀) ကျော်အောင် ရပ်တည်နိုင်ခဲ့တာကို ဂုဏ်ယူပါတယ်။ ခေတ်နဲ့အညီ တိုးတက်လာတာနဲ့အမျှ ထုတ်လွှင့်မှုအပိုင်းတွေလည်း အများကြီး တိုးတက်ပြောင်းလဲလာတာကို တွေ့ရပါတယ်။ အဲဒါကိုလည်း ပြည်သူတွေနဲ့ ထပ်တူများစွာ ဂုဏ်ယူပါတယ်" ဟု သူ့အမြင်ကို ပြောပြသည်။

ဆက်လက်ပြီး ဟာသလူရွှင်တော် ဇာဂနာက "ကျွန်တော်ကတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက မွေးလာတဲ့လူလိုဖြစ်နေတော့ နှစ်(၇၀)ပြည့် အခမ်းအနားဆိုတာ ကျွန်တော်တို့နဲ့ ဆိုင်ပါတယ်။ လိုအပ်တာ မှန်သမျှကိုလည်း ဝိုင်းကူလုပ်ပေးပါတယ်။ ဒီပွဲကြီးဖြစ်မြောက်ဖို့အတွက်၊ အနုပညာရှင်တွေ သိဆိုနိုင်ဖို့အတွက် အများကြီးကူညီပေးခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် အောင်အောင်မြင်မြင်ဖြစ်သွားပြီ ဆိုတော့လည်း ဝမ်းသာပါတယ်။ စိန်ရတုပွဲကျရင်လည်း ဒီထက်ပိုပြီး ခမ်းခမ်းနားနား ကျင်းပနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ တစ်လတစ်ကြိမ် ပြုလုပ်နေတဲ့ အငြိမ့်အစီအစဉ်လည်း ရှိတယ်။ နောက်ထပ် အစီအစဉ်လေးသုံးခုလောက် ထပ်လုပ်ဖို့လည်း ရှိပါတယ်"ဟု ပြောကြားသည်။

ရုပ်ရှင်သရုပ်ဆောင် ဦးအောင်လွင်က "မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်ဆိုတော့ ကျွန်တော့်အနေနဲ့ တော်တော်လေး ဝမ်းသာစရာ ကောင်းပါတယ်။ ရုပ်ရှင်သမားတစ်ယောက် အနေနဲ့ ပြောရရင် မြန်မာရုပ်ရှင်က နှစ်(၁၀၀) ပြည့်ပါတော့မယ်။ ထို့အတူပဲ ကျွန်တော်တို့ဟာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာပဲ မြန်မာ့ရုပ်ရှင် သီချင်းတွေဆိုပြီး ထုတ်လွှင့်ခဲ့ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အသံများအဖြစ် ကျန်ရစ်ခဲ့သော သီချင်းပေါင်း ၁၅၀ လောက်ကို အရုပ်နဲ့ ပြန်ရိုက်ပြီး အရုပ်နဲ့ ပြန်သွင်းတဲ့ သီချင်းဟောင်းတွေကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ ပူးပေါင်းပြီး ပြန်လည်ရှာဖွေ ဖော်ထုတ်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်။ အဲဒီသီချင်းတွေကိုလည်း မကြာမီ ထုတ်လွှင့်ပါလိမ့်မယ်"ဟု ပြောသည်။

နာမည်ကြီး အဆိုတော်တစ်ဦး ဖြစ်သည့် အဆိုတော် ဇော်ဝင်းထွဋ်က "ကျွန်တော်တို့ ငယ်ငယ်လေးကတည်းက ရန်ကုန် ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းထဲကို ရောက်ခဲ့ဖူးပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက အားကျခဲ့ရတဲ့ အသံလွှင့်တာတွေ၊ စက်ကြီးတွေ၊ အင်ဂျင်နီယာတွေ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ အကုန်ရှိတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း အဆိုတော်ဖြစ်လာတော့ သီချင်းသွားရိုက်ကူးဖူးတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ရေဒီယိုလုပ်တဲ့အခါကျတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ကြေညာသူတွေကို ခေါ်ပြီးတော့ လုပ်ခဲ့ရတယ်။ အခုလို နှစ်(၇၀)ပြည့် အခမ်းအနားမှာ လာရောက်ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းလည်းဝမ်းသာတယ်။ ဂုဏ်လည်း ဂုဏ်ယူပါတယ်။ နိုင်ငံတကာနဲ့ ယှဉ်ပြီဆိုတာနဲ့ အရင်ပုံစံမျိုးတော့ လုပ်လို့မရတော့ဘူး။ အခုချိန်မှာ MRTV က ပိုပြီး လွပ်လပ်လာတယ်။ ပိုပြီးတော့ ပွင့်လင်းလာတယ်" ဟု နှစ်(၇၀)ပြည့် အခမ်းအနားနှင့်ပတ်သက်ပြီး ၎င်း၏ အမြင်ကို ပြောပြသည်။

ဆက်လက်ပြီး အဆိုတော် ဇော်ပိုင်က "မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်ဆိုတာ ကျွန်တော်တို့အနေနဲ့ ကြုံကြိုက်လို့ လာရောက်ဖျော်ဖြေရတယ်လို့ မှတ်ယူပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်ကနေ နောင်နှစ်ပေါင်းများစွာ အောင်မြင်တဲ့ မီဒီယာတစ်ခုဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။ ဒီနေ့ပွဲမှာလည်း အခါတိုင်း လုပ်နေကျပုံစံမျိုးနဲ့မတူဘဲနဲ့ နာမည်ကြီး အနုပညာမောင်နှမတွေနဲ့အတူ သီဆိုဖျော်ဖြေရမယ်ဆိုတော့လည်း ပျော်လည်းပျော်စရာကောင်းပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ကြိုက်နှစ်သက်ပါတယ်။ ဗဟုသုတတွေအများကြီးရတဲ့ ကဏ္ဍတွေပါတယ်။ ငယ်ငယ်ကတည်းက ကျွန်တော်တို့ MRTV နဲ့ ကြီးပြင်းလာခဲ့ရတာပါ။ ဒါ့ကြောင့် သံယောဇဉ်လည်း ရှိပါတယ်" ဟု ပြောသည်။

"မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ် (၇၀)ပြည့် ထူးထူးခြားခြား အစီအစဉ်မှာ လာရောက်သီဆိုဖျော်ဖြေရတာ အထူးပဲဝမ်းသာပါတယ်။ အရင်တုန်းကတော့ ကျွန်တော်တို့က အခန်းထဲမှာပဲ ရိုက်ကူးရေးလေးလောက်ပဲ လုပ်ခဲ့ရတာပါ။ အခုလို အပြင်မှာ Live ပုံစံမျိုးဆိုရတာက ပိုအားရတယ်။ အဲဒီလို ပရိသတ်နဲ့ ဆိုချင်တာ။ အခုအခမ်းအနားပွဲမှာ ချက်ချင်း ရိုက်ကူးထုတ်လွှင့်မယ်ဆိုတော့ တစ်နိုင်ငံလုံးက ကြည့်ရတဲ့ ပရိသတ်တွေ ပိုအဆင်ပြေပါတယ်။ ဒီ နှစ်(၇၀)ပြည့်မှာ လာရောက်သီဆိုရတာပဲ ဝမ်းသာလှပါတယ်။ ဂုဏ်လည်း ဂုဏ်ယူပါတယ်" ဟု တက်ကြွစွာဖြင့် အဆိုတော် ရင်ဂိုက ပြောသည်။

အဆိုတော် ဆုန်သင်းပါရ်ကလည်း "မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဆိုတာ အရင်တုန်းက ပေါ်လစီပိုင်းတွေကိုပဲ သီဆိုခဲ့ရတာပါ။ အဲဒီမှာ ဆုန်သင်းက ညီလာခံသီချင်းတွေပဲ ဆိုခဲ့ရတာပါ။ အရင်တုန်းက ဘာရုပ်သံလိုင်းတွေမှ မရှိခင် MRTV ကတော့ ပထမဆုံး မြင်ဆရာ၊ကြားဆရာဖြစ်ခဲ့ပါတယ်။ အဲဒီကမှတစ်ဆင့် အဆိုတော်ကြီးတွေရဲ့ သီချင်းတွေကိုစောင့်ပြီး နားထောင်ခဲ့ရပါတယ်။ ဇာတ်လမ်းတွဲလေးလည်း ကြည့်ခဲ့ရပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့် အထိမ်းအမှတ်မှာ တကယ့်ကို Live ဖျော်ဖြေခွင့်ရတဲ့အတွက်ကြောင့် အလွန်ဂုဏ်ယူတယ်။ တကယ့် Show ပွဲရဲ့ ခံစားချက်အစစ်နဲ့ သီဆိုရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီပွဲမှာ အင်ပါယာတီးဝိုင်းနဲ့အတူ သီချင်းလေးပုဒ်သီဆိုမှာပါ။ MRTV ကို အရင်တုန်းကတည်းက နှစ်သက်ခဲ့တယ်။ ဇာတ်လမ်းတွဲလေးတွေ၊ သီချင်းတွေကို အလွန်ကြိုက်ခဲ့ပါတယ်။ အခုနောက်ပိုင်းလည်း MRTV က တခြားရုပ်သံလိုင်းတွေ ပေါ်လာပေမယ့် တကယ့်ကို သက်တမ်းရှည်တဲ့ ရုပ်သံလိုင်းတစ်ခုပါ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ အကြိုက်ဆုံးကတော့ သတင်းကြေညာသူတွေရဲ့ အသံပါ။ အဲဒီအသံကတော့ အခုခေတ်မှာရှိတဲ့ တခြားရုပ်သံလိုင်းတွေက မမီသေးပါဘူး" ဟု အပြုံးပန်းများစွာဖြင့် ပြောကြားသည်။

မြန်မာ့အသံ၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် "ဗမာ့အသံ" ဆိုသည့် အမည်နှင့် စတင်ပေါ်ပေါက်ခဲ့ပြီး ၁၉၅၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် "မြန်မာ့အသံ" ဆိုသည့် အမည်ကို ပြောင်းလဲခဲ့သည်။ ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ရောင်စုံရုပ်မြင်သံကြား အစီအစဉ်များကို ထုတ်လွှင့်လာခဲ့ပြီးနောက် ယနေ့အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟူ၍ ရပ်တည်နိုင်ခဲ့ပြီး နိုင်ငံပိုင် မီဒီယာလုပ်ငန်းကြီးတစ်ခုအဖြစ် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

ယနေ့ကျင်းပသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀) ပြည့်အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ခဲ့ကြပြီး နာမည်ကြီး အဆိုတော်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

# ပုသိမ် ငဝန်မြစ်ကူးကြိုးတံတားကြီး ပြင်ဆင်မှုပြီးစီး၊ ခရီးသည်တင်ယာဉ်နှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်ကြီးများ ဖြတ်သန်းသွားလာ

**ပုသိမ် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး၏ ဒေသဖွံ့ဖြိုးရေး ပင်မတံတားကြီးဖြစ်လာသော ပုသိမ် ငဝန်မြစ်ကူးကြိုးတံတားကြီးသည် ဖေဖော်ဝါရီ ၇ ရက် နံနက် ၆ နာရီက အရှည် ပေ ၂၁၄၀ ရှိ ပင်မတံတားကြီး အနောက်ဘက် (ချောင်းသာ-ငွေဆောင်ထွက်ပေါက်)နှင့် ချဉ်းကပ်တံတားချိတ်ဆက် Down Stream ဘက် တာဝါတိုင်အနီး၌ Expansion Jiont လေးလက်မခန့် ကွာဟနိမ့်ကျသွားမှုကြောင့် ချောင်းသာ၊ ငွေဆောင်၊ ရွှေသောင်ယံ၊ ငရုပ်ကောင်း၊ မော်တင်၊ ဟိုင်းကြီး၊ ကျုံကူး မြို့နယ်ခွဲများနှင့် ကျေးလက်ဒေသများ ကူးလူးဆက်သွယ်သွားလာနေကြသော ခရီးသည်တင်ကုန်တင်ယာဉ်ကြီးများကို လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် ကန့်သတ်ချက်ဖြင့် တံတားဖြတ်ကျော်စေခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းက ပြောကြားသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနကလည်း ကျွမ်းကျင်ပညာရှင်များ၊ တိုင်းဒေသကြီး လမ်းဦးစီးဌာနတာဝန်ခံ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးအောင်မြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) လမ်းဦးစီးဌာန ဦးအေးထွန်းမော်တို့ ဦးဆောင်သော ကျွမ်းကျင်ပညာရှင်များက အချိန်နှင့်တစ်ပြေးညီ နေ့ညမပြတ် ပြုပြင်ဆောင်ရွက်မှုကြောင့် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် Expansion Joint လေးလက်မခန့် ကွာဟနိမ့်ကျသွားမှု ပြင်ဆင်ပြီးစီးသွားသဖြင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းဒေသကြီး လမ်းဦးစီးဌာန တာဝန်ရှိသူတို့က ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ မြို့တွင်း မြို့ပြင် ယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် တန် ၆၀ ကုန်တင်ယာဉ်ကြီးများအထိ နေ့ညမပြတ် လုံခြုံစိတ်ချစွာ ဖြတ်သန်းသွားလာခွင့်ပြုကြောင်း လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြောကြားသည်။

အဆိုပါတံတားကြီးမှာ ၂၀၀၄ ခုနှစ်က တည်ဆောက်ဖွင့်လှစ်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ အနောက်ရိုးမတောင်ခြေတစ်ခွင်နှင့် ပင်လယ်ကမ်းခြေတစ်လျှောက် ကျေးလက်ဒေသများရှိ တိုင်းရင်းသားတောင်သူလယ်သမား၊ သစ်ခုတ်ဝါးခုတ်၊ ရေလုပ်သားတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ငွေကြေးမြောက်မြားစွာသုံးစွဲခဲ့ပြီး ကျွမ်းကျင်အင်ဂျင်နီယာ ပညာရှင်များနှင့် တည်ဆောက်ခဲ့ကြောင်း၊ ဆူနာမီ၊ နာဂစ်မုန်တိုင်းဒဏ်ကိုပင် ကြံ့ကြံ့ခံလျက် ယိမ်းယိုင်မှုမရှိခဲ့ကြောင်း၊ ရှုခင်းရှုကွက် ပသာဒအလှအပစုံလင်စွာရှိသဖြင့် အပန်းဖြေအနားယူသူများ နေ့ညမပြတ်ရှိကြောင်း၊ ၎င်းတို့ကလည်း တံတားကြီး၏ သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းကူညီစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ အညစ်အကြေးများစွန့်ပစ်ခြင်းနှင့် ဖျက်ဆီးနှောင့်ယှက်မှုများကိုလည်း ပညာပေးစည်းရုံးရန်လိုအပ်ပါကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက ပြောကြားခဲ့ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

လပွတ္တာမြို့နှင့် နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့်အလှူပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင်စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းက ငွေကျပ် ၂၈၂၂၃၀၀ နှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနက ငွေကျပ် ၃၇၆၀၀၀၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် ၃၂၉၁၃၀၀ နှင့် အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ စောင်၊ ခြင်ထောင်များ စသည့်အဝတ်အထည် ၁၄ အိတ်တို့ကို လာရောက်လှူဒါန်းခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ရဲမှူးကြီး သိန်းဝင်း- ဒေါက်တာသန်းသန်းက ငွေကျပ် ၁၀၀၀၀၊ ဦးဝေလွင်-ဒေါ်တင်သိန်းနွယ်(မိသားစု)က ငွေကျပ် ၁၀၀၀၀၀၊ ဦးမြင့်သွင်-ဒေါ်နီနီချိန်(မိသားစု)က ငွေကျပ် ၂၀၀၀၀၀၊ ဦးမောင်မောင်က ငွေကျပ် ၁၀၀၀၀၀၊ ဆရာတော် ဦးသုဇာတနှင့် သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများက ငွေကျပ် ၁၀၀၀၀၀၀၊ ဆရာတော်ဦးကုန္ဒကမှ ငွေကျပ် ၂၀၀၀၀၀၊ ကိုလွင်ဦး-မကြည်ကြည်သင်း၊ သမီးမခိုင်ဆုဝေ(မိသားစု)က ငွေကျပ် ၁၀၀၀၀၊ ဦးမောင်မောင် (မန္တလေး)နှင့် သားသမီးတစ်စုက ငွေကျပ် ၂၀၄၂၀၀၊ ဗဟိုအင်ဂျင်နီယာတပ် အမှတ်စဉ်(၉၆) သင်တန်းဆင်းကျောင်းသားများ (အခြားအဆင့်)က ငွေကျပ် ၁၀၀၀၀၀၀၊ ဆရာမကြီး ဒေါ်သုဓမ္မစာရီ ဖေးကူပေးလှူကရုဏာဖောင်ဒေးရှင်းက ငွေကျပ် ၁၀၀၀၀၀၊ ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းက ငွေကျပ် ၅၀၀၀၀၀ တို့ကို လာရောက်လှူဒါန်းသည်။

ရခိုင်ပြည်နယ်ဦးစီးမှူးရုံး၌ မြို့ရွာနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ် ၁၀၀၀၀၀ လာရောက်လှူဒါန်းသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဝန်ထမ်းများက ငွေကျပ် ၂၀၃၀၀၀၊ ဒေါက်တာခင်ဦး၊ ဒေါ်ခင်ခင်ညွန့်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ငွေကျပ် ၁၀၀၀၀၀ နှင့် အလှူရှင်များက (OA-011834) စာရင်းသို့ တိုက်ရိုက်လှူဒါန်းငွေကျပ် ၃၇၅၀၀၀ တို့ကိုလှူဒါန်းသည်။

သို့ဖြစ်၍ ယနေ့ရရှိငွေကျပ် ၁၀၆၉၁၈၀၀ ဖြစ်သဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ လှူဒါန်းရရှိငွေစုစုပေါင်းမှာ ငွေကျပ် ၇၈၇၃၂၃၀၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




## မီးဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းများလှူဒါန်း

**နမ့်ဆန် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် အေးရှားဝေါလ် ဖောင်ဒေးရှင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၊ ရန်ကုန်လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီနှင့် ရွှေစွမ်းအင်ကုမ္ပဏီ လီမိတက်တို့က အဓိကလိုအပ်လျက်ရှိသော အိမ်ဆောက်ပစ္စည်းများ၊ ပညာရေးအထောက်အပံ့ပစ္စည်းများ၊ အစားအသောက်၊ အဝတ်အထည်နှင့်ငွေကြေးများကို ဖေဖော်ဝါရီ ၁၃ ရက်က နမ့်ဆန်မြို့အထိ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

အေးရှားဝေါလ် ဖောင်ဒေးရှင်း အဖွဲ့ဝင် ဦးမျိုးခိုင်နှင့်ဝန်ထမ်းများက နမ့်ဆန်မီးဘေးသင့်ပြည်သူများအတွက် သွပ်ပြားအချပ် ၁၀၀၀ နှင့် သွပ်ရိုက်သံထုပ်များ၊ အိမ်ရိုက်သံ ၅၁၅ ပိဿာ၊ ဆန် ၃၇၈အိတ်၊ ဆီ၃၀၆ဘူး၊ ကုလားပဲ ပိဿာ ၃၀၀နှင့် အခြားစားသောက်ကုန်နှင့် အဝတ်အထည်များကိုလည်းကောင်း၊ မီးဘေးသင့် ဆရာ၊ ဆရာမ ၂၁ ဦးနှင့် ကျောင်းသား ကျောင်းသူ ၂၄၇ ဦး အတွက် ဗလာစာအုပ် ၁၃၄ ဒါဇင်၊ ဘောပင်အချောင်း ၃၉၀၊ ခဲတံအချောင်း ၃၃၈၀ နှင့် ငွေကျပ် ၁၀ သိန်းတို့ကိုလည်းကောင်း လှူဒါန်းခဲ့ကြရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းကြည်တို့က လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**နေမျိုးနွယ်**

## ဖေဖော်ဝါရီ ၁၅ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှအနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | (ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၈၅၀၀ မှ ၅၁၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၃၉၀၀၀ | အသစ် |
| ၃။ | ဧရာ/ ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၂၀၀ မှ ၂၄၀၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၁၂၀၀ | အသစ် |
| ၅။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၅၀၀ မှ ၂၄၅၀၀ | အသစ် |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄၀၀၀ မှ ၂၅၀၀၀ | အသစ်/ရှယ် |
| ၇။ | ပဲစင်းငုံနီ RC(2016) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၅၉၀၀၀ | |
| ၈။ | မတ်ပဲFAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၇၂၀၀၀ | |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ (ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၈၀ မှ ၂၀၈၅ | |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မြစ်သား၊တောင်တွင်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀ မှ ၈၀၀ | ရှယ်၊ လတ် |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၅၂၅ မှ ၃၅၅၀ | ရှယ်၊ လတ် |
| ၁၂။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၁၀၀ မှ ၄၃၅၀ | ထူး၂၃၊၄၊၅ |
| ၁၃။ | ငရုတ်မိုးထောင် | ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၄၀၀ မှ ၃၇၀၀ | |
| ၁၄။ | အာလူး | တပ်ကုန်း၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀ မှ ၆၉၀ | |
| ၁၅။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၆၀၀ | |
| ၁၆။ | ဆီးသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ | အချဉ် |
| ၁၇။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ | |
| ၁၈။ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ မှ ၁၂၀၀၀ | |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

## ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက မီးဘေးသင့်ပြည်သူများအတွက် လှူဒါန်း

**ကျောက်ကာ ဖေဖော်ဝါရီ ၁၅**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက မီးလောင်မှုဖြစ်ပေါ်ခဲ့သော ကျောက်ကာရွာရှိ မီးဘေးသင့်အိမ်ထောင်စု ၄၁၈ စု အတွက် တစ်အိမ်ထောင်လျှင် ကနဦးလှူဒါန်း ငွေကျပ်သုံးသိန်းစီဖြင့် စုစုပေါင်းငွေကျပ် ၁၂၅၄ သိန်းအား လှူဒါန်းခဲ့သည့်အပြင် မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း မီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆန်မြို့တို့တွင်လည်း အနီးစပ်ဆုံးရှိ ကမ္ဘောဇဘဏ်လီမိတက်ဘဏ်ခွဲများမှ အရာထမ်း/ဝန်ထမ်းများနှင့် ဖောင်ဒေးရှင်း အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ထမင်းဟင်းများ ချက်ပြုတ်ကျွေးမွေးလှူဒါန်းခြင်းများအပြင် အဆိုပါဒေသရှိ မီးဘေးသင့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ငါးသိန်း၊ ဆန်တစ်အိတ်၊ ဆီတစ်ပုံးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကိုလည်း လှူဒါန်းခဲ့သည်။

ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း နမ့်ဆန်မြို့က မီးဘေးသင့်အိမ်ထောင်စု ၂၈၅ စု အတွက် ငွေကျပ်သိန်း ၁၇၀၀ကိုလည်းကောင်း၊ လပွတ္တာမြို့မှ မီးဘေးသင့်အိမ်ထောင်စု ၂၂၅ စုအတွက် ငွေကျပ်သိန်း ၁၅၀၀ကိုလည်းကောင်း၊ ကျောက္ကာရွာမှ မီးဘေးသင့်အိမ်ထောင်စု ၄၁၈ စုအတွက် ငွေကျပ် ၁၂၅၄သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည့်အတွက် မီးဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေစုစုပေါင်းမှာ ကျပ်သိန်းပေါင်း ၄၄၅၄ သိန်းရှိပြီဖြစ်ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ဖေဖော်ဝါရီ ၄ ရက်တွင် ဖြစ်ပွားသော ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တို့မှ မီးဘေးသင့်ပြည်သူများအတွက် ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း(ရန်ကုန်)က အလှူငွေကျပ်ငါးသိန်း၊ ဒေါ်အေးကျင် (မြင့်မိုရ်ဖယောင်းပုဆိုးဆိုင်)မိသားစု အမှတ်(၃၉၈) ဦးချစ်ထွန်းလမ်း (၂)ရပ်ကွက် မရမ်းကုန်း မြို့နယ်က အလှူပစ္စည်း စောင်တစ်ထုပ်၊ လူကြီးဝတ်အနွေးထည်တစ်ထုပ်နှင့် ကလေးဘောင်းဘီနှစ်ထုပ်၊ ဗိုလ်ချုပ်ဈေးသစ် ဈေးသူဈေးသားမိသားစု(ပန်းပဲတန်းမြို့နယ်)က အလှူငွေကျပ် ၂၂၀၅၀၀၀ နှင့် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံနှင့် ဆေးဝါးမျိုးစုံ၊ ဦးအောင်ဖေသန်း-ဒေါ်အေးအေးကြူမိသားစု အမှတ်(၇၀) ပတ္တမြားလမ်း (၃)ရပ်ကွက် ကမာရွတ်မြို့နယ်က အလှူငွေကျပ် ၁၀၀၀၀ နှင့် အဝတ်အထည်မျိုးစုံတစ်ထုပ်၊ မိဘနှစ်ပါးနှင့် ခင်ပွန်းဦးကျင်သောင်းအားရည်စူး၍ ဒေါ်တင်တင်ရီမိသားစု အမှတ်(၁၄/၄၈) ပိတောက်လမ်း ပေါက်ကုန်းရပ်ကွက် မင်္ဂလာဒုံမြို့နယ်က အလှူငွေကျပ် ၁၀၀၀၀၊ အင်းစိန်ရွာမ နှစ်ခြင်းခရစ်ယာန်အသင်းတော်က အလှူငွေကျပ် ၁၇၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဖေဖော်ဝါရီ ၆ ရက်မှ ၁၅ ရက်ထိ ရရှိသည့်အလှူငွေပေါင်း၁၉၄၂၉၂၀၀ လက်ခံရရှိခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရှမ်းယူနိုက်တက်အသင်း နည်းပြပြောင်းလဲ ဦးစိုးမြတ်မင်း ပြောင်းလဲတာဝန်ယူမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

လက်ရှိကျင်းပနေသည့် ၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ပွဲစဉ်(၆)အပြီး၌ ရလဒ်ကောင်းများ ရယူနိုင်ခြင်းမရှိသေးသည့် ရှမ်းယူနိုက်တက်အသင်းမှာ နည်းပြအပြောင်းအလဲပြုလုပ်ခဲ့ပြီး ဦးစိုးမြတ်မင်းကို ပြောင်းလဲကိုင်တွယ်စေမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီစတင်ခါနီးတွင် ထိုင်းပရီမီယာလိဂ်တွင် နည်းပြဖူးသည့် ဘရာဇီးနိုင်ငံသား ရူသာကိုခန့်အပ်ခဲ့သော်လည်း ခြောက်ပွဲကစားအပြီးတွင် နိုင်ပွဲတစ်ပွဲသာရရှိပြီး သုံးပွဲသရေ နှစ်ပွဲရှုံးဖြင့် ခြောက်မှတ်သာရရှိခဲ့သောကြောင့် ဖွဲ့ကပင်အသင်းအား ရှုံးနိမ့်ခဲ့သည့် ပွဲအပြီးတွင် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ခြင်းဖြစ်သည်။ ရူသာသည် လက်ရှိရာသီတွင် MNL၌ ဒုတိယမြောက်လမ်းခွဲရသည့် နည်းပြဖြစ်လာခဲ့ပြီး ယင်းမတိုင်မီက ဘရာဇီးနည်းပြတစ်ဦးဖြစ်သည့် အီမာဆင်ကို ရန်ကုန်အသင်းက နှစ်ဦးသဘောတူ လမ်းခွဲခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းဘုတ်အဖွဲ့သည် လက်ကျန်ပွဲစဉ်များကိုကိုင်တွယ်ရန် ဦးစိုးမြတ်မင်းအားတာဝန်ပေးအပ်ခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ကိုင်တွယ်လျက်ရှိသည်။ ဦးစိုးမြတ်မင်းသည် ရာသီကြိုကာလများတွင် နည်းပြချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော်လည်း ဘရာဇီးနည်းပြ ရူသာရောက်ရှိလာပြီး နောက်ပိုင်းတွင် နည်းစနစ်ဒါရိုက်တာအဖြစ် ပြောင်းလဲတာဝန်ယူခဲ့သူဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ကစားသမားသစ်များစွာ ခေါ်ယူအားဖြည့်ပြီး ပြင်ဆင်မှုများစွာ ပြုလုပ်ထားသော်လည်း ရလဒ်များကောင်းမွန်ခြင်းမရှိသေးဘဲ ပွဲစဉ်(၆)အပြီးတွင် ထိပ်ဆုံးမှ ရတနာပုံအသင်းနှင့် ၁၀ မှတ်အထိ ကွာဟသွားပြီဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

# ကွမ်းသီးအိတ်တင်လာသောယာဉ် ဘရိတ်ပေါက်၍ လမ်းဘေးထိုးကျ

**မြင်းမူ ဖေဖော်ဝါရီ ၁၅**

မန္တလေးဘက်မှ ယာဉ်မောင်း ဝင်းနိုင်စိုး(၃၂ နှစ်) မင်းကွန်းရွာသစ် စစ်ကိုင်းမြို့နယ် (လိုင်စင်လျှောက်ထားဆဲ)သည် မန္တလေးမြို့မှ ကွမ်းသီး အိတ်တစ်အိတ်လျှင် ပိဿာချိန် ၅၀ ခန့်ပါ အိတ် အလုံး ၃၀ တင်ဆောင်၍ ကလေးမြို့သို့ ထွက်ခွာလာစဉ် မြင်းမူမြို့ ထီးဆောင်းရပ်အနီး အရောက် ၎င်း၏ ကားရှေ့တွင် ကားကြီးတစ်စီးနှင့် မျက်နှာချင်းဆိုင်မှ ကားနှင့်ရှောင်တိမ်းစဉ် ကား ဘရိတ်ပေါက်ပြီး လမ်း၏ ညာဘက် ချိုင့်ထဲသို့ထိုးကျသွားသည်။

ယာဉ်အမှတ် MDY-7I/---- ISUZU ယာဉ် လေကာမှန်ကွဲကြေ ရှေ့ခေါင်းပိန်၊ အမိုးကိုင်းကောက်ကွေး သွားကြောင်း သိရသည်။ **(ယာပုံ)** (၀၇၇)




# ဆားလင်းကြီးမြို့နယ်၌ မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်၊ နေအိမ်တစ်လုံးဆုံးရှုံး

**ဆားလင်းကြီး ဖေဖော်ဝါရီ ၁၅**

ဆားလင်းကြီးမြို့နယ် ဆုံတားကျေးရွာ၌ ယနေ့ နံနက် ၆ နာရီ ၅၅ မိနစ်က မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်တစ်လုံး မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆားလင်းကြီးမြို့နယ် ဆုံတားကျေးရွာနေ ဦးသန်းမောင်(၅၅ နှစ်)သည် ထမင်းဟင်းချက်ပြုတ်ပြီး တောသို့သွားရာ မီးဖိုချောင် မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ ကိုးပေပတ်လည် သုံးပင်အိမ်၊ ထရံကာ၊ ထန်းလက်မိုး နေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ရာ ကျေးရွာပြည်သူများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၇ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မီးကို ပေါ့ဆစွာသုံးစွဲသူ ဦးသန်းမောင် ဆုံတားကျေးရွာ ဆားလင်းကြီးမြို့နယ်နေသူအား ဆားလင်းကြီးမြို့မရဲစခန်းက အမှုဖွင့်အရေး ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# ဖားကန့်မြို့နယ်၌ မြေသယ်ယာဉ်များ မြေစာစွန့်ပစ်မှုကို ပိတ်ဆို့တားဆီးဆန္ဒဖော်ထုတ်

**ဖားကန့် ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်၌ မြေသယ်ယာဉ်များ မြေစာစွန့်ပစ်နေမှုအပေါ် ရွာအတွင်းလမ်းများမှ ဖြတ်သန်းသည်ကို မလိုလားကြသော ပြည်သူတို့က မြေသယ်ယာဉ်များဖြတ်မသွားရန် တားဆီးပိတ်ဆို့မှုများ ပြုလုပ်ကြကြောင်း ဖေဖော်ဝါရီ ၁၄ ရက် နံနက်က သိရသည်။

ဖြစ်ပွားပုံမှာ ဆိပ်မူကျေးရွာ ရပ်ကွက်(၁)နေ ဦးဇောင်း(ခ) ဦးဇောင်းလွန်း ဦးဆောင်သော အဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ဆိပ်မူကျေးရွာအုပ်စု ကျောက်သွေးတောင် ကျေးရွာ၌ ကုမ္ပဏီများ၏ မြေသယ်ယာဉ်များ လမ်းမပေါ်တွင် ဖြတ်သန်းသွားလာခြင်းနှင့် မြေစာစွန့်ပစ်ခြင်းကို လူစုလူဝေးဖြင့် ဆန္ဒဖော်ထုတ်ရန်အတွက် လူများလိုက်လံစုဆောင်းနေသဖြင့် ဦးဇောင်း(ခ)ဦးဇောင်းလွန်းကို ဆိပ်မူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ခေါ်ယူမေးမြန်းခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီမှစ၍ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စုတွင် ကျောက်သွေးတောင်၊ နမ့်မှော်၊ မော်လကင်ကျေးရွာများတွင် လည်းကောင်း၊ လုံးခင်းကျေးရွာအုပ်စုတွင် လုံးခင်းကျေးရွာ မှော်စီစာ၊ မဇွပ်ယန်ကျေးရွာတို့တွင် လည်းကောင်း ခြောက်နေရာခွဲ၍ တစ်ပြိုင်တည်း ဆန္ဒဖော်ထုတ်သွားမည်ဖြစ်ကြောင်း ပြောပြသဖြင့် လူစုလူဝေးဖြင့် ဆန္ဒဖော်ထုတ်ရာတွင် ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ မြို့နယ်ရဲတပ်ဖွဲ့သို့ ကြိုတင်ခွင့်ပြုချက်တောင်းခံ၍ ဆန္ဒဖော်ထုတ်ပါရန်နှင့် ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ပါက ဥပဒေအရ အရေးယူခံရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်း၌ မြို့နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီက ဆန္ဒဖော်ထုတ်သည့် အဖွဲ့ခေါင်းဆောင် ဦးလမောင်လတောင်နှင့် ဦးဘောက်မောင်တို့ကို ခေါ်ယူတွေ့ဆုံ၍ ဆန္ဒဖော်ထုတ်ပါက ကြိုတင်ခွင့်ပြုချက်တောင်းခံပြီး ဆောင်ရွက်ပါရန် ဥပဒေရေးရာကိစ္စရပ်များကို ရှင်းလင်း အသိပေးခဲ့သည်။

သို့သော်လည်း ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီကစ၍ ဦးဇော်တောင် (ကချင်လူမှုကွန်ရက်အဖွဲ့ခေါင်းဆောင်)နှင့် အင်အား ၂၆ ဦးတို့သည် ဆိပ်မူကျေးရွာအုပ်စု ကျောက်သွေးတောင်၌ လည်းကောင်း၊ စပေါ့ကျေးရွာ၌ လည်းကောင်း၊ ဦးနောင်လတ် ဦးဆောင်သော အင်အား ၃၀ ခန့်သည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆိုင်းရာရွာသစ်ကျေးရွာအဝင်၌ လည်းကောင်း၊ ဦးသန်းစိုး ဦးဆောင်သော ၁၀ ဦးသည် ဆိုင်းရာရွာသစ် ရွာလယ်လမ်းမ၌ လည်းကောင်း ကုမ္ပဏီများ၏ မြေသယ်ယာဉ်သွားလမ်းကို ပိတ်ဆို့၍ ဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်ခဲ့သည်။

ထိုကဲ့သို့ ပိတ်ဆို့ထားရှိမှုအပေါ် ဖေဖော်ဝါရီ ၁၃ ရက်က မြို့မရဲတပ်ဖွဲ့စခန်းမှူး ဆိပ်မူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ဆိပ်မူကျေးရွာအုပ်စု ရပ်မိရပ်ဖ ဦးစိန်ဂီ၊ ဦးလှဆိုင်းတို့က အဆိုပါနေရာတွင် တွေ့ရှိသူ ဦးဆော်ပေါ်(ဦးဆောင်သူ)နှင့် ဦးနောနော်(ဦးဆောင်သူ) အုပ်ချုပ်ရေးမှူး ဆိုင်းရာရွာသစ် ရပ်မိရပ်ဖ ဦးတန်ဂွမ်းတို့အဖွဲ့က ဦးနော်လတ် ဦးဆောင်သောအဖွဲ့တို့ကို လည်းကောင်း အတားအဆီးများအား ပြန်လည်ဖျက်သိမ်း၍ ဥပဒေနှင့်အညီ ဆန္ဒဖော်ထုတ်ပါရန် ဆွေးနွေးရှင်းလင်းမှုများဆောင်ရွက်ခဲ့ကြသည်။

သို့သော်လည်း ဦးဇော်တောင်နှင့် ဦးနော်လတ် ဦးဆောင်သောအဖွဲ့များက ဆက်လက်ဆန္ဒဖော်ထုတ်လျက်ရှိသဖြင့် ဖေဖော်ဝါရီ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကျောက်စိမ်း တူးဖော်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးတို့ ပါဝင်သောအဖွဲ့က ကွင်းဆင်းကြည့်ရှုခဲ့ရာ ဆိပ်မူကျေးရွာအုပ်စု ကျောက်သွေးတောင်ရွာ၌ ကုမ္ပဏီများ၏ မြေစာသယ်သွားကားလမ်း ယာဘက်ဘေးတွင် ယာယီတဲထိုးထားသည့်နေရာ၌ ဦးဆော်ပေါ် ဦးဆောင်သည့် ၁၂ ဦးအဖွဲ့၊ လုံးခင်းကျေးရွာအုပ်စု ဆိုင်းရာရွာသစ်ကျေးရွာ ရွာလယ်လမ်းမ၌ ဦးသန်းစိုး ဦးဆောင်သည့် သုံးဦးပါအဖွဲ့၊ ဆိုင်းရာရွာသစ်ကျေးရွာ အဝင်လမ်းဆုံရှိ မြဉယျာဉ်ကုမ္ပဏီ မြေစာသယ်ယာဉ်များ ဖြတ်သန်းသွားလာသည့် လမ်းမပေါ်တွင် ဦးနောင်လတ် ဦးဆောင်သော အင်အား ၁၅ ဦးအဖွဲ့တို့က ဆန္ဒဖော်ထုတ်လျက်ရှိကြောင်း တွေ့ရှိခဲ့ရသည်။

သို့ဖြစ်၍ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စုနှင့် လုံးခင်းကျေးရွာအုပ်စုတွင် ဆန္ဒဖော်ထုတ်မှုနှင့် ပတ်သက်၍ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်ကော်မတီလေးရပ်တို့က ဆန္ဒဖော်ထုတ်ရာတွင် ဦးဆောင်နေသူများအား သွားရောက်တွေ့ဆုံ၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရေး၊ လမ်းပိတ်ဆို့မှု ရုပ်သိမ်းပေးရေး၊ ဆန္ဒဖော်ထုတ်သူများဘက်မှ လိုလားချက်များ တင်ပြစေရေး ကွင်းဆင်းညှိနှိုင်းခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**



မြေသယ်ယာဉ်များ မြေစာစွန့်ပစ်နေမှုအပေါ် ရွာအတွင်းလမ်းများမှ ဖြတ်သန်းသည်ကို မလိုလားကြသော ပြည်သူများ ဆန္ဒထုတ်ဖော်စဉ်။

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
နဂါးအမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၂၇၆၇ (၀၅၁၃)
လေငန်းဖမ်း၍ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ဖြစ်လျှင်လိမ်းနိုင်ပါသည်။
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တာဆာထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။
Certificate TH06/3966.01

အမှတ် -၄၂ A၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏
မြေညီထပ်(ဝဲဘက်ခြမ်း) (A)၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊
(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍
ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ အလျား ၁၂'×အနံ ၅၅'×အမြင့် ၁၀'အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ရှုရီ ၁၂/လမန(နိုင်) ၁၂၇၂၃၆ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့် ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)
စဉ်-၆၇၀၂
အမှတ် -၅၆၁၊ (M.A.C Tower)၊ အခန်း -၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ်၂၁ယ/၉၃၁၆၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(တာချီလိတ်)

အမည်ပြောင်း
မော်လမြိုင်မြို့၊ အထက(၆)၊ ဆဋ္ဌမတန်း(က)မှ ဦးအေးမင်းအောင်စိုး ၁၀/မလမ(နိုင်)၁၉၄၄၀၂၏ သား မောင်ထက်မြက်ရဲရင့်အား မောင်နေသူဦးဟု ပြောင်းလဲခေါ်ပါရန်။
မောင်နေသူဦး

Thai Style Restaurant
ဝန်ထမ်းအမျိုးသမီး(၂)ဦးအလိုရှိသည်
English စကားကျွမ်းကျင်
ရုပ်ရည်အသင့်အတင့် အသက် (၂၅-၃၀)ကြား
Hotel မှာ အတွေ့အကြုံရှိသူ ဦးစားပေးမည်။
လိပ်စာ - အမှတ် ၃၃၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်
ဖုန်း-၀၁-၂၂၀၁၅၇၊ ၀၉-၂၆၀၁၉၉၇၁၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 9E/2449 Toyota Probox NLP 5, S/W(4x2) R.H.D. ယာဉ်လက်ဝယ်ရှိသူ ဦးမြသိန်းဟန် ၁၂/လမတ(နိုင်)၀၀၆၅၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

# ယာဉ်စည်းကမ်းလိုက်နာမှုမရှိဘဲ မောင်းထွက်ရာမှ ယာဉ်တိုက်မှုဖြစ်ပွား၊ ဆိုင်ကယ်ငါးစီးပျက်စီး

**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေး ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းနှင့် (၆၈) လမ်းဆုံ၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲခန့်က ယာဉ်ထိန်းရဲအချက်ပြမှုကို မလိုက်နာဘဲ ဖောက်ထွက်မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးသည် တစ်ဖက်မှ အရှိန်ဖြင့်မောင်းလာသည့် မော်တော်ယာဉ်နှင့် တိုက်မိခြင်းကြောင့် လမ်းဆုံရှိ ဆိုင်ကယ်များကို တိုက်မိရာ ဆိုင်ကယ်ငါးစီး ပျက်စီး၍ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ (၆၈)လမ်းအတိုင်း တောင်မှ မြောက်သို့ မင်းထက်ပိုင် (၂၀ နှစ်) မောင်းနှင်ပြီး ချစ်ဝင်းက နောက်တွင် ထိုင်လိုက်လာသည့် ၄၆ယ/----- ဆိုင်ကယ်သည် တာဝန်ကျယာဉ်ထိန်းက ယာဉ်ကြောရှင်း အချက်ပြနေသည်ကို မလိုက်နာဘဲ ဖောက်ထွက်မောင်းနှင်ရာ သိပ္ပံလမ်းအတိုင်း အရှေ့မှ အနောက်သို့ ဦးမိုးဇော်ထွန်း(၄၄ နှစ်) မောင်းနှင်လာသည့် တိုယိုတာဟိုင်းလတ်ဆာ့ဖ် 7G/---- ယာဉ်တို့ တိုက်မိခဲ့သည်။

ထို့နောက် ဟိုင်းလတ်ဆာ့ဖ်ယာဉ်သည် လမ်းဘေးတွင် အချက်ပြကို ရပ်စောင့်နေကြသည့် မမွန်မြတ်သူ မောင်းနှင်လာသည့် စူပါကပ်ဆိုင်ကယ်၊ ကိုသန်းစိုးထက် မောင်းလာသည့် ဆိုင်ကလုံးဆိုင်ကယ်၊ ဦးထွန်းထွန်းဝင်း မောင်းလာသည့် ဟွန်ဒါကလစ်ဆိုင်ကယ်၊ ကိုဇော်ထက် မောင်းလာသည့် ဆန်ဘိုစတား ဆိုင်ကယ်တို့ကို တိုက်မိရာ ဒဏ်ရာများရရှိကာ ဆိုင်ကယ်ငါးစီး ပျက်စီးခဲ့သည်။ **(အောက်ပုံ)**

ယာဉ်ထိန်းရဲ၏ လမ်းအချက်ပြမှုကို မလိုက်နာသော မင်းထက်ပိုင်နှင့် တိုယိုတာဟိုင်းလတ်ဆာ့ဖ် ယာဉ်မောင်း ဦးမိုးဇော်ထွန်း (၄၄ နှစ်) တို့ကို အရေးယူဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ-အောင်စေပိုင်စေ**



# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



မခင်ခင်အေးကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မူးယစ်တပ်ဖွဲ့စု(၂၇)လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက်က လှိုင်လင်မြို့နယ် ပင်လုံမြို့ ရွှေပြည်သာရပ်ကွက်(၂) နောင်စွန်းလမ်း အမှတ်(၁၀)နေ မခင်ခင်အေး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို လည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၁၄ ရက်က နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ သီပေါဘက်မှ မန္တလေးဘက်သို့ စိုင်းရွှေတိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့က အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် (၁၆×၁၇)လမ်းကြား (၈၇×၈၈) လမ်းကြား အကွက်(S3-၁၄၅)နေ ထွန်းမင်းနိုင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၆၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် အုတ်တံတိုင်းအနီး ပြည်သူများ အထိတ်တလန့်ဖြစ်စေသည့် မသင်္ကာဖွယ်အထုပ်တွေ့ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(င/က)ရပ်ကွက် သံသုမာလမ်းရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်အုတ်တံတိုင်းရှေ့ ရေမြောင်းဘေးတွင် ယနေ့ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်က ဗုံးဟုယူဆရသော မသင်္ကာဖွယ် အထုပ်တစ်ထုပ်တွေ့ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ကြီး(ခ)ဦးထိပ်တင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ သုဝဏ္ဏနယ်မြေရဲစခန်းမှူးနှင့် (င/က)ရပ်ကွက် အုပ်ချုပ်ရေးမှူးအဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့ရာ 3Kg ရှိ ဂက်စ်အိုးအထွက်ကြေးခေါင်းထိပ်နှင့် တယ်လီနောဆင်းကတ်ပါ Nokia အမျိုးအစား လက်ကိုင်ဖုန်းထိပ်တွင် အရှည် လေးလက်မခန့်ရှိ အစိမ်းနှင့် အနီရောင် ဝိုင်ယာကြိုးနှစ်ချောင်းတို့အား ဆက်သွယ်ထားရှိကြောင်း တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ဂက်စ်အိုးကျွမ်းကျင်သူ အရန်မီးသတ်ဒုတပ်ရင်းမှူး ဦးခင်မောင်ထွန်းက တပ်ဆင်ထားသော ယင်းဝိုင်ယာကြိုးကိုဖြုတ်ခဲ့ရာ ဂက်စ်အနည်းငယ်သာတွေ့ရှိရပြီး ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် တွေ့ရှိသောပစ္စည်းများကို သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သိမ်းဆည်းထားကြောင်း သိရသည်။

ထို့နောက် ယင်းဂက်စ်အိုးမှာ ပေါက်ကွဲမှုရှိနိုင် မရှိနိုင် သိရှိရန်အတွက် နယ်မြေခံအင်ဂျင်နီယာတပ်မှ တပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ရာ ဂက်စ်အိုးနှင့် တွဲလျက်ရှိသည့် တယ်လီဖုန်းကို ဖုန်းခေါ်ဆိုပါက ဆက်သွယ်ထားသော ဝိုင်ယာကြိုးနှစ်စမှ ပွင့်သောမီးစသည် ဂက်စ်ကိုသာ လောင်ကျွမ်းစေနိုင်ပြီး ပေါက်ကွဲမှုဖြစ်စေနိုင်သည့် ဒီတိုနေတာယမ်းလည်း ပါရှိခြင်းမရှိ၍ ပေါက်ကွဲမှုမဖြစ်နိုင်ကြောင်းနှင့် ဝိုင်ယာကြိုးနှင့် ဖုန်းချိတ်ဆက်ထားသည့် ဗုံးအတုသာဖြစ်ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ ကနဦးသတင်းများအရ သိရသည်။

**(မြန်မာ့အလင်း)**



## လမ်းလျှောက်နေသော အမျိုးသမီးတစ်ဦး ဆိုင်ကယ်တိုက်မိ၍ သေဆုံး

**မင်းဘူး ဖေဖော်ဝါရီ ၁၅** မင်းဘူး-ပဒါန်းကားလမ်း မိုင်တိုင်အမှတ် ၈/၄ အနီး၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ စကုနယ်မြေရဲစခန်းမှ ဒုရဲအုပ် မျိုးဝေဦးနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။ မင်းဘူးဘက်မှ ရွှေစက်တော်ဘက်သို့ ဝေဠုနိုင် (၁၈ နှစ်) ရွာသစ်ပွဲကြိုရပ်ကွက် မကွေးမြို့နေသူမောင်းနှင်ပြီး နောက်မှ စည်သူလိုက်ပါလာသော ၄၃ယ/---- ရင်ဇင်း 110 ဆိုင်ကယ်သည် အရှိန်ဖြင့်မောင်းနှင်လာရာ ဆင်ခေါင်းကျေးရွာအနောက်ဘက် မိုင်တိုင်အမှတ်(၈/၄)အနီးအရောက်၌ လားရာတူလမ်းအတိုင်း လမ်းလျှောက်နေသူ ဒေါ်ရီမြင့် (၆၁နှစ်) ဆင်ခေါင်းကျေးရွာနေသူအား နောက်မှဝင်ရောက်တိုက်မိပြီး ၎င်းတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခြင်းဖြစ်ကြောင်း အမှုစစ်၏စစ်ဆေးချက်အရ သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား စကုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

ရွှေအိုးစည် 01373275, 01708342, 0949219404 50% Dis
■ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (စွယ်တော်လေးဆူ၊ ပြည်ငါးပြည်)၊ ပခုက္ကူ 65000/-
(အဆင့်မြင့်ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး၊ သောကြာညထွက်-တနင်္လာနံနက်ပြန်ရောက်/စုံစွင့်ယူရန်မလို)
■ ရွှေစက်တော်နှင့် ဘုရားစုံ (၃)ရက်။ ဆက်၍-ပုဂံ၊ ပုပ္ပါး (၅)ရက်။ Feb 19, 26
■ ဒာဇလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ/မန္တလေး၊ မြင်ဦးလွင်၊ ကျောက်စိမ်းတော်
■ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်း (၄)ရက်။ လွိုင်ကော်ပါ (၅)ရက်
■ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ ■ ဖြတ်ဖော်တင်ဗွန်းဘုရားပွဲတော် Feb 26

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်ပြည်စိုးဝင်း၏ Medical First Aid လက်မှတ်(MFA-4168/04) သည် ရန်ကုန်မြို့တွင်း ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပို့ပေးပါရန်နှင့် ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၉၇၂၇၄၁၇၁၉**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးစောထွန်း ၁၂/ရပသ(နိုင်)၀၄၉၁၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ ၅/၆ရပ်ကွက်၊ ဘုရင့်နောင်လမ်းမ၊ အမှတ်၆(က)ရှိမြေအကျယ် ပေ(၂၀×၆၀)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက ဒေါ်ဝင်းစိန်ထွေး(ဘ)ဦးသာဇံ ၁၂/လမန(နိုင်)၂၀၃၇၀၈ထံမှ ဝယ်ယူပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ရည်မွန်အောင်**( LL.B,D.B.L,D.I.L,WIPO) (Switzerland)
**အထက်တန်းရှေ့နေ (စဉ်-၄၁၁၈၀)**
**အမှတ်(၃)၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၃၃၈၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၃၉၈၃ Hino Ranger ff,175A Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်မိုးထွန်း၉/မရတ(နိုင်)၀၁၇၂၆၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြတ်ရတနာအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(၂၇၃)၊ အကျယ်အဝန်း(၄၀'×၆၇'.၆")နှင့် မြေကွက်အမှတ်(၂၇၄)၊ အကျယ်အဝန်း (၄၀'×၆၇'.၆")ကို ကုမ္ပဏီထံမှ ဝယ်ယူထားသူ ဗမခင်မောင်တင့် ၁၃/မရတ(နိုင်)၀၁၃၁၆၀ထံမှ စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူထားသူ ဦးသိန်းမွန် ၈/မကန(နိုင်)၀၅၇၆၃၁မှ ၎င်း၏အမည်ဖြင့် ပိုင်ဆိုင်မှု အထောက်အထားမြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံ စွာဖြင့်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ပုဂ္ဂလိကပိုင်အသေးစားစက်မှုဥယျာဉ်(Light Industrial Park) တည်ထောင်ရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မလစ်ကျေးရွာအုပ်စု၊ ထောင်တလုတ်ကျေးရွာ၊ မစိုကွင်း၊ ကွင်းအမှတ် (၄၈၂)နှင့် မလစ်ကျေးရွာ၊ ကြာနီကန်ကွင်း၊ ကွင်းအမှတ်(၁၁၀၇-က)နှင့်(၁၁၀၇-ခ)ရှိ မြေဧရိယာများ၏ တစ်စိတ်တစ်ဒေသတွင်ပါဝင်သည့် မြေဧရိယာဧက ၅၅၀ ခန့်ပေါ်တွင် ပုဂ္ဂလိကပိုင် အသေးစားစက်မှုဥယျာဉ်(Light Industrial Park)တည်ထောင်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသောကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် အောက်ပါ အဆိုပြုလွှာများကို သီးခြားစာအိတ်များဖြင့် ထည့်သွင်း၍ တင်ဒါတင်သွင်းနိုင်ပါသည်-

(က) ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာတွင် လုပ်ငန်းဒီဇိုင်း၊ တည်ဆောက်မှုကြီးကြပ်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်၊ အဆင့်အလိုက် ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းလည်ပတ်လုပ်ကိုင်ခြင်း၊ လုပ်ငန်းထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ အချက်အလက်များ၊ အလားတူလုပ်ငန်းအတွေ့အကြုံနှင့် စာချုပ်ချုပ်ဆိုခဲ့မှုများ ဖော်ပြပါရှိရမည်။

(ခ) ငွေကြေးဆိုင်ရာ အဆိုပြုလွှာတွင် လုပ်ငန်းအတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ၊ လုပ်ငန်းအဆင့်အလိုက် ကုန်ကျမည့် ရင်းနှီးမြှုပ်နှံမှုပမာဏ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကုမ္ပဏီ/အဖွဲ့အစည်းတို့အကြား နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်နှင့် စပ်လျဉ်း၍ အဆိုပြုတင်ပြချက်တို့ကို ဖော်ပြရမည်။ ထို့အပြင် တင်ဒါတင်သွင်းသူ၏ လွန်ခဲ့သော သုံးနှစ်အတွက် စာရင်းစစ်ဆေးပြီး ငွေကြေးအစီရင်ခံစာ၊ လုပ်ငန်းအတွက် ငွေကြေးအရင်းအမြစ်တို့ ဖော်ပြပါရှိရမည်။

၂။ တင်ဒါတင်သွင်းသူများအနေဖြင့် ၁၁-၃-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် မှတ်ပုံတင်ပြီး တင်ဒါပုံးတွင် တင်ဒါအဆိုပြုလွှာများကို ချိပ်ပိတ်တင်သွင်းရပါမည်။

၃။ တင်ဒါဖွင့်ဖောက်စိစစ်မည့်ရက်ကို ဆက်သွယ်အကြောင်းကြားပါမည်။

၄။ တင်ဒါလျှောက်လွှာများကို ၁၅-၂-၂၀၁၆ရက်မှစ၍ တစ်စုံလျှင် ၅၀၀၀၀(ကျပ်ငါးသောင်းတိတိ)ဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းမှုအာမခံအဖြစ် ၁၀၀,၀၀၀,၀၀၀(ကျပ်သိန်းတစ်ထောင်)ကို မြန်မာ့စီးပွားရေးဘဏ်တွင် ကြိုတင်ပေးသွင်းရမည်။

၆။ တင်ဒါပေးသွင်းသည့် ကုမ္ပဏီ/အဖွဲ့အစည်းများအနက် အများပိုင်ကုမ္ပဏီ (Public Company) ကို ဦးစားပေးရွေးချယ်ပါမည်။

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**

## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၁/၂)၊ အမှတ်(၂)လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ အစိုးရပိုင်မြေဧရိယာ ၁၂ဒသမ၅၃၄ဧကတွင် အငှားအိမ်ရာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တင်ဒါခေါ်ယူတည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ ပေါ်ထွက်လာမည့် အိမ်ခန်း ၁၂၀၀ကို လျှပ်စစ်ဓာတ်အားပေးရေး(အဆောက်အအုံပြင်ပအပိုင်း)အတွက်လုပ်ငန်းဆောင်ရွက်လိုသော ကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် အောက်ပါအဆိုပြုလွှာများကို သီးခြားစာအိတ်များဖြင့် ထည့်သွင်း၍ တင်ဒါတင်သွင်းနိုင်ပါသည်-

(က) ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာတွင် လုပ်ငန်းဒီဇိုင်း၊ တည်ဆောက်မှုကြီးကြပ်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်၊ အဆင့်အလိုက် ဆောင်ရွက်မည့်အစီအစဉ်များ၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ အလားတူ လုပ်ငန်းအတွေ့အကြုံနှင့် စာချုပ်ချုပ်ဆိုခဲ့မှုများ ဖော်ပြပါရှိရမည်။

(ခ) ငွေကြေးဆိုင်ရာ အဆိုပြုလွှာတွင်ကုမ္ပဏီ၏ ငွေကြေးပိုင်ဆိုင်မှု၊ ယခုဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားပေးရေး(အဆောက်အအုံပြင်ပအပိုင်း)အတွက် ကုန်ကျမည့်အဆိုပြုတန်ဖိုးကို ဖော်ပြရမည်။ ထို့အပြင် တင်ဒါတင်သွင်းသူ၏ လွန်ခဲ့သော သုံးနှစ်အတွက် စာရင်းစစ်ဆေးပြီး ငွေကြေးအစီရင်ခံစာ၊ လုပ်ငန်းအတွက် ငွေကြေးအရင်းအမြစ်တို့ ဖော်ပြပါရှိရမည်။

၂။ တင်ဒါတင်သွင်းသူများအနေဖြင့် ၁၁-၃-၂၀၁၆ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် မှတ်ပုံတင်ပြီး တင်ဒါပုံးတွင် တင်ဒါအဆိုပြုလွှာများကို ချိပ်ပိတ်တင်သွင်းရပါမည်။

၃။ တင်ဒါဖွင့်ဖောက်စိစစ်မည့်ရက်ကို ဆက်သွယ်အကြောင်းကြားပါမည်။

၄။ တင်ဒါလျှောက်လွှာများကို ၁၅-၂-၂၀၁၆ရက်မှစ၍ တစ်စုံလျှင် ၁၅၀၀၀(ကျပ်တစ်သောင်းငါးထောင်တိတိ)ဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းမှုအာမခံအဖြစ် ၁၀၀,၀၀၀,၀၀၀(ကျပ်သိန်းတစ်ထောင်)ကို မြန်မာ့စီးပွားရေးဘဏ်တွင် ကြိုတင်ပေးသွင်းရမည်။

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**

## မွေးသက္ကရာဇ် အမှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ (၃)ရပ်ကွက်နေ ဦးအောင်လင်း-ဒေါ်သိန်းဝင်းတို့၏သမီး မသန္တာဝင်း ၈/မမန(နိုင်)၁၉၇၂၆၈၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၆-၁၉၉၂ ဖြစ်ပါသည်။ **မသန္တာဝင်း**

## ဖခင် အမည်မှန်

ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာရွာ အထကသတ္တမတန်းမှ မမီမီထက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု စာရင်းအရ ဦးငွေး၇/ကကန(နိုင်)၀၄၉၆၁၅ ဖြစ်ပါကြောင်း။ **ဦးငွေး**

# အာရှခြင်းလုံးပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကျင်းပ




**မန္တလေး ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဒုတိယအကြိမ် အာရှဖိတ်ခေါ် ခြင်းလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်း ပြိုင်ပွဲတို့အတွက် သတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ Wilson ဟိုတယ်၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်**(ယနေ့)** တွင် စတင်ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ်တို့၏ ဥက္ကဋ္ဌ ဦးစိုးနိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းမြင့်ဦးနှင့် အာရှခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဇင်မိုးတို့က ပြိုင်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသော မီဒီယာများက သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် **(ယနေ့)**မှ ၁၉ ရက်အထိ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဝေရောစန ကျောက်စိမ်းစေတီတော်၌ ကျင်းပသွားမည်ဖြစ်ပြီး အာရှခြင်းလုံးပြိုင်ပွဲနှင့်အတူ ချစ်ကြည်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ ခြင်းလုံးပြိုင်ပွဲတွင် အမျိုးသားအမျိုးသမီးပြိုင်ပွဲများအားအမျိုးအစားရှစ်မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ အမျိုးသားပြိုင်ပွဲ၌ Event-3နှင့် Event-4၊ အမျိုးသမီးပြိုင်ပွဲ၌ Event-1နှင့် Event-4တို့၌ ယှဉ်ပြိုင်မည်ဖြစ်သည်။ ခြင်းလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်၊ ၁၇ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲကို အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က)တွင် မလေးရှား၊ လာအို၊ တောင်ကိုရီးယား၊ အုပ်စု(ခ)တွင် မြန်မာ၊ စင်ကာပူနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်သည်။ ခြင်းလုံးအားကစားနည်းမှာ မြန်မာ့ရိုးရာအားကစားနည်း တစ်ခုဖြစ်ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းတွင် နိုင်ငံတကာပြိုင်ပွဲအဖြစ် စတင်ကျင်းပနိုင်ခဲ့ပြီး အာဆီယံနှင့် အာရှဒေသများတွင် ပိုမိုဖွံ့ဖြိုးလာစေရန် ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစားနည်းကို နိုင်ငံတကာတွင် ပိုမိုတိုးတက်အောင်မြင်စေရန် တစိုက်မတ်မတ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ခြင်းလုံးအားကစားနည်းမှာ ဆီးဂိမ်းပြိုင်ပွဲတွင် ပုံမှန်ပါဝင်နေပြီဖြစ်သလို လာမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းတွင်လည်း ထပ်မံပါဝင်မည်ဖြစ်ကြောင်း၊ အာရှခြင်းလုံးပြိုင်ပွဲကို ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး ယခုအကြိမ်တွင် ဘုရားဖူးများစိတ်ဝင်တစား လာရောက်ဖူးမြော်နေသည့် ကမ္ဘာ့ပထမဆုံး ကျောက်စိမ်းစေတီတော်၌ ကျင်းပခြင်းဖြစ်ကြောင်း၊ ခြင်းလုံးပြိုင်ပွဲကို အမျိုးသား ၁၂သင်း၊ အမျိုးသမီး ခြောက်သင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲကို အမျိုးသားခြောက်သင်း ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ခြင်းလုံးအားကစားနည်းကို တစ်ကမ္ဘာလုံးက သိရှိနိုင်ရန် ရုပ်သံမှ နေ့စဉ်တိုက်ရိုက်ပြသမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ခြင်းလုံးပြိုင်ပွဲ၌ ပြိုင်ပွဲရှစ်ခု ကျင်းပရာတွင် ပြိုင်ပွဲအမျိုးအစားလေးမျိုးသာ ယှဉ်ပြိုင်မည်ဖြစ်ပြီး ခြင်းလုံးအားကစားနည်းကို စိတ်ဝင်တစား လာရောက်ယှဉ်ပြိုင်မည့် အသင်းများကို အခွင့်အရေးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

| ဥရောပလိဂ်များ ဘောလုံးပွဲအနိုင်အရှုံးများ | | | |
|---|---|---|---|
| **စပိန်လာလီဂါပွဲစဉ်(၂၄)** | | **အီတလီစီးရီးအေပွဲစဉ်(၂၅)** | |
| ဆိုစီဒတ် ၃-၀ ဂရန်နာဒါ | အီဘာ ၂-၀ လီဗန်တေး | အေစီမီလန် ၂-၁ ဂျီနိုအာ | အူဒီးနိစ် ၀-၁ ဘိုလော့နာ |
| ဆီဗီလာ ၂-၀ လက်စ်ပါမက်စ် | ဂီတာဖေး ၀-၁ အက်သလက်တီကို | ဆမ်ဒိုးရီးယား ၀-၀ အတ္တလန္တာ | ပါလာမို ၁-၃ တိုရီနို |
| | ဘာစီလိုနာ ၆-၁ ဆယ်လ်တာဗီကို | | ဖီအိုရင်တီးနား ၂-၁ အင်တာ |

## မြန်မာ့ရုပ်မြင်သံကြား News Channel အစီအစဉ်

**၁၆-၂-၂၀၁၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**
- ၆ : ၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇ : ၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၉ : ၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၁ : ၃၅ - မျက်မှောက်ရေးရာကဏ္ဍ

**ညပိုင်း**
- ၁၅ : ၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၆ : ၁၀ - သဘာဝ၏သူရဲကောင်းကြီးများ (ဒီရေတောကွျွန်းစိုက်ခင်း)
- ၁၈ : ၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၁၈ : ၅၀ - အယ်နီညို
- ၁၉ : ၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ မြစိမ်းရောင်သံစဉ် (အပိုင်း-၄)
- ၂၀ : ၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁ : ၀၀ - ပြည်တွင်းသတင်း နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု** (အပိုင်း-၈၅)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများထုတ်လွှင့်ပေးပါသည်။**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဒဂုန်အချိုရည်နှင့်ရေခဲစက်ရုံနှင့် မကွေးအချိုရည်နှင့် ရေခဲစက်ရုံတို့မှ အသုံးမလိုပိုလျှံစက်နှင့် စက်အရန်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၉-၂-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၃-၂၀၁၆ရက် ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်ကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၆**

## ဝန်ထမ်းအမြန်အလိုရှိသည်

**အောက်ပါစက်ချုပ်ကျွမ်းကျင် ဝန်ထမ်းများအလိုရှိသည်။**

| | | |
|---|---|---|
| ရှပ်အင်္ကျီ | ချုပ်တတ်သောသူ | (၂) ဦး |
| တိုက်ပုံ | ။ | (၂) ဦး |
| ကုတ်အင်္ကျီ | ။ | (၂) ဦး |
| ဘောင်းဘီ | ။ | (၂) ဦး |
| Q.C | အထည်စစ်ဆေးကျွမ်းကျင်သူ | (၁) ဦး |

**ဖုန်း-၀၉-၅၁၉၁၃၁၇၊ ၀၁-၃၉၁၅၇၈**

SMS Special Medicare Service

မလေးရှားနိုင်ငံတွင်နှစ်ပေါင်းများစွာအတွေ့အကြုံရှိသော
အရိုးအကြောအဆစ်နှင့်ထိခိုက်ဒဏ်ရာကုသမှုဆိုင်ရာအထူးကုဆရာဝန်ကြီးသည်
ဖေဖော်ဝါရီ၁၉ရက်နေ့နှင့်၂၀ရက်နေ့များတွင်နံနက်(၈း၀၀)နာရီမှညနေ(၅း၀၀)အထိ
လူနာများအားလာရောက်ကြည့်ရှုကုသပေးမည်ဖြစ်ပါသဖြင့်ဆွေးနွေးတိုင်ပင်လိုသူများ
ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

No.(103),28 th Street , Bet : 74th & 75 th . Mandalay.
Ph No - 02-74609, 09-2597726 57,09-780697562

## လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ပခုက္ကူမြို့နေ ဦးသိန်းထွန်း-ဒေါ်ခင်စန်းဝင်းတို့၏ သားငယ်၊ ဒေါက်တာသန်းနိုင်-ဒေါက်တာခင်မြင့်မြင့်စိုးတို့၏ တူ

**ဗိုလ်ကြီးမိုးဇော်မင်း**

B.Sc(Maths),D.S.A,ME(Computer Science),MIIT,Russia

**နှင့်**

ရန်ကုန်မြို့နေ ဦးဝင်းထိန်(ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဝန်ကြီးဌာန)-ဒေါ်ခင်ခင်ဝင်းတို့၏တစ်ဦးတည်းသော သမီး

**မအိမွန်ခင်**

B.E,M.E(Chemical)

တို့၏ ၁၄-၂-၂၀၁၆ရက်တွင် NOVOTEL Yangon Max Hotel(Yangon Ballroom)၌ ကျင်းပပြုလုပ်သည့် ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) သီရိပျံချီဦးမြင့်စိုးနှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်အသီးသီးမှ လူကြီးမင်းများနှင့်ဇနီးများ၊ ၉-၂-၂၀၁၆ရက်တွင် Sedona Hotel (Inya Room)၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးမြင့်ဟန်၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ၁၀-၂-၂၀၁၆ရက်တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မိုးကုတ်ဆွမ်းစားဆောင်၊ သီရိရတနာကမ္ဘာအေးကုန်းမြေ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဗိုလ်သင်တန်းအမှတ်စဉ်(၅၈)မှ သူငယ်ချင်းများနှင့်ဇနီးများ၊ ဘူမိဗေဒဌာနမှ ဆရာ/ဆရာမများ၊ သူငယ်ချင်းများနှင့်ဇနီးများအားလည်းကောင်း၊ လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါပေး ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဧည့်ခံပေးပါသော ရီရီသန့်-နှင်းရီသန့် တေးဂီတအဖွဲ့၊ တက်ရောက်ချီးမြှင့်ပြီး တေးသံသာများဖြင့် သီဆိုပေးပါသော အကယ်ဒမီများရှင်ရန်အောင်၊ အကယ်ဒမီများရှင် မို့မို့မြင့်အောင်၊ မင်္ဂလာပန်းကြဲပေးပါသော ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် နေအောင်ရာ၊ မင်္ဂလာပန်းကုံးဗန်းကိုင်မခင်ကောင်းထက်၊ မင်္ဂလာလက်စွပ်ဗန်းကိုင် မသက်ဝါဆို၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးတင့်နိုင်ဌေး၊ ဗိုလ်ကြီးသက်ထူးအောင်နှင့် မင်္ဂလာသတို့သမီးအရံ မမေမြသက်၊ ဒေါက်တာအေးသူခိုင်တို့အားလည်းကောင်း၊ ရတနာများဆင်မြန်းပေးပါသော ပါဝါစိန်ရွှေရတနာဆိုင်မှ ဦးထွန်းအောင်ကျော်နှင့် ဒေါ်အေးအေးတင်အားလည်းကောင်း၊ မိတ်ကပ်ဆံပင် အလှဖန်တီးပေးပါသော ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော "Focus Daily" ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့တို့အားလည်းကောင်း၊ ၁၅-၂-၂၀၁၆ရက်တွင် Mya Yeik Nyo Hotel၌ ကျင်းပသည့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသည့် နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေသင်္ဂဟပုဂ္ဂိုလ်များအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးမိုးဇော်မင်း-မအိမွန်ခင်**

# စစ်တွေမြို့တွင် ဂျာမနီနိုင်ငံမှ ဆရာဝန်ကြီးများက ပဋ္ဌမအကြိမ်မြောက်အခမဲ့ခွဲစိတ်ကုသပေး



ဂျာမနီနိုင်ငံမှ ဆရာဝန်ကြီးများက စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်စဉ်။

**စစ်တွေ ဖေဖော်ဝါရီ ၁၅**

ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့် ဆရာတော်ဒေါက်တာ အရိယဝံသ၏ ဩဝါဒအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အဓိကထောက်ပံ့မှုဖြင့် ရခိုင်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ စားဖိုမှူးများအသင်းနှင့် ရခိုင်အမျိုးသားလူမှုကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်)တို့က ကမကထပြုဆောင်ရွက်ကာ ဂျာမနီနိုင်ငံမှ အထူးကု ဆရာဝန်ကြီးများက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ လည်ပင်းကြီး၊ အဆီကျိတ်၊ မီးလောင်ဒဏ်ရာများအား ပဋ္ဌမအကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသမှုလုပ်ငန်းကို ဖေဖော်ဝါရီ ၁၃ ရက်မှ စတင်ကာ စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်အတွင်း စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ခွဲစိတ်ကုသမှုလုပ်ငန်းကို ပြည်နယ်ဆေးရုံကြီး (စစ်တွေ) တွင် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၄ ရက်အထိ ၁၁ ရက်ကြာ ဆောင်ရွက်မည်ဖြစ်ပြီး စာရင်းပေးသွင်းထားရှိမှု ဦးရေမှာ လည်ပင်းကြီးရောဂါ ၂၀၀၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ၄၇ ဦး၊ အခြား မီးလောင်ဒဏ်ရာ၊ ခြေပူး၊ လက်ပူး၊ အဖုအကြိတ်ရောဂါဝေဒနာရှင်ပေါင်း ၇၅ ဦး စုစုပေါင်း ၃၂၂ ဦးရှိကြောင်း သိရသည်။

**(စစ်တွေကိုယ်ပွား)**

# ဘန်းကန်(လှည်းကုန်း)ကျေးရွာတွင် လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၅**

တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ကွန်လုံကျေးရွာအုပ်စု ဘန်းကန် (လှည်းကုန်း) ကျေးရွာနှင့် ညောင်စင်ကျေးရွာတို့ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ဘန်းကန်ကျေးရွာ ယာယီမဏ္ဍပ် ထရန်စဖော်မာရှေ့၌ကျင်းပရာ ရှမ်းပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက ဘန်းကန် (လှည်းကုန်း)ကျေးရွာနှင့် ညောင်စင်ကျေးရွာ နှစ်ရွာသည် လျှပ်စစ်မီး၂၄ နာရီရရှိပြီဖြစ်၍ လျှပ်စစ်မီးအသုံးဝင်ပုံနှင့် လျှပ်စစ်အန္တရာယ်များအကြောင်း၊ ထရန်စဖော်မာ ၂၀၀ ကေဗွီအေနှင့် ၁၀၀ ကေဗွီအေ တစ်လုံးတပ်ဆင်ပေးကာ ကျေးရွာနေပြည်သူလူထုများအား ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်ကြောင်း ပြောကြားခဲ့သည်။

တောင်ကြီးမြို့နယ် ရွှေညောင်မြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးဝင်းက ကျေးရွာပြည်သူများအား လျှပ်စစ်မီးကို ရိုသေစွာကိုင်တွယ်သုံးစွဲရန်၊ ၄၀၀ ဗို့အားလိုင်းဖြစ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားသော ကျေးရွာနှစ်ရွာတွင် စုစုပေါင်းအိမ်ခြေ ၂၇၀ ကျော်ရှိကြောင်း ပြောသည်။ အဆိုပါကျေးရွာကို ပြည်နယ်အစိုးရရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုများ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကွန်လုံကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညဏ်ထွန်းက ယခင်နှစ်များစွာ လျှပ်စစ်မီးမရရှိအချိန်က ဖယောင်းတိုင်မီးဖြင့်သာနေခဲ့ရပြီး ယခု လျှပ်စစ်မီး အလင်းတန်းဘဝတို့ ရောက်ရှိအောင် မေတ္တာစေတနာဖြင့် ထောက်ပံ့ကူညီပေးသော နိုင်ငံတော်အစိုးရနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးတွဲကျင်းပသည့် ကလေးစာပေပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

အာရှနိုင်ငံများအတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသော ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association-SVA) နှင့် မြန်မာနိုင်ငံစားရေးဆရာအသင်း (MWA) တို့ပူးပေါင်းပြီး မြန်မာနိုင်ငံရှိကလေးများ စာဖတ်ကျင့်မြှင့်တင်ရေးနှင့် အရည်အသွေးမြင့်မားသည့် ကလေးစာပေများ ထွက်ပေါ်နိုင်ရေးကိုရည်ရွယ်လျက် ကလေးစာပေပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ကလေးစာပေရေးသားသူမည်သူမဆို ပြိုင်ပွဲ၏ဆောင်ပုဒ် "ငြိမ်းချမ်းခြင်း" (Peace) ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲအမျိုးအစားသုံးမျိုးခွဲခြားထားသည်။

ပြိုင်ပွဲအမျိုးအစားမှာ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများ ဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော်စာမူ၊ အသက်ခြောက်နှစ်မှ ရှစ်နှစ်အရွယ်ကလေးများဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော်စာမူ၊ အသက်ကိုးနှစ် မှ ၁၁ နှစ်အရွယ်ကလေးများဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော်စာမူတို့ ဖြစ်သည်။

စာမူအဆင့်တစ်ဆင့်လျှင် ပထမဆုနှင့် ဒုတိယဆု နှစ်ဆုစီစုစုပေါင်း ခြောက်ဆုချီးမြှင့်မည်ဖြစ်ပြီး ပထမဆုအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဒုတိယဆုအတွက် အမေရိကန်ဒေါ်လာ ၈၀၀ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ဇူလိုင် ၃၁ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၁-၂၅၄၁၇၃ သို့ ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စည်းကမ်းအသေးစိတ် အချက်အလက်များကို မြန်မာနိုင်ငံစာရေးဆရာအသင်း၌ တစ်စုံလျှင် ငွေကျပ် ၁၀၀ ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း Facebook Account ဖြစ်သော Myanmar Mwa တွင် ဖတ်ရှု၍ဖြစ်စေ ရယူနိုင်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဂန့်ဂေါမြို့တွင် ကလေးများနေ့အထိမ်းအမှတ်ကျင်းပ



**ဂန့်ဂေါ ဖေဖော်ဝါရီ ၁၅**

ကလေးများနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစားပွဲများကို ဂန့်ဂေါမြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် မူလတန်းကြိုကျောင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့သည်။

ရင်သွေးငယ်များ၏ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အက္ခရာစာလုံးရွေးချယ်မှုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဘောလုံးအရောင်ရွေးချယ်မှုပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲတို့ ကျင်းပ၍ စေတနာရှင် ဒေါ်မြင့်မြင့်အေးနှင့် ဒေါ်မြပုလဲသွယ်တို့က ရင်သွေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၀၁)**

# မတူပီ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့အသံရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်တွင် စက်ရုံ ၁၉ ရုံကိုလည်းကောင်း၊ ဒုတိယအဆင့်တွင် စက်ရုံ ၃၅ ရုံကိုလည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တတိယအဆင့် ဆောင်ရွက်သွားမည့် FM လွှင့်စက်ရုံ ၂၅ ရုံအနက် မတူပီစက်ရုံ၌ ဇန်နဝါရီ ၂၇ ရက်မှစတင်၍ လွှင့်အား 150 W၊ လှိုင်းနှုန်း 88.0 MHz ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို ခြန်းပြန်း၊ ဝေးတူ၊ ရမ်တိန်း၊ နော်တဲ၊ စောင်ထီးယား၊ လေရိန်း၊ အောက်လား၊ လေဆင်း၊ ဖနိုင်၊ ငလိုင်၊ လုံတုမ်း၊ ကစဲ ကျေးရွာများအထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

တတိယအဆင့် စက်ရုံ ၂၅ ရုံအနက် ဇန်နဝါရီ ၂၇ ရက်အထိ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၂၄ ရုံမှ မြန်မာ့အသံ FM ရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## သတင်းတိုများ

### နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မြင့်နိုင်နှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၁ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသည့် ကျောင်းသား ကျောင်းသူ ၁၁၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၀၅၃)**

**မန္တလေး**

မန္တလေးမဟာအောင်မြေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အထူးမိုးပွင့်အပိုင်း(၂)စီမံချက်အရ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများကို အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်က အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်း(ခွဲ) (၃၃)တို့၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာ၌ မြို့နယ်ဦးစီးမှူး ဦးသောင်းဒန် ဦးဆောင်သောရုံးဝန်ထမ်းများက အထက(၂၄)မှ ကျောင်းသား ကျောင်းသူ ၂၉၅ ဦး၊ အလက(ခွဲ)(၃၃)မှ ကျောင်းသား ကျောင်းသူ ၈၃ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

### ထရန်စဖော်မာ ဝိုင်ယာရှော့ဖြစ်မှု စစ်ဆေး

**ထားဝယ် ဖေဖော်ဝါရီ ၁၅**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာ၌ ဖေဖော်ဝါရီလ ဒုတိယပတ်က မောင်းမကန်ကမ်းခြေနှင့် လမ်းသစ်လမ်းဆုံအနီးရှိ တည်ဆောက်ထားသော (၁၁/ ၀ ဒသမ ၄ ကေဗွီ) (၂၀၀ ကေဗွီအေ) ဗို့ရှိ ထရန်စဖော်မာမှ ဝိုင်ယာရှော့ဖြစ်မှုနှင့် ပတ်သက်၍ မောင်းမကန်မြို့နယ်လျှပ်စစ်မှူးနှင့်အတူ ဝန်ထမ်းများက ဓာတ်အားခွဲရုံတွင် တပ်ဆင်ထားသော Cable ကြိုးများ၊ Circuit Breaker များ၊ 11 ကေဗွီ Fuse များနှင့် ထရန်စဖော်မာကို စမ်းသပ်စစ်ဆေးခဲ့ပြီး ပစ္စည်းများပျက်စီးခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိ၍ ဓာတ်အားများကို ပုံမှန်ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

### ကြက်ခြေနီအသင်းရုံး ပန္နက်ရိုက်

**လှိုင်းဘွဲ ဖေဖော်ဝါရီ ၁၅**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ကြက်ခြေနီအသင်းရုံးမြေနေရာအား ပန္နက်ရိုက်ခြင်းကို ဖေဖော်ဝါရီလ ဒုတိယပတ်က မြို့နယ်ကျန်းမာရေးမှူးဒေါက်တာမြင့်သိန်းထွန်း၊ ရပ်မိရပ်ဖ ဦးဖေမောင်တာ၊ ရေသန့်အရာရှိ ဦးသန်းအောင်၊ မြို့ပေါ်ရပ်ကွက် (၄) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးတို့က ကြက်ခြေနီအသင်းရုံးမြေနေရာကို ပန္နက်ရိုက်ခဲ့ပြီး ကြက်ခြေနီအသင်းဝင်များ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၂၅ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

**ပေါက် ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းဆုပ်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က အဆိုပါဖွင့်ပွဲမဏ္ဍပ်၌ ကျင်းပခဲ့သည်။

အဆိုပါအဆောက်အအုံသည် အလျား ပေ၃၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေ၊ အုတ်ညှပ်၊ တမံသလင်း၊ သွပ်မိုးကို ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေကျပ် ၈၆ သိန်းဖြင့် ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ရာ ပြည်သူများကျန်းမာရေး ဖောင်ဒေးရှင်းတော်ဝင်စေတနာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ၂၀၁၅ ခုနှစ် ဇူလိုင်လမှစ၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကင်းဆုပ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်နိုင်ခြင်းဖြင့် ကင်းဆုပ်၊ ဘို့မယ်၊ ချောင်းဆုံကျေးရွာတို့ပါဝင်သော ရွာသုံးရွာမှ အိမ်ခြေ ၃၇၀၊ လူဦးရေ ၂၀၅၅ ဦးအတွက် ယခင်ကာလထက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖိုးသားလေး(ယောမြေ)**

# ဆိုင်ကယ်သတိပြုမောင်းနှင်ရန် အသိပေး

**မော်လူး ဖေဖော်ဝါရီ ၁၅**

ရွှေဘို-မြစ်ကြီးနား ဗျူဟာကားလမ်းပေါ်ရှိ လမ်းတံတားများ လမ်းအထူးအဖွဲ့ကြီးနှင့် ကုမ္ပဏီများမှ မြို့နယ်များအတွင်း လမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါလမ်းများကို ဆောင်ရွက်၍ မပြီးဆုံးမီ ခရီးဝေးနှင့်ဒေသခံများအနေဖြင့် ကျောင်းသား ကျောင်းသူများ ဆိုင်ကယ်စီးနင်းမောင်းနှင်သူများအတွက် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ သတိပြုစီးနင်းမောင်းနှင်ကြရန်မြို့တွင်းတွင် လမ်းကျဉ်းသည့် လူစည်ကားသည့်နေရာ လမ်းဆုံလမ်းခွများ စာသင်ကျောင်းများရှေ့၌ စက်ရှိန်လျှော့မောင်းနှင်ပေးကြပါရန် အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# သုံးခွမြို့တွင်း လမ်းများပြုပြင်

**သုံးခွ ဖေဖော်ဝါရီ ၁၅**

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော Omini Focus ဆောက်လုပ်ရေးကုမ္ပဏီမှ အများပြည်သူခရီးသွားလာရေးအဆင်ပြေစေရန် အမှတ် (၄) ရပ်ကွက် အောင်ဇေယျလမ်းမကြီး မြို့မဈေးရှေ့တွင် လမ်းများပြုပြင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလဒုတိယပတ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# ဟင်းသီးဟင်းရွက် သစ်သီးဝလံများစားသုံးရာတွင် အန္တရာယ်ကင်းစေရေးနှိုးဆော်ချက်

လူတို့ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် နေ့စဉ်စားသောက်သည့် အစားအစာများတွင် ရောဂါကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များနှင့် သတ္တုဓာတ်များပါဝင်သည့် ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကို စားသုံးရန်လိုအပ်သည်။

ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများစားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသောဟင်းသီးဟင်းရွက်သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာစသည့် ဓာတုပစ္စည်းများပါဝင်သည့် ဟင်းသီးဟင်းရွက်များကိုစားသုံးမိခြင်းကြောင့် လတ်တလောတွင် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာခြင်း၊ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်းတို့ဖြစ်ပေါ်လာနိုင်ပြီးနောက်ပိုင်းတွင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ခြင်း၊ မျိုးပွားနိုင်စွမ်းလျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုဖြစ်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်း၊ ကင်ဆာရောဂါဖြစ်ပွားခြင်းစသည်တို့ဖြစ်ပွားတတ်သည်။

သို့ပါ၍ ဟင်းသီးဟင်းရွက်နှင့်အသီးအနှံများစားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန် ဓာတုဆေးများအသုံးပြု၍ဝါဝင်းနေအောင် ပြုလုပ်ထားသော သစ်သီးများကိုစားသုံးခြင်းမှရှောင်ကြဉ်ခြင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများတွင် အသုံးပြုသည့်ပိုးသတ်ဆေးများနှင့်ဓာတုပစ္စည်းများ အစားအသောက်ထဲတွင် မပါဝင်စေရန် ဟင်းသီးဟင်းရွက်များကို မလှီးမဖြတ်ခင် ရေသန့်သန့်နှင့်စင်ကြယ်စွာဆေးကြောပြီးမှ ချက်ပြုတ်စားသုံးခြင်း၊ အစိမ်းစားမည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ရေသန့်သန့်ဖြင့် အထပ်ထပ်ဆေးပြီးမှ စားသုံးခြင်း၊ သဘာဝအတိုင်းစိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို စားသုံးခြင်းစသည့်အချက်များကို လိုက်နာဆောင်ရွက်ကြပါရန်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နောင်တရားမြို့မဈေးသစ်ကြီး ဖွင့်ပွဲကျင်းပ



**နောင်တရား ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့တွင် နောင်တရားမြို့ဈေးသစ်ကြီးဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပသည်။

အဆိုပါဈေးသစ်ကြီးကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ပင်လောင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဓာတ်ပုံ)

ထို့နောက် နောင်တရားမြို့မဈေးသစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကောင်တန်ကုမ္ပဏီ ဒါရိုက်တာ ဦးခွန်စိုးမိုးကျော်က ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးထံသို့လွှဲပြောင်းပေးအပ်ခဲ့ပြီး နောင်တရားမြို့မဈေးသစ် တည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးခွန်ညွန့်ရီက ဈေးသစ် တည်ဆောက်ရခြင်းနှင့် ဈေးနေရာပြောင်းလဲသတ်မှတ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ယင်းမြို့မ ဈေးသစ်ကြီးတွင် Steel Structure ဈေးရုံ ၇၅ ရုံ၊ ဆိုင်ခန်း ၁၂၆၄ ခန်း၊ ပုံကျဈေးရုံလေးရုံ၊ သားငါးရုံတစ်ရုံ၊ ရေလှောင်ကန်၊ ရေတွင်း၊ ရေမြောင်း၊ ရေအိမ်နှင့် ကွန်ကရစ်ဈေးလမ်းများကို ငွေကျပ် ၁၂၇၂၄၃သိန်း အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# သီလရှင်သင်ပညာရေးကျောင်း၌ ပညာဒါနအလှူရှင်များလိုအပ်

**ကျွန်းလှ ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အင်ကြင်းမြိုင်ရပ်ကွက်၌ ဖွင့်လှစ်ထားသော အမှတ်(၁) သီလရှင်သင်ပညာရေးကျောင်းတွင် ပညာဒါနအလှူရှင်များ လိုအပ်နေကြောင်း သိရသည်။

“ကျွန်တော်တို့ ဒီကျောင်းကို ၂၀၀၃-၂၀၀၄ပညာသင်နှစ်မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အထိ မူလတန်းအဆင့်ဖြင့် ဖွင့်လှစ်ခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစပြီး ယခုနှစ်အထိ အလယ်တန်းအဆင့်အထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ တိုးလာသည့်အတွက် ကျောင်းမှာ လိုအပ်ချက်များရှိနေပါတယ်” ဟု ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ပြောသည်။

အဆိုပါ သီလရှင်သင်ပညာရေးကျောင်းတွင် ခက်ခက်ခဲခဲရပ်တည်နေရတဲ့အတွက် ပညာဒါနအဖြစ် အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၀၅၁၉၉၅၂၊ ၀၉-၄၄၄၀၂၀၄၆၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပထမအကြိမ် စာပေဟောပြောပွဲကျင်းပ

**တပ်ကုန်း ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် ကျေးချောင်းကျေးရွာအုပ်စု ကျောင်းရွာကျေးရွာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စာပေဗဟုသုတရရှိစေရန်ရည်ရွယ်၍ ကလေးသူငယ်များနေ့ အထိမ်းအမှတ်အဖြစ် ပထမအကြိမ်စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ည ၇ နာရီက အဆိုပါကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်းဝင်း၌ ကျင်းပခဲ့သည်။

အဆိုပါစာပေဟောပြောပွဲတွင် စာရေးဆရာခိုင်မင်းက ကလေး ကလေး အထင်မသေးနဲ့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာရဲမှူးချုပ်(ငြိမ်း) ဝင်းခေါင်က အင်ဂျင်နှင့်ဘရိတ် ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ရာ ကျောင်းရွာ၊ အင်ပင်၊ ကျေးချောင်း(တ)၊ ကျေးချောင်း(မ)ကျေးရွာများမှ စာပေချစ်မြတ်နိုးသူ ကျေးလက်ပြည်သူများနှင့် ကျောင်းသား ကျောင်းသူ အင်အား ၉၀၀ ကျော်ခန့် လာရောက်မှတ်သားကြကြောင်း သိရသည်။

**(၀၃၆)**



**ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ မိနီမာရသွန်ပြိုင်ပွဲများကို ဖေဖော်ဝါရီပထမပတ်မှစတင်၍ မြို့နယ်ပဒေသာအားကစားရုံနှင့် ပဒေသာအားကစားကွင်း၌ ကျင်းပလာခဲ့ရာ ဖေဖော်ဝါရီ ၁၂ ရက်တွင် ဗိုလ်လုပွဲ၌ ပထမဒိုင်းဆုဖလားရရှိသော (၁၂) ရပ်ကွက် ဖူဆယ်ဘောလုံးအားကစားအသင်းအား အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက ပထမဆုဖလားကို ပေးအပ်စဉ်။**

ဝင်းမြင့်ထွန်း(တောင်ဥက္ကလာပ)

# ရာသီမရွေးသွားလာရေးလွယ်ကူစေရန် ချောင်းကူးတံတားတည်ဆောက်

**စလင်း ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် လက်ပန်ကျင်းကျေးရွာအနီး လက်ပန်ကျင်း ချောင်းကူးတံတားကို တံတားအထူးအဖွဲ့(၆)က တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားမှာ အလျားပေ ၃၆၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၁ ပေ ခြောက်လက်မရှိ သံကူကွန်ကရစ်ဖြစ်ပြီး ဘေးနှစ်ဖက်တွင် လူသွားလမ်း တစ်ဖက်နှစ်ပေ ပါဝင်မည်ဖြစ်သည်။ ယခင်က မိုးတွင်းကာလတွင် ချောင်းရေများကျသဖြင့် ဆိုင်ကယ်များကို လူထမ်းဖြင့်လည်းကောင်း၊ ကားများကို လယ်ထွန်စက်အကူအညီဖြင့်လည်းကောင်း ဆွဲယူဖြတ်ကူးရသဖြင့် အချိန်ကုန်ငွေကုန်ဖြစ်ရကြောင်း၊ ယခုတံတားကြီး ပြီးစီးသွားပါက ရာသီမရွေးအလွယ်တကူသွားလာနိုင်တော့မည်ဖြစ်၍ ဒေသခံများက ဝမ်းသာနေကြောင်း ပြောသည်။

တံတားဆောက်လုပ်ခြင်း လုပ်ငန်းကို ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် စတင်ခဲ့၍ ၂၀၁၆ မတ်လကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေကျပ်သန်း ၆၀၀ ကျော် ကျခံသုံးစွဲတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**



# ဓာတုဗေဒပစ္စည်းစီမံခန့်ခွဲမှုနှင့် ဓာတုဗေဒပစ္စည်းများအား အမျိုးအစား အဆင့်အတန်းခွဲခြားခြင်းနှင့်တံဆိပ်ကပ်ရာတွင် တစ်ကမ္ဘာလုံး ညီညွတ်စေသည့်စနစ်

ဒေါက်တာ လပြည့်ခင်

**GHS (Globally Harmonized System of Classfication and Labeling of Chemical)၏ သမိုင်းအစ**

ဓာတုပစ္စည်းများကို အသုံးပြုခြင်းသည် လူသားများ၏ နေ့စဉ်ဘဝ၊ နေထိုင်မှုပုံစံဖွံ့ဖြိုးတိုးတက်မှုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အထောက်အကူပြုပါသည်။ အစားအသောက်များ ကြာရှည်အထားခံစေရန်ပြုပြင်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဖြည့်စွက်ပစ္စည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုသော ဆေးမျိုးစုံနှင့် သန့်ရှင်းရေးဆေးရည်များ၊ ပြုပြင်မွမ်းမံရေးလုပ်ငန်းသုံး သဘော်ဆေးကဲ့သို့ သုတ်ဆေးများ၊ ယာဉ်အမျိုးမျိုးအတွက် လိုအပ်သည့် ဓာတုလောင်စာများ၊ ပလတ်စတစ်ကဲ့သို့သော လူသုံးကုန်ပစ္စည်းများ အစရှိသည့် ဓာတုပစ္စည်းများသည် လူသားတို့၏ နေ့စဉ်ဘဝတွင် မရှိမဖြစ်ကဏ္ဍမှ ပါဝင်လျက်ရှိနေပါသည်။ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ဘေးဆိုသကဲ့သို့ ဓာတုပစ္စည်းများ၏ ပင်ကိုစရိုက် လက္ခဏာများဖြစ်သည့် အကျိုးရှိ အသုံးဝင်ခြင်းနှင့် မီးလောင်နိုင်ခြင်း၊ ပေါက်ကွဲနိုင်ခြင်း၊ ယိုဖိတ်ရန်လွယ်ကူခြင်း၊ အဆိပ်အတောက်ဖြစ်စေနိုင်ခြင်း အစရှိသည့် ဘေးအန္တရာယ် ဖြစ်စေခြင်းတို့မှာလည်း ဒွန်တွဲလျက်ရှိနေပါသည်။ ဘေးအန္တရာယ်ပေးနိုင်မှု ဒီဂရီအနည်းအများသည်လည်း ကိုင်တွယ်အသုံးပြုပုံတို့အပေါ် အနည်းနှင့်အများ တည်မှီနေရာ ဓာတုပစ္စည်းများ၏ အကျိုးရှိအသုံးဝင်မှုကြောင့် ဘဝတွင် အဆင်ပြေသာယာမှုများကို ပျော်ရွှင်ခံစားနိုင်ကြသော်လည်း ၄င်းတို့ကို မလျော်ကန်စွာ အသုံးပြုမိကြသည့်အခါများ၊ စနစ်တကျ မကိုင်တွယ်မိသည့်အခါများတွင် ဘေးအန္တရာယ်များကို ထွေးပွေ့ခံစားကြရမည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဓာတုပစ္စည်းများသည် လူသားတို့အတွက် အကျိုးရှိအရေးပါသကဲ့သို့ အဆိပ်အတောက်ဖြစ်စေခြင်းနှင့် အန္တရာယ်ရှိခြင်းတို့ကိုလည်း ဖြစ်စေသောကြောင့် ကောင်းကျိုးနှင့် ဆိုးကျိုးတွဲနေကြောင်း သိထားသင့်ပါသည်။

အစစအရာရာ တိုးတက်ထွန်းကားနေသည့် ယနေ့ခေတ်ကြီးထဲတွင် ကုန်ထုတ်လုပ်ငန်းများ၌ ကုန်ကြမ်းအဖြစ် အသုံးပြုနေကြသော ဓာတုပစ္စည်းများ အရေအတွက်မှာ အများဆုံးဖြစ်နေပြီး စားသုံးသူ လက်ဝယ်သို့ တိုက်ရိုက်ရောက်သော လူသုံးကုန်ဓာတုပစ္စည်းများမှာ အနည်းငယ်သာရှိပါသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ဓာတုပစ္စည်းအမျိုးအစားများမှာ နှစ်စဉ်တိုးပွားလျက်ရှိနေရာ ယခုအခါ ဓာတုပစ္စည်း အမျိုးအစားပေါင်း ၅၅ သန်းကျော်ရှိနေပြီး ယင်းနှင့်ဆက်နွှယ်နေသော ဘေးအန္တရာယ်များမှာလည်းများသထက် များပြားလာနေပါသည်။ ကမ္ဘာတစ်ဝန်းရှိ ကုန်ထုတ်လုပ်ငန်းခွင်များတွင် ဓာတုပစ္စည်းများကြောင့် သေဆုံးရမှုများလည်း နှစ်စဉ် သုံးသိန်းနီးပါးခန့် ရှိနေပါသည်။ သို့သော် စားသုံးသူများအနေဖြင့် ဓာတုပစ္စည်းများ၏ ကောင်းကျိုးဆိုးကျိုးကို အလွယ်တကူသိရှိနိုင်ရန် ခက်ခဲပြီး ကာကွယ်တားဆီးနိုင်ရန်အတွက် ကုန်ကျမှုစရိတ်မှာလည်း အလွန်များပြားလှပါသည်။ ထို့ကြောင့် ဓာတုပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာထုတ်လုပ်ရေး၊ သိမ်းဆည်းသိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့်လွဲမှားစွာ အသုံးမပြုရေးတို့အတွက် လူတိုင်းတွင် တာဝန်ကိုယ်စီရှိကြောင်းသိရှိပြီး ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း တိကျစွာလိုက်နာဆောင်ရွက်ရန်လည်း လိုအပ်လှပါသည်။

သို့ဖြစ်၍ ကမ္ဘာတစ်ဝန်းတွင် ဓာတုဗေဒဆိုင်ရာ ဥပဒေများ၊ ကန့်သတ်ချက်များ ပေါ်ပေါက်လာပါသည်။ ၁၉၉၀ပြည့်နှစ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (International Labour Organization-ILO)မှလည်း ဓာတုပစ္စည်း အသုံးပြုလုပ်ကိုင်ကြသော လုပ်ငန်းများတွင် ဘေးကင်းလုံခြုံမှုနှင့်ပတ်သက်ပြီး ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ် ဇွန်လတွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့ တွင် ပြုလုပ်သော ကုလသမဂ္ဂပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးမှုညီလာခံ (UN Conference on The Environment and Development -UNCED) အခန်း(၁၉)တွင် အစီအစဉ်(၆)ရပ်ရေးဆွဲ၍ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် ဓာတုပစ္စည်းစီမံခန့်ခွဲမှုကို ချမှတ်ခဲ့ပါသည်။ ယင်းတို့မှာ အန္တရာယ်ဆန်းစစ်ခြင်း (Risk Assessment)၊ ဓာတုပစ္စည်းများကို အမျိုးအစားခွဲခြားခြင်းနှင့် တံဆိပ်ကပ်ခြင်းတွင် ညီညွတ်မှုရှိခြင်း (Harmonisation of Classification & Labeling of Chemicals)၊ သတင်းအချက်အလက်ဖလှယ်ခြင်း (Information Exchange)၊ အန္တရာယ်လျှော့ချခြင်းအစီအစဉ် (Risk Reduction Programmes)၊ အမျိုးသားဓာတုပစ္စည်းများ စီမံခန့်ခွဲမှုနှင့် လုပ်ကိုင်မှုစွမ်းရည် ဖြည့်တင်းခြင်း (Strenghting of National Chemical Management and Capacities)၊ အဆိပ်နှင့်အန္တရာယ်ရှိပစ္စည်းများ တရားမဝင်နိုင်ငံတကာ သယ်ဆောင်မှုကိုကာကွယ်ခြင်း (Prevention of Illegal International Traffic in Toxic and Dangerous Products) တို့ပါဝင်ပါသည်။ ၂၀၀၂ ခုနှစ်တွင် ကျင်းပသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအတွက် ကမ္ဘာ့ထိပ်သီးညီလာခံ (World Summit for Sustainable Development-WSSD)၏ အကောင်အထည်ဖော်မှုအစီအစဉ် စာပိုဒ် ၂၃(ဂ)တွင်လည်း **၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးရှိ ဓာတုပစ္စည်းသုံးစွဲမှုနှင့် ထုတ်လုပ်မှုနည်းလမ်းများတွင် ပတ်ဝန်းကျင်နှင့် လူသားများ၏ ကျန်းမာရေးအပေါ် ဆိုးရွားသည့်ထိခိုက်မှုများကို လျှော့ချသွားရန်** ရည်မှန်းချက်ထားပါသည်။

ထိုကဲ့သို့ ဓာတုပစ္စည်းထုတ်လုပ်မှုဖြစ်စဉ် အဆင့်ဆင့်များ၊ ထုတ်လုပ်ပြီးနောက် ကိုင်တွယ်လုပ်ကိုင်မှုများ၊ သယ်ယူပို့ဆောင်မှုများ၊ သိုလှောင်ထိန်းသိမ်းမှုများ၊ သုံးစွဲမှုများ အစရှိသည်တို့တွင် နေရာမရွေး၊ အချိန်မရွေး ကျရောက်ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များကြောင့် လူသားများ၏ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားရန်အတွက် လူတိုင်းအလွယ်တကူသိရှိနားလည်နိုင်စေမည့် အန္တရာယ်အသိပေး၊ သတိပေးအမှတ်အသား တံဆိပ်များကပ်ရန် ညွှန်ကြားခဲ့ပါသည်။ သို့ရာတွင် ဓာတုပစ္စည်းများ၏ အန္တရာယ်အမှတ်အသားများကို ကမ္ဘာတစ်ဝန်းတွင် နိုင်ငံအလိုက် အမျိုးမျိုးသော သင်္ကေတ၊ ရုပ်ပုံများနှင့် ဝေါဟာရများကို အသုံးပြုဖော်ပြနေကြသောကြောင့် အန္တရာယ်၏အဓိပ္ပာယ်ကို သေချာစွာသိရန်နှင့် နားလည်မှုမလွဲမှားစေရန်အတွက် နိုင်ငံမရွေး၊ လူမျိုးမရွေး၊ ဘာသာစကားမရွေး၊ စာမတတ်သူများမှအစ လူတိုင်းနားလည်သဘောပေါက်စေနိုင်မည့် တူညီသောသင်္ကေတ၊ ရုပ်ပုံများနှင့်ဝေါဟာရများကို အသုံးပြုဖော်ပြကြရန် ကုလသမဂ္ဂမှ **United Nations Economic and Social Council's Subcommittee of Experts on the GHS (UNSCEGHS)**သတ်မှတ်ချက်တစ်ခု ပြဋ္ဌာန်းပေးခဲ့ပါသည်။ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ (UNECOSOC) မှ ၂၀၀၃ခုနှစ် ဇူလိုင်လတွင် GHS ပြဋ္ဌာန်းချက် ခရမ်းရောင်စာအုပ် **(Pupple Book)** ကို အတည်ပြုလက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါသည်။ ကုလသမဂ္ဂ ပြဋ္ဌာန်းချက်နှင့်အညီ ဓာတုပစ္စည်းများ၏အန္တရာယ် အမျိုးအစားအတန်းအစား ခွဲခြားခြင်းနှင့် အန္တရာယ်သတိပေးတံဆိပ်ကပ်ခြင်းတို့တွင် တစ်ကမ္ဘာလုံး ညီညွတ်သောစနစ် (Globally Harmonized System of Classification and Labeling of Chemicals - GHS) တစ်ခုကို ၂၀၀၈ ခုနှစ်မှစတင်၍ အပြည့်အဝအကောင်အထည်ဖော် စီမံဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၇၀)ကျော်မှ ပါဝင်ဆောင်ရွက်လာကြပါသည်။ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများအား ပြန်လည်သုံးသပ်စိစစ်ပြီး မူအသစ်များ ပြင်ဆင်ပြဋ္ဌာန်းခဲ့ရာ ယခုအခါ ပဥ္စမမူ **(Fifth Edition of Pupple Book Revised)** ကို ၂၀၁၃ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ဓာတုပစ္စည်းနှင့် ပတ်သက်ဆောင်ရွက်နေသူတိုင်း GHS စနစ်၏အဓိပ္ပာယ်ကို သေချာဂဏစွာသိရှိရန် လိုအပ်လာပါသည်။ GHS ကိုယေဘုယျအားဖြင့် နားလည်ရန်မှာ အသုံးပြုဓာတုပစ္စည်း၏ အဓိပ္ပာယ်နှင့် အန္တရာယ်အဆင့်အတန်းသတ်မှတ်ခြင်း (To Define and Classify Hazards of Chemicals)၊ သတိပေးတံဆိပ်အမှတ်အသားကပ်ခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အချက်အလက်များဖြင့် ဆက်သွယ်သတင်းပေးပို့ခြင်း (To Communicate Information on Labels and Safety Data Sheets - SDS) တို့ဖြစ်သည်။ GHS စနစ်သည် ဓာတုပစ္စည်း (Substances)နှင့် ဓာတ်ရောများ (Mixtures)၊ အားပျော့ပျော်ရည်များ (Dilute Solution) အားလုံး၏ အန္တရာယ်နှင့်ဂုဏ်သတ္တိ အရည်အသွေးပေါ်မူတည်၍ အန္တရာယ်အမျိုးအစား (Classification Hazard) ခွဲခြားပြီး အန္တရာယ်ပြတံဆိပ်အမှတ်အသား (Labeling Hazard) ကပ်ရာတွင်လည်းကောင်း၊ ဓာတုပစ္စည်းအန္တရာယ်ကင်းရှင်းရေး အချက်အလက်များဖြင့် သတင်းဆက်သွယ်ပေးပို့ခြင်း (Safety Data Sheet-SDS) ရေးဆွဲရာတွင်လည်းကောင်း၊ အကျိုးအကြောင်း ညီညွတ်ကိုက်ညီရပါမည်။ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် GHSစနစ်သည် ဓာတုပစ္စည်းများ၏ ဘေးအန္တရာယ် အမျိုးအစားအတန်းအစား ခွဲခြားသတ်မှတ်ခြင်းနှင့် ယင်းအန္တရာယ်များကို လူတိုင်းအလွယ်တကူသိရှိနားလည်စေနိုင်မည့် သင်္ကေတအမှတ်အသားများ၊ ရုပ်ပုံလေးများဖြင့် ဖော်ပြသည့် ဆက်သွယ်မှုစနစ်တစ်ခုပင် ဖြစ်ပါသည်။

> **သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး ဆိုသကဲ့သို့ ဓာတုပစ္စည်းများ၏ ပင်ကိုစရိုက်လက္ခဏာများဖြစ်သည့် အကျိုးရှိ အသုံးဝင်ခြင်းနှင့် မီးလောင်နိုင်ခြင်း၊ ပေါက်ကွဲနိုင်ခြင်း၊ ယိုဖိတ်ရန်လွယ်ကူခြင်း၊ အဆိပ်အတောက်ဖြစ်စေနိုင်ခြင်း အစရှိသည့် ဘေးအန္တရာယ်ဖြစ်စေခြင်းတို့မှာလည်း ဒွန်တွဲလျက်ရှိနေပါသည်**

**GHS စနစ်၏ ရည်ရွယ်ချက်များ**

GHSစနစ် အသုံးပြုခြင်း၏ ရည်ရွယ်ချက်မှာ **လူသားများ၏ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြည့်ဆည်းပေးရန်** (To Enhance The Protection of Human Health and The Environment) ဖြစ်ပြီး အဓိကရည်ရွယ်သူများမှာ **လူထုအားလုံး (Public)၊ အလုပ်ရှင်များ(Employers)၊ အလုပ်သမားများ (Workers)၊ သယ်ယူပို့ဆောင်ရေးလုပ်သားများ (Transport Workers)၊ စားသုံးသူများ(Consumers)၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရန်လိုသူများ (Emergency Responders)** တို့ပါဝင်သည်။ GHS စနစ်ကျင့်သုံးရန်အတွက်

- ဓာတုပစ္စည်းထုတ်လုပ်သူ (Manufacturer) သို့မဟုတ် တင်သွင်းသူ (Supplier) များအနေဖြင့် တံဆိပ်များ (Labels)၊ အန္တရာယ် ကင်းရှင်းရေးစာရွက်စာတမ်းများ (Material Safety Data Sheet-MSDS) ပြုလုပ်ပေးရန်၊
- လုပ်ငန်းရှင်များ(Employer)မှ အလုပ်သမားများအား GHSနှင့်ပတ်သက်သော ပညာပေးခြင်း (Education)၊ သင်တန်းပေးခြင်း (Traning) တို့ဆောင်ရွက်ပေးရန်၊
- စားသုံးသူ/ သုံးစွဲသူ (Comsumer) များမှ တံဆိပ်အတွင်းပါဝင်သောပစ္စည်းများ၏ အဓိပ္ပာယ်ကို နားလည်စေရန် (To Understand The Meaning of Contents of Label)၊
- အလုပ်သမားများ (Workers)မှ တံဆိပ်များ (Labels)၊ အန္တရာယ်ကင်းရှင်းရေးစာများပါ အချက်များ (MSDS)၏အဓိပ္ပာယ်ကို နားလည်သိရှိနိုင်ရန်၊
- အစိုးရ(Government) မှ လူထုအားလုံးသည် ဥပဒေနှင့်အညီ ကျိုးကြောင်းညီညွတ်မျှတမှုရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် (To Harmonize of The Domestic Regulations on Order to Implement GHS)၊
- တက္ကသိုလ်၊ အေဂျင်စီ၊ အကယ်ဒမီအသင်း (Academic)များမှ အန္တရာယ်ရှိသော လုပ်ငန်းများ၌ လုပ်ဆောင်ရမည့်အဖွဲ့ အစရှိသည့် ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များအား ဆောင်ရွက်နိုင်ရန်၊ သတင်းအချက်အလက်များအား ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်၊ ပညာပေးအစီအစဉ်များကို ဆောင်ရွက်နိုင်ရန်(To do Hazard Assessment, Information Society, etc.., Dissemination, Education Program, etc) အစရှိသည်တို့ကို ဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ GHS စနစ်သည် တစ်ကမ္ဘာလုံး တူညီသည့်စနစ်ဖြစ်သောကြောင့် ပုဂ္ဂလိကလုပ်ငန်းများ၊ အဖွဲ့အစည်းများသာမက ကမ္ဘာ့အဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် ကမ္ဘာ့စားနပ်ရိက္ခာ (FAO) အဖွဲ့အစည်းများပါ လိုက်နာကျင့်သုံးဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာ (FAO)အဖွဲ့မှ ပိုးသတ်ဆေး (Pesticides)များအား အန္တရာယ်သတိပေးအမှတ်အသား ဖော်ပြရာတွင် GHS စနစ်အသုံးပြု၍ ဖော်ပြရန် ညွှန်ကြားထားပါသည်။

*ဆက်လက်ဖော်ပြပါမည်*

# မြိုင်မြို့နယ် သံဃနာယကရွေးချယ်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူ

**မြိုင် ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး မြိုင်မြို့ ပခုက္ကူလမ်းဘေးဝဲယာတို့တွင် ဆရာတော် သံဃာတော် ၇၅ ပါးတို့အား မြို့နယ်သံဃနာယက ရွေးချယ်ပွဲ ၂၅ ရာခိုင်နှုန်း အောင်မြင်မှု ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက စုပေါင်းဒါနပြုကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲသို့ မြိုင်မြို့နယ်တွင်းမှ ဆရာတော် သံဃာတော် ၇၅ ပါးတို့အား မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိ/ရပ်ဖအလှူရှင်များက စုပေါင်းလောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**





# မျက်ရှင်တော် ပြည်လုံးချမ်းသာဘုရားတန်ဆောင်းတော်ကြီး အသစ်ပြန်လည်တည်ဆောက်

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက် မျက်ရှင်တော် ပြည်လုံးချမ်းသာဘုရားကြီး တန်ဆောင်းတော်သည် နှစ်ပေါင်း (၁၀၀)ကျော် သက်တမ်းရှိပြီဖြစ်၍ ပျက်စီးယိုယွင်းလာသဖြင့် အသစ်ပြန်လည်တည်ဆောက်ရန် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသမထေရ်၏သြဝါဒအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်၊ အမှတ်(၁)ရပ်ကွက်နှင့် အဝစုကျေးရွာများမှ ဒေသခံပြည်သူများက လုပ်အားဒါန ကုသိုလ်ယူမှုကို ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းက အုတ်ခဲကျိုးများ၊သဲများ သယ်ဆောင်၍ လုပ်အားလှူဒါန်းနေကြကြောင်းနှင့် နေ့စဉ် လုပ်အားဒါန လှူဒါန်းမှုများရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ရပ်ဝေးမှဆက်သွယ်လှူဒါန်းလိုပါက ဉူးနန္ဒာစရိယ ဖုန်း-၀၉-၇၈၉၆၁၅၀၀၈ နှင့် ကိုဝင်းကြည် ဖုန်း-၀၉-၃၁၁၅၀၆၄၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဒစ်ဂျစ်တယ်စာကြည့်တိုက်အကြောင်း အသိပညာပေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅**

e-Tekkatho ဒစ်ဂျစ်တယ်စာကြည့်တိုက်အကြောင်း အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က မြစ်ကြီးနားတက္ကသိုလ် ဗဟိုခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မန်ချက်စတာတက္ကသိုလ်မှ ပရောဂျက်မန်နေဂျာ ဒေါ်ယဉ်မင်းထွန်း၊ မြန်မာနိုင်ငံကိုယ်စားလှယ် ဒေါ်မေသက်ခိုင်ငြိမ်းတို့က e-Tekkatho ဒစ်ဂျစ်တယ် စာကြည့်တိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်သော နည်းလမ်းများ၊ ဒစ်ဂျစ်တယ်စာကြည့်တိုက်၏ ကျောင်းသား ကျောင်းသူများအတွက် အသုံးဝင်မှု၊ မန်ချက်စတာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ ပြုစုထားရှိသော ဘာသာရပ်များ၊ လက်တွေ့ဓာတ်ခွဲခန်းဖြင့် ကြည့်ရှုလေ့လာနိုင်သော ရုပ်ပဗေဒသင်ခန်းစာများနှင့် ရေအရင်းအမြစ် သင်ရိုးများ၊ ဗြိတိန်နိုင်ငံ Fuse School မှ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒသင်ခန်းစာများကို အသိပညာပေး ဟောပြောခဲ့သည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ် ၁၈ ခု၌ e-Tekkatho ဒစ်ဂျစ်တယ် စာကြည့်တိုက်များ ဖွင့်လှစ်ထားပေးထားပြီး ထပ်မံ၍ စစ်တွေ၊ မော်လမြိုင်၊ မကွေး၊ ကလေး၊ တောင်ငူတက္ကသိုလ်များတွင် ဖွင့်လှစ်ထားရှိပေးသွားမည်ဖြစ်ပြီး ယင်း e-Tekkatho ဒစ်ဂျစ်တယ် စာကြည့်တိုက်တွင် သင်ရိုးညွှန်းတမ်း ၃၀၀၀ နီးပါး ပါဝင်ကြောင်း သိရသည်။

**မင်းမင်း(မြစ်ကြီးနား)**

# နွေရာသီတွင် အယ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်မှုအပေါ် လိုက်နာဆောင်ရွက်ရန် နှိုးဆော်ချက်

၂၀၁၆ ခုနှစ် နွေရာသီတွင် မြန်မာနိုင်ငံအနေဖြင့် အယ်နီညိုသက်ရောက်မှု (E l Nino Effect) ရှိနိုင်ပြီး အပူချိန်မြင့်မားခြင်း၊ ခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းများ ကြုံတွေ့နိုင်သဖြင့် လုပ်သားပြည်သူများအပါအဝင် တောင်သူလယ်သမားများအနေဖြင့် အောက်ဖော်ပြပါအချက်များအား လိုက်နာဆောင်ရွက်ကြရန် အထူးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) သောက်သုံးရေနှင့်စိုက်ပျိုးရေကို စနစ်တကျချွေတာသုံးစွဲရန်၊
(၂) နွေစပါးစိုက်ပျိုးရာတွင် ရေလိုအပ်ချက်နည်းသည့် သက်တမ်းတိုအထွက်ကောင်းမျိုးများဖြစ်သည့် ရွှေသွယ်ရင်၊ သီးထပ်ရင်၊ ပုလဲသွယ်၊ ရက်(၉၀)စသော စပါးမျိုးများရွေးချယ်အသုံးပြုစိုက်ပျိုးရန်၊ သက်လတ်၊ သက်ကြီးစပါး မျိုးများအသုံးမပြုရန်၊
(၃) ပျိုးသက်မှန်စိုက်ပျိုးနိုင်ရေးအလေးထားဆောင်ရွက်ရန်၊
(၄) နွေစပါးစိုက်ပျိုးရာတွင်လိုက်နာဆောင်ရွက်သင့်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP) ၁၄ ချက်ကို အတတ်နိုင်ဆုံး လိုက်နာကျင့်သုံးရန်၊
(၅) စိုက်ပျိုးရေလေလွင့်ဆုံးရှုံးမှုမရှိအောင် လယ်ကြားမြောင်းစနစ်ကောင်းမွန်ရေး လယ်သမားအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊
(၆) လယ်ကန်သင်းများတွင် စိမ့်ပေါက်၊ ယိုပေါက်မရှိစေရေး အမြဲကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန်၊
(၇) နွေစပါးခင်းများတွင် ပေါင်းမြက်ကင်းရှင်းအောင် ဆောင်ရွက်ရန်၊
(၈) ရေရရှိနိုင်မှုနည်းပါးသော ဧရိယာများတွင် နွေနှမ်း၊ ပဲတီစိမ်းတို့ကို သီးနှံပြောင်းလဲစိုက်ပျိုးရန်၊
(၉) လိုအပ်ချက်များရှိပါက သက်ဆိုင်ရာစိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များဖြစ်သော စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသို့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# စိုက်ပျိုးရေးဆိုင်ရာဓာတ်ခွဲခန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ဖေဖော်ဝါရီ ၁၁ ရက်က စိုက်ပျိုးရေးဆိုင်ရာဓာတ်ခွဲခန်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက အမှာစကားပြောကြားရာ တိုင်းဒေသကြီးအတွင်း မိုးစပါးနှင့် နွေစပါးအပြင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိကြောင်း၊ ဆန်စပါးထွက်ရှိမှု ပမာဏတိုးတက်ရန် ဆောင်ရွက်ပေးခြင်းသည် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်သည်နှင့်အညီ စပ်မျိုးစပါးအပါအဝင် အဓိကသီးနှံများ စိုက်ပျိုးခြင်းအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်အသုံးပြု စိုက်ပျိုးခြင်း သုတေသနနှင့်ဖွံ့ဖြိုးရေး လေ့ကျင့်ပညာပေးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်း သိပ္ပံနည်းကျ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများကို တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ လိုက်နာကျင့်သုံးလာကြရန် လေ့ကျင့်ပညာပေးခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမြေဆီလွှာ၊ စိုက်ပျိုးရေးမျိုးစေ့နှင့် သီးနှံဖျက်ပိုး၊ ရောဂါဆိုင်ရာပြဿနာများကြောင့် သီးနှံထွက်ရှိမှုကို လျော့နည်းစေကြောင်း၊ စိုက်ပျိုးမြေဆီလွှာနှင့် စိုက်ပျိုးရေးမျိုးစေ့နှင့် သီးနှံဖျက်ပိုး/ရောဂါဆိုင်ရာ ပြဿနာများကို စိုက်ပျိုးရေးဆိုင်ရာ ဓာတ်ခွဲခန်းမှ စစ်ဆေးအဖြေရှာပြီး တောင်သူများအကျိုးအတွက် ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် စိုက်ပျိုးရေးဓာတ်ခွဲခန်းများ ဆိုင်းဘုတ်ကို ဝန်ကြီးချုပ်က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါအဆောက်အအုံအတွက် ငွေကျပ် ၁၀၁ သိန်း၊ အခန်းဖွဲ့စည်းမှုအတွက် ငွေကျပ် ၁၀၁၁ သိန်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်း ဝယ်ယူရန် ငွေကျပ် ၁၇၃၈ သိန်း ခွင့်ပြုထားရှိပြီး အလျားပေ ၁၀၀၊ အနံပေ ၅၀၊ အမြင့် ၁၂ ပေ၊ တစ်ထပ် RC အဆောက်အအုံ ဆောက်လုပ်ထားခြင်းဖြစ်ပြီး ယင်းအဆောက်အအုံအတွင်း၌ မြေအသုံးချရေးဓာတ်ခွဲခန်း၊ မျိုးစေ့စမ်းသပ်သည့်ဓာတ်ခွဲခန်းနှင့် သီးနှံကာကွယ်ရေး(ပိုးမွှား)စမ်းသပ်သည့် ဓာတ်ခွဲခန်းများပါဝင်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**




# ကျောက်ချောလမ်း ပြီးစီးသဖြင့် ဒေသခံများအဆင်ပြေ

**နတ်တလင်း ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် မြို့ပြနှင့်ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေးအတွက် နတ်တလင်းမြို့နှင့် ကျောက်ခွက်ကျေးရွာသို့ ဆက်သွယ်သော ကျောက်ချောလမ်းမှာပြီးစီးနေပြီဖြစ်၍ ဖေဖော်ဝါရီလပထမပတ်မှစတင်၍ ဒေသနေပြည်သူများနှင့်ခရီးသွားပြည်သူများသည် ယာဉ်များဖြင့် သွားလာနေကြသည်ကို တွေ့မြင်ရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းနိုင်ထွန်းအား မေးမြန်းရာ ကျောက်ခွက်လမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေနှင့် ရွှေမြန်မာကုမ္ပဏီက တာဝန်ယူဆောင်ရွက်သောလမ်းဖြစ်ကြောင်း၊ အရှည် ခြောက်မိုင် လေးဖာလုံရှိပြီး အကျယ် ၁၀ ပေ၊ ထု ကိုးလက်မရှိသော ကျောက်ချောလမ်းဖြစ်ကြောင်း သိရသည်။ ဒေသနေပြည်သူများ၏ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့အတွက် ရာသီမရွေး အချိန်အခါမရွေး အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာသွားလာနိုင်သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း လမ်းရေရှည်တည်တံ့ခိုင်မြဲရေး၊ မပျက်စီးရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။

(၀၆၂)

# နွေစပါးစိုက်ပျိုးရန်တောင်သူများထွန်ရေးပြင်



**ထီးလင်း ဖေဖော်ဝါရီ ၁၅**

ထီးလင်းမြို့နယ်အနေဖြင့် မောချောင်းရေကို အားပြု၍ လယ်ကွင်းပြင်များကို ရေသွင်းသူကသွင်း၊ ထွန်ယက်သူကထွန်ယက်ဖြင့် အလုပ်များနေကြပြီ ဖြစ်သည်။ ထီးလင်းမြို့နယ်တောင်သူများ အနေဖြင့် ယခင်နှစ်များက လယ်မြေများကို ကျွဲ၊ နွားများဖြင့်သာထွန်ယက်ကြသည်။ ယခုနှစ်တွင် ကျွဲ၊ နွားများ အစား စက်များဖြင့် ထွန်ယက်နေကြပြီဖြစ်သည်။

ယခုနှစ် နွေစပါးကို ပုလဲသွယ်စပ်မျိုးစပါးကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကလည်း စပါးမျိုးများကို မြို့နယ်အတွင်း တောင်သူလယ်သမားများ လက်ဝယ်သို့ ဖြန့်ဝေထားပြီဖြစ်၍ စိုက်ပျိုးရန် ပျိုးထောင်၊ မြေပြင်မှုများ ပြုလုပ်နေကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး အလုပ်ရုံဆွေးနွေး

**ပုသိမ် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးကောင်စီက ကြီးမှူးကျင်းပသော ၂၀၁၅ ခုနှစ် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဥပဒေ၊ နည်းဥပဒေရည်မှန်းချက်များ ထိရောက်အောင်မြင်စေရန် တိုင်းဒေသကြီးအတွင်းရှိ မစကအဖွဲ့ဝင်များနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလဒုတိယပတ်က ပုသိမ်မြို့ ကင်မလင်းကျွန်းအဝေးပြေးစခန်း၊ တိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးကောင်စီဝင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသက်လွင်က ယာဉ်အန္တရာယ်ကင်းရှင်းရေးတွင် ပုသိမ်မြို့အတွင်းရှိ လမ်းများ တိုးချဲ့ပေးရန်နှင့် လူကူးခုံးကျော်တံတားများ ဆောက်လုပ်ပေးရန် တင်ပြချက်ကို ယာဉ်မောင်းသမား၊ ယာဉ်ပိုင်ရှင်များက ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာမှ ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ယာဉ်အန္တရာယ်ကင်းရှင်းရေးကောင်စီဝင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန ညွှန်ကြားရေးရေးမှူး ဦးဝင်းတင်၊ အမှတ်(၁၀) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူး ရဲမှူးစောဝင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာကိစ္စရပ် များကို တင်ပြခဲ့ကြကြောင်း သိရသည်။ **ပုသိမ်-လှကြည်**

# နိုင်ငံခြားသားများကိုယ်ပိုင်ဆိုင်ကယ်များဖြင့် မြန်မာပြည်အညာဒေသတစ်ခွင်ခရီးလှည့်လည်

**မြင်းမူ ဖေဖော်ဝါရီ ၁၅**

ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားများ ခရီးလှည့်လည် မှုဦးရေသည် တစ်နေ့တခြားများပြားလျက်ရှိသည်။ ဖေဖော်ဝါရီ ၁၄ရက်က မြင်းမူမြို့ မြို့ရှောင်လမ်းတွင် နိုင်ငံခြားခရီးသွား ဧည့်သည်များ မန္တလေးမှ ဆိုင်ကယ်စီးနင်း၍ မုံရွာဘက်သို့ ဖြတ်ကျော် လည်ပတ်ကြသည်။ မြန်မာနိုင်ငံသည်ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဖြစ်သကဲ့သို့ လှည့်လည် လည်ပတ်လေ့လာစရာ အကောင်းဆုံးသော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာက အသိအမှတ်ပြုခြင်းခံထားရသည့်နိုင်ငံလည်း ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ၏ စိတ်ဝင်စားခြင်းခံရသော နိုင်ငံဖြစ်သည့်အားလျော်စွာ ဒေသခံများအနေဖြင့် ခရီးသွားနိုင်ငံခြားသားများအားယဉ်ကျေးပျူငှာသော ဧည့်ဝတ်ကျေပွန်မှုဖြင့် မြန်မာ့ဂုဏ်ကိုမြှင့်တင် သင့်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။ **(၀၇၇)**



# သာစည်တွင် တောင်ပေါ်ကျေးရွာ ၂၁ရွာ ဆိုလာစနစ်ဖြင့် မီးလင်းနိုင်ရေး ညှိနှိုင်း

**သာစည် ဖေဖော်ဝါရီ ၁၅**

သာစည်မြို့နယ်အတွင်းရှိ ဝေးလံသည့် တောင်ပေါ်ကျေးရွာများဖြစ်ကြသည့်ရေအေး၊ ကမ္ဘားနီ၊ ကုန်းပေါ်၊ လယ်ပြင်၊ ရေပူ၊ ပင်မုန်း၊ ရွာသစ်၊ ကျွန်းလှ၊ ကျောက်ပချုပ်၊ ကြပ်စခန်း၊ (၃၇)မိုင်၊ သစ်ပုလွေ၊ လယ်ခေါင်း၊ ဆင့်ကူး၊ သက္ကယ်ဒိတ်၊ မျက်နီကျင်း၊ ဖိုးသာနိုင်း၊ ဆင်တောင်၊ ခွေးရုပ်၊ ဝါးရွက်၊ ငှက်ပျောတောစသည့် ကျေးရွာ ၂၁ ရွာတို့တွင် ဆိုလာစနစ်ဖြင့် မီးလင်းနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးသိန်းထွန်းဦး (ဦးစီးအရာရှိ-နည်းပညာ)နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၄ ရက်က သွားရောက်၍ အဆိုပါကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များ၊ ကျေးရွာမိဘပြည်သူများနှင့်တွေ့ဆုံကာ ဆိုလာစနစ်ဖြင့် မီးလင်းနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် ဦးသိန်းထွန်းဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် တစ်မျိုးသားလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်နေကြောင်း၊ ယခုကဲ့သို့မြို့နှင့်အလှမ်းကွာဝေးပြီး မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသော တောင်ပေါ်ဒေသများကို မိမိတို့ဌာနအနေဖြင့် ဆိုလာစနစ်ဖြင့် မီးလင်းနိုင်အောင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာမိဘပြည်သူများအနေဖြင့် မိမိတို့ကျေးရွာ မီးလင်းနိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်အတူ ပါဝင်ပူးပေါင်း ကူညီပေးကြဖို့လိုကြောင်းဖြင့်ဆွေးနွေး ပြောကြားခဲ့သည်။

သာစည်မြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ကျေးရွာ(၁၁)ရွာတို့တွင်ဆိုလာစနစ်ဖြင့် မီးလင်းနေကြပြီဖြစ်ကြောင်း သိရသည်။ **မောင်ကို (သာစည်)**

# မေတ္တာမြို့နယ်မြေမီးသတ်စခန်းသို့ မီးသတ်ယာဉ်နှင့် မီးသတ်ပစ္စည်းများ လွှဲပြောင်းပေးအပ်

**မေတ္တာ ဖေဖော်ဝါရီ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့နယ် ပြည်သူများအတွက် နယ်မြေမီးသတ်စခန်းဖွင့်လှစ်ဆောင်ရွက်ခြင်း၊ မီးသတ်ယာဉ်၊ စက်များနှင့် မီးသတ်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီလ ဒုတိယပတ်က မေတ္တာမြို့ နယ်မြေမီးသတ်စခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ရဲသူရိန်ခင်မောင်ရီက နယ်မြေမီးသတ်စခန်း ဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းတင်ပြပြီး မေတ္တာမြို့ နယ်မြေမီးသတ်စခန်း ဝန်ထမ်းနေအိမ်၊ မီးသတ်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများနှင့် ၎င်းတို့နှင့်ပတ် သက်သည့် စာရွက်စာတမ်းများကို တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ရေစကြိုမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၄၁၄၂ ဦးတို့ဝင်ရောက်ဖြေဆိုမည်

**ရေစကြို ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်မှ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာအထက်တန်းကျောင်း (၁၀)ကျောင်း အခြေခံပညာအထက်တန်းကျောင်းခွဲ(၁၁)ကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၂၀၉၃ ဦး၊ ပြင်ပဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၂၀၄၉ ဦး စုစုပေါင်း ၄၁၄၂ ဦးတို့သည် စာဖြေဌာန (၁၀) တို့တွင် ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးပိုမိုဂရုပြုဆောင်ရွက်ရေး စက်သုံးဆီချင်တွယ်မှု၊ ဈေးနှုန်းမှန်ကန်မှုရှိစေရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေပြည်တော် ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီမှ ဖေဖော်ဝါရီ ၁၄ ရက်က မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း နေပြည်တော်ရောင်းဝယ်ရေးအရာရှိရုံး ပျဉ်းမနားမြို့တွင် စက်သုံးဆီအရောင်းဆိုင်များမှပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆိုင်တာဝန်ခံများကို တွေ့ဆုံ၍ မီးဘေးလုံခြုံရေးပိုမိုဂရုပြုဆောင်ရွက်ရေး၊ စက်သုံးဆီအချင်အတွယ်၊ အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်မှုရှိစေရေးကို တွေ့ဆုံရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးအောင်ဇော်ဦးက စက်သုံးဆီ အရောင်းဆိုင်များတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး နေပြည်တော် မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူချက်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များကို လုပ်ငန်းစဉ်အဆင့်များအလိုက် တိကျစွာလိုက်နာ ဆောင်ရွက်ရေးကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း နေပြည်တော် ရောင်းဝယ်ရေးအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းထွန်းက မကြာမီ နွေရာသီရောက်ရှိတော့မည်ဖြစ်၍ မီးဘေးလုံခြုံရေးကို ပိုမိုဂရုပြု ဆောင်ရွက်ရေး၊ အချင်အတွယ်နှင့် အရည်အသွေး မှန်ကန်မှုရှိစေရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် စက်သုံးဆီဈေးနှုန်းအား အနည်းဆုံးရသင့်သည့် အမြတ်ဖြင့် သင့်တင့်သော ဈေးနှုန်းဖြင့်သာ ရောင်းချသွားရေးကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



**ရွှေကုက္ကို**




ယူရိုပါလိဂ် (၃၂)သင်းအဆင့် ရှုံးထွက်ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၉ ရက်မှာ ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အင်္ဂလန်ပရီမီယာလိဂ်ကလပ်တွေဖြစ်တဲ့ မန်ယူ၊ စပါး၊ လီဗာပူးတို့ ကျော်ဖြတ်နိုင်မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ပြိုင်ဘက်တွေက ခြေစွာနေတဲ့အသင်းတွေမို့ မန်ယူ၊ စပါး၊ လီဗာပူးတို့ ခြေကုန်ထုတ်ရဖို့ရှိနေပြီး ရလဒ်ကောင်းရဖို့ဆိုတာ ကျားကုတ်ကျားခဲ ကြိုးစားအားထုတ်ရမယ့် အနေအထားရှိနေတာတော့ အမှန်ပါပဲ။

**မစ်ဂျေလန်းနှင့် မန်ယူ**

ဒိန်းမတ်ကလပ် မစ်ဂျေလန်းတို့က အိမ်ကွင်းမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားတတ်ပြီး နိုင်ပွဲရအောင်လည်း စွမ်းဆောင်နိုင်ပါတယ်။ ဒိန်းမတ်စူပါလိဂ်မှာတော့ မစ်ဂျေလန်းတို့က တန်းစီဇယား တတိယနေရာမှာရှိနေပြီး တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်က ကောင်းမွန်နေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကျစ်လျစ်တဲ့ မစ်ဂျေလန်းကို မန်ယူတိုက်စစ်မှူးတွေ ကျော်ဖြတ်ဂိုးသွင်းနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ မန်ယူတို့ကတော့ ဆန်းဒါးလန်းကို ရှုံးပွဲကြုံခဲ့လို့ ဖိအားများနေချိန်မှာ ဒီပွဲကို အနိုင်ကစားဖို့ဆိုတာ သံသယဖြစ်စရာကောင်းပေမယ့် ယူရိုပါလိဂ် (၃၂)သင်းအဆင့်ကို ကျော်ဖြတ်နိုင်မယ့် စွမ်းရည် မန်ယူမှာရှိနေတယ်ဆိုတာ ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။

**ဖီအိုရင်တီးနားနှင့် စပါး**

နောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာတော့ ဖီအိုရင်တီးနားကွင်းမှာ စပါးတို့နှစ်ဂိုးပြတ် ရှုံးထားပါတယ်။ ဖီအိုရင်တီးနားတို့က စီးရီးအေမှာ တန်းစီဇယား တတိယနေရာမှာ ရပ်တည်နေသလို ပရီမီယာလိဂ်မှာလည်း စပါးတို့က တန်းစီဇယား ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ပြီးခဲ့တဲ့နှစ် ယူရိုပါလိဂ် (၃၂)သင်းအဆင့်မှာ ဒီနှစ်သင်းတွေ့ဆုံခဲ့ဖူးပြီး အဲဒီပွဲရလဒ်က စပါးကွင်းမှာ သရေကစားပြီး အိမ်ကွင်းမှာ နိုင်ပွဲမရခဲ့လို့ ဖီအိုရင်တီးနားတို့ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့တဲ့ မှတ်တမ်းရှိထားပါတယ်။ ဒါကြောင့် စပါးတို့ ခက်ခဲနိုင်ပေမယ့် အဖြစ်နိုင်ဆုံးက သရေရလဒ်လည်း ထွက်ပေါ်နိုင်ပါတယ်။

**အော့စ်ဘတ်နှင့် လီဗာပူး**

ဘွန်ဒက်လီဂါမှာတော့ အော့စ်ဘတ်တို့က တန်းစီဇယား(၁၃)နေရာမှာ ရပ်တည်နေပါတယ်။ လီဗာပူးဟာ ပွဲဆက်တွေများနေပြီး ရလဒ်တွေလည်း ကမောက်ကမဖြစ်နေပါတယ်။ အော့စ်ဘတ်တို့ကလည်း အခုတစ်လောပွဲရလဒ်တွေ ဆိုးရွားနေတာမို့ လီဗာပူးတို့အဝေးကွင်းဆိုပေမယ့် ဖိဖိစီးစီးကစားရင် အခြေအနေကောင်းနိုင်ပါတယ်။

**အန်ဒါလက်ချ်နှင့် အိုလံပီယာကို့စ်**

ဒီနှစ် ဘယ်လ်ဂျီယံလိဂ်မှာတော့ တန်းစီဇယား တတိယနေရာမှာ ရပ်တည်နေတဲ့ အန်ဒါလက်ချ်တို့က တိုက်စစ်စွမ်းရည်ထက်မြက်သလို ခံစစ်ပိုင်းလည်း ကောင်းမွန်နေပါတယ်။ ဂရိကလပ် အိုလံပီယာကို့စ်တို့ကတော့ ဒီနှစ်ဂရိကလပ်မှာတော့ တန်းစီဇယားထိပ်ဆုံးက ဦးဆောင်နေတဲ့ အသင်းဖြစ်ပြီး တိုက်စစ်မှူးတွေက တစ်ပွဲကို သုံးဂိုးနီးပါးသွင်းယူနိုင်သလို ခံစစ်ပိုင်းက ခိုင်မာသိပ်သည်းတာမို့ ဒီပွဲက အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ အနိုင်က အိုလံပီယာကို့စ်တို့ဖြစ်ပြီး အိမ်ရှင်တို့ ကံကောင်းရင် သရေရလဒ်ကိုလည်း မျှော်လင့်နိုင်တဲ့ပွဲပါ။

**ဆီဗီလာနှင့် မိုလ်ဒီ**

နော်ဝေကလပ် မိုလ်ဒီရဲ့ လတ်တလောခြေစွမ်းက ကျဆင်းနေပြီး ပွဲရလဒ်တွေလည်း ဆိုးရွားနေပါတယ်။ ဆီဗီလာတို့က လာလီဂါမှာ တန်းစီဇယား ပဉ္စမနေရာမှာ ရပ်တည်နေပြီး သရေပွဲတွေများနေလို့ ဖိအားတွေနဲ့ ရင်ဆိုင်နေရတဲ့ အသင်းဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ နိုင်ပွဲရလိုမှု ပြင်းထန်နေပြီး အိမ်ကွင်းလည်းဖြစ်နေတာမို့ ဆီဗီလာကစားသမားတွေဟာ အောင်ပွဲခံဖို့ ခြေကုန်ထုတ်ပါလိမ့်မယ်။

**ဗလင်စီယာနှင့် ရက်ပစ်ဗီယင်နာ**

ဒီနှစ်ဩစတြီးယားလိဂ်မှာ တန်းစီဇယား တတိယနေရာမှာ ရပ်တည်နေတဲ့ ရက်ပစ်ဗီယင်နာတို့က တိုက်စစ်အားကောင်းမွန်ပေမယ့် ခံစစ်ပိုင်းက ယိုယွင်းနေပါတယ်။ လာလီဂါမှာ လောလောဆယ်ခြေစွမ်းပိုင်း အားရစရာမရှိတဲ့ ဗလင်စီယာတို့လည်း ဖိအားတွေဝင်နေတာမို့ ဒီပွဲမှာ အကောင်းဆုံးစုဖွဲ့မှုနဲ့ အိမ်ကွင်းမှာ ဧည့်ခံပါလိမ့်မယ်။ ရက်ပစ်ဗီယင်နာတို့က စပိန်အသင်းတွေနဲ့ဆုံရင် ရလဒ်မကောင်းတတ်တာမို့ ဒီပွဲဟာ အိမ်ရှင်ရဲ့ပွဲလို့ သုံးသပ်ရမှာပါ။

**စိန့်အီတင်းနှင့် ဘေဆယ်**

ဆွစ်ဇာလန်လိဂ်မှာ ဒီနှစ်ခြေစွမ်းပြနေတဲ့ ဘေဆယ်က တန်းစီဇယားကို ဦးဆောင်သူအဖြစ် ရပ်တည်နေပါတယ်။ လီဂူး-၁ အသင်းဖြစ်တဲ့ စိန့်အီတင်းတို့ကလည်း စွမ်းဆောင်ရည်ကောင်းနေတာမို့ ဒီပွဲက အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပေမယ့် အနိုင်ရလဒ်ဟာ ဘေဆယ်တို့နဲ့ ထိုက်တန်တယ်လို့ ယုံကြည်နေပါတယ်။ ။

**မိုးမြင့်လင်းလက်**

## ဆန်းဒါးလန်းကိုရှုံးသော်လည်း ချန်ပီယံလိဂ်ဝင်ခွင့်လမ်းကြောင်းရှိနေသေးတယ်ဆိုတဲ့ မန်ယူ



မန်ယူအနေနဲ့ တန်းဆင်းဇုန်ခြိမ်းခြောက်ခံနေရတဲ့ ဆန်းဒါးလန်းကို ရှုံးနိမ့်သွားခဲ့ပေမယ့် ယူရိုပါလိဂ်မှတစ်ဆင့် ချန်ပီယံလိဂ်ကို ဝင်ခွင့်ရဖို့ အကောင်းဆုံးလမ်းကြောင်းရှိနေသေးတယ်လို့ နည်းပြ ဗန်ဟားလ်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ မန်ယူဟာ အမှတ်ပေးဇယား ပဉ္စမနေရာမှာ ဆက်လက်ရပ်တည်နေပြီး စတုတ္ထနေရာမှ ပြိုင်ဘက်မန်စီးတီးနဲ့ ခြောက်မှတ်ကွာနေပါတယ်။

ဆန်းဒါးလန်းက မန်ယူကို ပရီမီယာလိဂ်မှာ ပထမဆုံးအနိုင်ရလိုက်တာဖြစ်ပါတယ်။ အသင်းခေါင်းဆောင်ရွန်းနေနဲ့ နည်းပြဗန်ဟားလ်တို့က မန်ယူဟာ ချန်ပီယံလိဂ်နေရာရဖို့ အခွင့်အလမ်းတွေရှိနေသေးတယ်လို့ အခိုင်အမာပြောဆိုနေတာပါ။ ဆန်းဒါးလန်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့အတွက် ဗန်ဟားလ်က အိုးထရက်ဖို့မှ ထွက်ခွာရဖို့ နီးလာပါတယ်။ မန်ယူအနေနဲ့ ထိပ်ဆုံးနံပါတ်(၄) နေရာမရခဲ့ဘူးဆိုရင်တော့ လာမယ့်ရာသီ မန်ယူနည်းပြဟာ မော်ရင်ဟို ဖြစ်လာလိမ့်မယ်လို့ မန်ယူတာဝန်ရှိသူတွေက ပြောကြားလျက်ရှိပါတယ်။

## မန်ယူခေါ်ယူဖို့ နီးစပ်နေတဲ့ ဒေါ့မွန်တိုက်စစ်မှူး

ဒေါ့မွန်တိုက်စစ်မှူး ပီယာရီအီး မရစ်အော်ဘာရီရန်းကို မန်ယူက နွေရာသီမှာ ပေါင်သန်း ၇၀ နဲ့ စာချုပ်ဖို့ နီးစပ်နေပြီလို့ ဆိုပါတယ်။ အော်ဘာမီရန်ဟာ ယခုနှစ်ရာသီမှာ ဒေါ့မွန် အသင်းအတွက် ၂၇ ဂိုး သွင်းယူပေးထားသူဖြစ်ပါတယ်။ မန်ယူအသင်း အနေနဲ့ ဘောလုံးသမားခေါ်ယူဖို့ အရန်ငွေကြေး ၁၂၁ ဒသမ ၆ သန်း




ရှိတယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ဒီလို အရန်ငွေကြေးတွေ အပြည့်အဝရှိနေတယ်လို့ ထုတ်ဖော်ပြောကြားခြင်းဟာ နွေရာသီမှာ ဂိုးသွင်းကောင်းတဲ့ ကစားသမားတွေ ထပ်မံခေါ်ယူသွားဖို့ စီစဉ်နေတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

နည်းပြဗန်ဟားလ်အနေနဲ့ ဖိအားအပေးခံနေရပေမယ့် ကစားသမားသစ်တွေကို ဆက်လက်ခေါ်ယူသွားမယ့် အနေအထားရှိပါတယ်။ မန်ယူအနေနဲ့ လီဝမ်ဒေါ့စကီး၊ နေမာနဲ့ ဂါးရက်ဘေးလ်တို့ကို ပစ်မှတ်ထားနေသလို ဒေါ့မွန် တိုက်စစ်မှူးကိုလည်း ခေါ်ယူဖို့ကြိုးစားနေတယ်လို့ ဆိုပါတယ်။ အသက် ၂၆ နှစ်အရွယ်သာရှိသေးတဲ့ ဒေါ့မွန်တိုက်စစ်မှူး အော်ဘာမီရန်းဟာ ဥရောပအကောင်းဆုံးကစားသမားတွေထဲမှာတော့ တစ်ဦးအပါအဝင်ဖြစ်တာမို့ အရခေါ်ယူသွား ဖို့ရှိနေပါတယ်။

## ယူရို ၂၀၁၆ အင်္ဂလန်အောင်နိုင်ရေး ရွန်းနေအပေါ်မှာ မူတည်

ပြင်သစ်နိုင်ငံမှာ ကျင်းပမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲမှာ အင်္ဂလန်အသင်းအောင်နိုင်ရေးဟာ အသင်းခေါင်းဆောင် ရွန်းနေအပေါ်မှာ မူတည်နေတယ်လို့ နည်းပြ ရွိုင်းဟော့ဆင်က ပြောဆိုလိုက်ပါတယ်။ မန်ယူတိုက်စစ်မှူး ရွန်းနေဟာ ယခုနှစ်ရာသီအစက ရုန်းကန်ကြိုးစားနေခဲ့ရပါတယ်။ သို့ပေမယ့် ၂၀၁၆ ခုနှစ်ထဲမှာတော့ ရွန်းနေရဲ့ ကစားပုံတွေဟာ တိုးတက်မှုတွေရှိလာပါတယ်။ သူဟာ ၂၀၁၆ ခုနှစ်အတွင်း မန်ယူအတွက် ခုနစ်ဂိုးသွင်းယူပေးထားနိုင်ခဲ့ပါတယ်။ နည်းပြ ရွိုင်းဟော့ဆင်ကတော့ ယူရို ၂၀၁၆ အင်္ဂလန်အသင်းအောင်နိုင်ရေးဟာ ရွန်းနေဟာ အဓိကဖြစ်တယ်လို့ ဆိုပါတယ်။ ရွန်းနေဟာ ရာသီအစမှာ ရှစ်ပွဲမြောက်အထိ မန်ယူအတွက် ဂိုးမသွင်းနိုင်ခဲ့လို့ စိုးရိမ်မှုတွေဖြစ်ခဲ့ရပါတယ်။ သို့ပေမယ့် ၂၀၁၆ ခုနှစ်ထဲမှာတော့ ကိုးပွဲကစားရာမှာ ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့လို့ နည်းပြ ရွိုင်းဟော့ဆင်စိတ်အေးခဲ့ရပြန်ပါတယ်။ ရွန်းနေရဲ့ ကစားပုံဟာ ပုံမှန်ပြန်ဖြစ်လာတဲ့သဘောဖြစ်တယ်လို့ ဆိုပါတယ်။ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းနဲ့ လက်စတာတိုက်စစ်မှူး ဗာဒီတို့ကတော့ ယူရို ၂၀၁၆ မှာ ရွန်းနေနဲ့အတူ ပွဲထွက်လာနိုင်တဲ့ တိုက်စစ်မှူးကောင်းတွေလို့လည်း ပြောဆိုနေကြပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ပုပ္ပား ရေတံခွန်သို့

မောင်သာ
(ရှေးဟောင်း သုတေသန)



နေပြည်တော်မှ နံနက်စောစော ထွက်လာခဲ့သော ကျွန်တော်တို့သည် မိတ္ထီလာသီးကုန်း လမ်းခွဲတွင်မနား တော့ဘဲ မိတ္ထီလာ ကျောက်ပန်းတောင်းလမ်းအတိုင်း ဆက်လက်လာခဲ့ကြရာ နေမမြင့်မီ ကျောက်ပန်းတောင်းသို့ ရောက်ရှိခဲ့ကြသည်။ ပုပ္ပားသို့သွားရန် ကျောက်ပန်းတောင်း မြို့တွင်းသို့ မဝင်တော့ဘဲ ကားလမ်းမမှ ညာဘက်သို့ ချိုးကွေ့၍ မြို့ရှောင်လမ်းအတိုင်း လာခဲ့ကြရာ မကြာမီမှာပင် ဗျတ္တပန်းဆက်လမ်းသို့ ရောက်ရှိခဲ့သည်။ ဗျတ္တပန်းဆက်လမ်းသည် ကျောက်ပန်းတောင်းမြို့မှ ပုပ္ပားမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ၁၁ မိုင်ရှည်သော လမ်းဖြစ်သည်။

ဗျတ္တပန်းဆက်လမ်းသည် ယခင်က မြေသားလမ်းတစ်ပိုင်း ကတ္တရာတစ်ပိုင်း ဖြစ်ခဲ့သော်လည်း ယခုအခါတွင် ချောမွေ့သော ကတ္တရာလမ်းမတစ်ခုအဖြစ် ဖောက်လုပ်ထားသဖြင့် မော်တော်ယာဉ်များ လျင်မြန်စွာ သွားလာနေကြသည်ကို မြင်ကြရပေသည်။ ဗျတ္တပန်းဆက်လမ်းပေါ်ရှိ အက်ဆစ်ကွေ့ဟု ခေါ်ကြသည့် တောင်ဆင်းတောင်တက်ကွေ့သည် ယခင်က မော်တော်ယာဉ် မတော်တဆမှုများ မကြာခဏ ဖြစ်ကာ အသက်ဆုံးရှုံးမှုများ ဖြစ်ခဲ့ဖူးသော်လည်း ယခုအခါတွင် လမ်းကို ပြေပြစ်စေရန် ပြန်လည်ပြုပြင်ဖောက်လုပ်ထားသဖြင့် ယာဉ်မတော်တဆမှု ဖြစ်ပွားမှုများ အလွန်နည်းပါးသွားကြောင်း သိရှိရပေသည်။ အက်ဆစ်ကွေ့၏ တောင်ကုန်းထိပ်တွင် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုအတိုင်း ခရီးလမ်းသွားများ အန္တရာယ်ကင်း ဘေးရှင်းကြစေရန် စေတီငယ်တစ်ဆူကို တည်ထားသည်ကို ဖူးတွေ့ကြရပေသည်။

ဗျတ္တပန်းဆက်လမ်း၏ အဆုံးတွင် ပုပ္ပားမြို့ရှိသည်။ စကားဝါမြေဟု တင်စားခေါ်ဆိုကြသည့် အတိုင်း ပုပ္ပားဒေသတွင် စကားဝါပန်းများကို အမြဲတွေ့ရလေ့ရှိရာ ပုပ္ပားဈေးတွင် စကားဝါပန်းဆိုင်များနှင့်အတူ လူသုံးကုန်ပစ္စည်းများ ရောင်းချသောဆိုင်များ၊ စားသောက်ဆိုင်များဖွင့်လှစ်ရောင်းချလျက် ပုပ္ပားမြို့သည် အထူးစည်ကားနေသည်ကို မြင်ကြရသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့်အမျှ ဒေသ၏ လူမှုစီးပွား ဘဝများသည်လည်း တိုးတက်လာမြဲဖြစ်ပေရာ မြန်မာနိုင်ငံ၏ ထင်ရှားသော ခရီးသွားလုပ်ငန်းဒေသ တစ်ခုဖြစ်သော ပုပ္ပားသည် တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးလျက်ရှိနေသည်ကို တွေ့မြင်နိုင်ပေသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပ ခရီးသွားများ လည်ပတ်သွားလာလေ့ရှိသည့် ပုဂံ၊ အင်းလေး၊ မန္တလေး၊ မုံရွာ အစရှိသော နေရာများအပြင်အသစ်ထပ်မံလည်ပတ်နိုင်မည့် ခရီးသွားဒေသများကို ဖော်ထုတ်ပေးနိုင်သည်နှင့်အမျှ မီးခိုးမထွက်သော စက်ရုံကြီးသည် ပိုမိုလည်ပတ်လာမည်သာ ဖြစ်ပေသည်။

ကျွန်တော်တို့ အဖွဲ့သည် ဗျတ္တပန်းဆက်လမ်းပေါ်ရှိ လင်းပုပ္ပားဟိုတယ်တွင် ရပ်နားတည်းခိုခဲ့ကြရာ ဟိုတယ်ဝန်ထမ်း ကိုထက်နိုင်စိုးက ပုပ္ပားမြို့၊ ဒေါင်းလည်ကျေးရွာအပိုင်နယ်မြေထဲတွင် လူသိနည်းသေးသော ရေတံခွန်တစ်ခုရှိနေကြောင်း ပြောပြခဲ့ရာ ကျွန်တော်တို့ များစွာ စိတ်ဝင်စား မိကြပါသည်။ မြန်မာလူမျိုးခရီးသွားများသည် ပင်လယ်ကမ်းခြေဒေသများ၊ရေတံခွန်များရှိရာ နေရာများသို့ အပန်းဖြေ ခရီးထွက်ရခြင်းကို နှစ်ခြိုက်လေ့ရှိကြသဖြင့် ကမ်းခြေနှင့် ရေတံခွန်ရှိသော ခရီးသွားနယ်မြေ အသစ်များကို ဖော်ထုတ်နိုင်ပါက များစွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း ပြောဆိုမိကြပါသည်။

ပုပ္ပားသို့ ကျွန်တော်နှင့်အတူ လိုက်ပါလာသူနှစ်ဦးသည် ခရီးသွားလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူ ကိုဇေယျာထွန်းနှင့် ဓာတ်ပုံ ပညာရှင် ကိုခိုင်ဇေဝင်းတို့ဖြစ်ကြသည်။ ကျွန်တော်တို့ သုံးဦးလုံးသည် မိမိတို့ ရည်ရွယ်ချက်ကိုယ်စီဖြင့် ထိုရေတံခွန် နေရာသို့ သွားရောက်ကြည့်ရှုလိုခဲ့ကြသဖြင့် လင်းပုပ္ပားဟိုတယ်မှ ကိုထက်နိုင်စိုးအားလိုက်လံပြသပေးပါရန် မေတ္တာရပ်ခဲ့ကြသည်။ ကျွန်တော်တို့ ရောက်ရှိသည့်နေ့ ညနေပိုင်းမှာပင် ပုပ္ပားရေတံခွန်ရှိရာ ချောင်းတဲဦး တောင်ကုန်းများဆီသို့ ထွက်ခွာလာခဲ့ကြသည်။ ကျွန်တော်တို့နှင့်အတူ ဟိုတယ်ဝန်ထမ်းမဇင်မာချိုနှင့်မဇင်မာစိုးတို့လည်း လိုက်ပါလာခဲ့သည်။ မဇင်မာစိုးက ရေတံခွန်ရှိရာနေရာမှ ဒေသခံ တစ်ဦးဖြစ်သဖြင့် သူက ကျွန်တော်တို့ကို ဦးဆောင်သွားခဲ့သည်။

ပုပ္ပားဘက်မှလာလျှင် ဗျတ္တပန်းဆက်လမ်းထိပ်မှ ငါးဖာလုံခန့်အကွာတွင် ဗျတ္တပန်းဆေးကန်ရှိသည်။ လက်ရှိအချိန်တွင် ထိုကန်တွင် ရေများမရှိတော့သော်လည်း ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနက ကန်ပတ်လည်ကို သံဆန်ခါများဖြင့် စည်းရိုးကာရံထားသည်။ ကန်သည် ခန့်မှန်းအလျား ပေ ၁၀၀ နှင့် အနံ ပေ ၁၅၀ ဝန်းကျင်ခန့်ရှိပြီး လူတစ်ရပ်နီးပါး ပြန်လည် တူးဖော်ထားသည်ကို တွေ့ရှိရသည်။

ပုပ္ပားရာဇဝင်များထဲမှ သူရဲကောင်း ဗျတ္တသည် ပုဂံဘုရင်ထံ နေ့စဉ် ပန်းဆက်ရန် ပုပ္ပားတောင်မှ ပန်းများကို ချိုးယူပြီး ဤကန်တွင် ရေဆေးသန့်စင်ပြီးမှ ပုဂံသို့ သွားလေ့ရှိသည်ဟု ယုံကြည်ထားကြသည်။ ကန်ပေါင်ပေါ်တွင် ပန်းဆေးကန်စခန်းဟု ကမ္ဗည်းတိုင်စိုက်ထူထားသည်။ ထိုပန်းဆေးကန်အနီးမှ မြေလမ်းအတိုင်း ရေတံခွန်သို့ ကျွန်တော်တို့ သွားခဲ့ကြရာ ဗျတ္တပန်းဆက်လမ်းပေါ်မှ ဝဲဘက်သို့ မိနစ် ၅၀ ခန့်သွားရပြီး ခရီးတစ်ဝက်သည် မြေပြန့်လမ်းဖြစ်၍ ကျန်တစ်ဝက်သည် တောင်ဆင်းတောင်တက်လမ်းဖြစ်သည်။

ကားလမ်းမပေါ်မှ မြေပြန့်အတိုင်း ကျွန်တော်တို့ လျှောက်လာခဲ့ကြရာ လှပသော တောင်တန်းများနောက်ခံတွင် စိုက်ပျိုးထားသော စိုက်ခင်းများကို မြင်ရသည်မှာ များစွာစိတ်ကြည်နူးကြရသည်နှင့်အမျှ ကိုယ်လက် လန်းဆန်းရွှင်ပျမှုကို ခံစားကြရသည်။ ယင်းနေရာတွင် သရက်၊ ငှက်ပျောနှင့်ပန်းများကို အများဆုံး စိုက်ပျိုးကြကြောင်း မဇင်မာစိုးကရှင်းပြခဲ့သည်။ စိုက်ခင်းများအလွန်တွင် လမ်းကကျဉ်းမြောင်းလာကာ လူနှစ်ယောက် လမ်းလျှောက်နိုင်ရုံသာ ကျယ်ဝန်းတော့သည်။ ထိုနေရာတွင် လူရှိသည့် ခြံစောင့်တဲများကိုတွေ့ရသည်။ တောရိုင်းပန်းပင်များသည်လည်း လှပစွာပွင့်ဖူးနေကြသည်။

ထိုနေရာတွင် ကျောက်တောင် ကျောက်တုံးများသာ ရှိနေသော်လည်း အပင်မြင့်များကိုလည်းတွေ့ရှိကြရကာ သစ်ရိပ်များအောက်မှ တောင်ဆင်း တောင်တက်သွားကြရသည်။ တစ်နေရာတွင် လက်ဖြင့် တူးဖော်ထားသည့် ရေတွင်းတစ်ခုကို တွေ့ရသည်။ ဤဒေသတွင် ရေတွင်းများကို စက်ဖြင့် တူး၍မရဘဲ လက်ဖြင့်သာ တူး၍ရနိုင်ကြောင်း သိရှိရသည်။ အပေါ်မြေသား အောက်တွင် ကျောက်လွှာများသာရှိသဖြင့် လူအင်အားဖြင့် တူးထားရာမှ ထွက်လာသည့် ကျောက်တုံးအပုံကြီးကို တွေ့ကြရသည်။ ကိုထက်နိုင်စိုးနှင့် မဇင်မာစိုးတို့၏ ပြောပြချက်အရ အတောင် ၆၀ ကျော်အထိ တူးကြရကြောင်းသိရှိရပေသည်။

ကျွန်တော်တို့သည် ချွေး အနည်းငယ်စို့ကာ မောလာချိန်တွင် မဇင်မာစိုးကသူငယ်စဉ်က ခြံထွက်သရက်သီးတောင်းများကို မိဘများနှင့်အတူ တစ်နိုင်တစ်ပိုင်ထမ်းကာ တောင်ပေါ်သို့တက်ပြီး ပုပ္ပားသို့ သွားရောက်ရောင်းချခဲ့ရပုံများကိုပြောပြသည်။ တောင်ဆင်း တောင်တက် ခရီးသည် နာရီဝက်နီးပါးမျှသာကြာပြီး သစ်ရိပ်ဝါးရိပ်များအောက်တွင် ရေတံခွန်တစ်ခုကို ရုတ်တရက် တွေ့မြင်လိုက်ရချိန်တွင် ကျွန်တော်တို့အားလုံး အမောပြေသွားခဲ့သည်။ ထိုရေတံခွန်ရှိနေသည့်နေရာကို ချောင်းတဲဦးဟု ခေါ်သည်။

ရေတံခွန်သည် ပေ ၃၀ ခန့် ကျယ်ဝန်းလျက် အမြင့်ပေ ၅၀ ကျော်မှ ရေများကျဆင်းနေသည်ကို တွေ့ကြရသည်။ ကျွန်တော်တို့သည် ရေတံခွန် အောက်ခြေ အထိဆင်းကာ ကျောက်တုံးများပေါ်တွင်ထိုင်လျက် လှပသော သဘာဝ တောတောင်ရှုခင်းများ၏ အလှကို ခံစားနေမိကြပါသည်။ ထိုအချိန်တွင် ကိုထက်နိုင်စိုးက ရေတံခွန်ပေါ်သို့ ကျောက်ဆိုင်များကို ကုတ်ခြစ်တက်သွားသည်ကို မြင်ရသည်မှာ အန္တရာယ်များလှသည်ဟု ထင်မိသော်လည်း သူကပုံမှန်လုပ်ရိုးလုပ်စဉ် တစ်ခုကို လုပ်ဆောင်နေသကဲ့သို့ မြင်နေရပေသည်။

ပုပ္ပားဒေသတွင်ရေထွက် ၉၉ ခုရှိရာ ထိုရေထွက်များမှ ရေများကို ဒေသခံများက စိုက်ပျိုးရေးလုပ်ငန်းများတွင်သုံးစွဲကြသည်။ ပုပ္ပားတောင်စဉ် တောင်တန်းတစ်လျှောက်မှ စီးဆင်းလာနေသည့် ရေလမ်းကြောင်းများကို ထိုဒေသတွင် ရေထွက်ဟု ခေါ်ဆိုကြသည်။ ပုပ္ပားချောင်းတဲဦးရှိ ရေတံခွန်သည် မောင်နှံ ခုနစ်ဖော် ရေထွက်မှ စီးဆင်းလာသည့် ရေလမ်းကြောင်းပေါ်တွင် တည်ရှိနေသည်။

ပုပ္ပားတောင်သည် စပါးပုံတောင်၊ ရေတွင်းတောင်၊ မောင်းတောင်၊ ငုတ်တိုတောင်၊ လပို့တောင်၊ မှန်တောင်၊ ဆေးပွင့်တောင်၊ စိန်တောင်၊ မာလာတောင်၊ ကင်ပွန်းတောင် စသည့် တောင်စွယ်များနှင့် ဆက်စပ်နေပြီး ပုပ္ပားတောင်မကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၉၈၁ ပေမြင့်သည်။ ထိုတောင်များတစ်လျှောက်ရှိရေထွက်များမှ ထွက်လာသော ရေစီးကြောင်းများသည် တောင်အမြင့်မှ အနိမ့်သို့ စီးဆင်းလာစဉ် ရေတံခွန်ကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။ အမည်မပေးထားသဖြင့် ကျွန်တော်တို့က ပုပ္ပားရေတံခွန်ဟု ခေါ်လိုက်ကြပြီး ရေတံခွန်အပေါ်ဆုံးသို့ တက်ကြည့်ကြပါသေးသည်။ ရေတံခွန်သို့ ရေများစီးကျရာ လမ်းတစ်လျှောက်တွင် ကျောက်တုံးများ ပိတ်ဆီးနေသဖြင့် ရေအကျ နည်းနေသည်ကိုလည်း သတိပြုမိခဲ့သည်။ မဇင်မာစိုး၏ ပြောပြချက်အရ မိုးရာသီတွင် ရေများ တလဟော စီးကျလေ့ရှိသော်လည်း နွေအချိန်တွင် ရေအကျ လျော့သွားလေ့ရှိကြောင်း သိရှိရပေသည်။ ရေတံခွန်သို့ စီးဆင်းလာသည့် ရေစီးလမ်းကြောင်းကို အဟန့်အတားများ လျော့ပါးစေရန်စီစဉ်နိုင်ပါက ပုပ္ပားရေတံခွန်သည် ရေအမြဲကျဆင်းကာခရီးသည်များ အများအပြား လာရောက်လည်ပတ်ကြမည့် နေရာတစ်ခုဖြစ်လာနိုင်မည်ဟု ကျွန်တော်တို့ ယူဆမိကြသည်။ ဗျတ္တပန်းဆက်မှ တစ်နာရီ သာသွားရသည့် နေရာဖြစ်သဖြင့် ပုပ္ပားသို့ လာရောက် လည်ပတ်ကြသူများ အလွယ်တကူ လည်ပတ်နိုင်ကြသည့် နေရာတစ်ခုလည်းဖြစ်ပေသည်။

ပုပ္ပားတောင်သည် မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့မှ အရှေ့မြောက်ဘက် ၁၀ မိုင် အကွာ၊ ပဲခူးရိုးမ၏မြောက်ဘက်အစွန်တွင် တည်ရှိသည်။ ပုပ္ပားသည် ရန်ကုန်မြို့မှ ၄၀၅ မိုင်ကွာဝေး၍ ပုဂံမှ အရှေ့တောင်ဘက် သို့ ၃၁ မိုင် ကွာဝေးပြီး မြေပုံညွှန်းအရ ပုပ္ပား၏ တည်နေရာသည် မြောက် လတ္တီတွဒ်၂၀ ဒီဂရီ ၅၂ မိနစ် ၊အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄မိနစ် ဖြစ်သည်။ ပုပ္ပားတောင်ကို ရာသီဥတု သာယာချိန်တွင် ၃၇ မိုင်ကွာဝေးသော ဧရာဝတီမြစ်မှ မြင်တွေ့နိုင်သည်။

ပုပ္ပားတောင်မကြီးသည် တစ်ချိန်ကပေါက်ကွဲခဲ့ပြီးနောက် ယခုအချိန်တွင်မီးတောင်သေတစ်ခုအဖြစ် ကျန်ရှိနေသည်။ မီးတောင်သေထိပ်ဝသည် တစ်မိုင်ခန့်ကျယ်၍ ပေ ၂၆၅၀ ခန့် နက်သည့် ချောက်တစ်ခုအဖြစ်ရှိနေပြီး ယင်းချောက်ကြီးကို ချုံမတွင်းချောက် ဟုခေါ်ကြသည်။ မီးတောင်ပေါက်ကွဲခဲ့စဉ်က လွင့်စဉ်ခဲ့သည့် ချော်ရည် ချော်ခဲများသည် ပုပ္ပားတောင်မကြီး၏ မြောက်ဘက် ၁၀ စတုရန်းမိုင် အထိ ဖုံးလွှမ်းခဲ့ပြီး ချော်တုံး အပိုင်းအစများကို ယနေ့တိုင် မြင်နိုင်ကြသဖြင့် တက္ကသိုလ်များမှ ဘူမိဗေဒကျောင်းသားများနှင့် ပြင်ပပညာရှင်များသည် ချောက်အတွင်းဆင်းကာ လေ့လာမှုများပြုလုပ်လေ့ရှိကြသည်။ အချို့ခရီးသွားများသည်လည်း မီးတောင်ဝဟု ယူဆရသည့် နေရာအထိသွားရောက်ကြည့်ရှုလေ့ရှိကြသည်။

ပုပ္ပားဟူသောအမည်သည် ပါဠိဝေါဟာရ ပုပ္ဖ (ပန်း) မှ ဆင်းသက်လာသည်ဟုယူဆကြသည်။ စကားဝါပန်းများ ပေါများသည့်စကားဝါမြေဟုလည်း ခေါ်ဆိုသည်။ ပုပ္ပားတောင်တွင် တောင်မကြီးနှင့်တောင်ကလပ်ဟူ၍နှစ်ပိုင်းရှိရာ ပုပ္ပားတောင်ကလပ်ကို ပုပ္ပားတောင်မကြီး ပေါက်ကွဲရာမှ ပဲ့ထွက်သွားသည့် အစိတ်အပိုင်းတစ်ခုဟု ယူဆကြသကဲ့သို့ မီးတောင်လည်တိုင်ဟု ယူဆမှုများလည်းရှိသည်။ ပုပ္ပားတောင်မကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၉၈၁ ပေမြင့်ပြီး မှတ်မိလွယ်ရန် ဆယ့်ကိုးယုတ် ငါးထောင်ဟု မှတ်သားကြသည်။ ပုပ္ပားတောင်ကလပ်သည် ၂၄၁၇ ပေ မြင့်မားကာမတ်စောက်ပြီး ကလပ်ပုံစံဖြစ်နေသည့်အတွက် တောင်ကလပ်ဟု ခေါ်ဆိုကြသည်။

ပုပ္ပားသည်သမိုင်းအရ၊ ယဉ်ကျေးမှု အရ၊ ဘူမိဗေဒပညာအရ၊ ရှေးဟောင်းသုတေသန ပညာအရ၊ မြန်မာပြည်သူတို့၏ နတ်ကိုးကွယ်မှုဆိုင်ရာ ယုံကြည်မှုများအရ ပြည်တွင်းပြည်ပ ခရီးသွားများ အများအပြား လာရောက်လည်ပတ်ကြသည့်နေရာတစ်ခုအဖြစ် ထင်ရှားသည်။ ယခုအခါ၌ မြန်မာနိုင်ငံ နေရာအနှံ့မှ ပုပ္ပားသို့ လွယ်ကူစွာ သွားရောက်နိုင်သဖြင့် ပုပ္ပားတောင်သည် ပြည်တွင်းပြည်ပမှ လာရောက်လည်ပတ်ကြသူများဖြင့် အမြဲစည်ကားလျက်ရှိနေပေရာ ကျွန်တော်တို့ ရောက်ရှိခဲ့သည့် ချောင်းတဲဦး ရေတံခွန် နေရာကိုလည်း ခရီးသွားများ လာရောက်လည်ပတ် အပန်းဖြေနိုင်မည့် နေရာတစ်ခုအဖြစ် ဖန်တီးပေးနိုင်ပါက ပုပ္ပားခရီးသွားလုပ်ငန်းသည် ပိုမိုစည်ပင်ဖွံ့ဖြိုးလာမည်သာဖြစ်ပါပေသည်။ ။





# အရာတော်သနပ်ခါးပျိုးပင်များနှင့် မျိုးစေ့များ အပူပိုင်းဒေသအတွင်းရှိ မြို့နယ်များသို့ ဖြန့်ဝေရောင်းချပေးလျက်ရှိ

**အရာတော် ဖေဖော်ဝါရီ ၁၅**

အရာတော်မြို့နယ်အတွင်း အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသော သနပ်ခါးပျိုးပင်များကို အပူပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသာမက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များအတွင်းရှိ ကျေးရွာများအထိ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"သနပ်ခါးပင်က အပူပိုင်းဒေသတွေမှာ အဖြစ်များတယ်။ အပင်ပေါက် ၄၅ ရက်ဆိုရင် မြေမှာချစိုက်လို့ရတယ်။ စိုက်ပြီး ငါးနှစ်ကနေ ခုနစ်နှစ်အတွင်းမှာ ဈေးကွက်မှာရောင်းလို့ရတယ်။ ဟိုတုန်းကတော့ အရာတော်သနပ်ခါးမျိုးက မြို့နယ်အတွင်းမှာပဲ အစိုက်များတယ်။ ပြီးခဲ့တဲ့ ခုနစ်နှစ် ရှစ်နှစ်လောက်ကစပြီး တခြားမြို့တွေက သနပ်ခါးအပင်ပေါက်တွေ၊ အစေ့တွေဝယ်ပြီး စိုက်လာကြတာ အခုဆို တိုင်းသုံးတိုင်းလောက်ကို ပြန့်နေပြီ။ သနပ်ခါးပင်ပေါက်က တစ်ပင်ကို ငွေကျပ် ၂၀၀ ဈေးရှိတယ်။ အစေ့ဆိုရင်လည်း နို့ဆီဘူးတစ်ဘူးကို ငွေကျပ် တစ်သောင်းကနေ ငါးသောင်းလောက်အထိရှိတယ်။ အစေ့ကို နှစ်စဉ်ဝါဆိုလဆိုရင် အသီးမှည့်ရင် ရောင်းတယ်။ အဝေးကဆိုရင် အစေ့မှာတာများတယ်။ အပင်ပေါက်တွေကို ၅ လပိုင်းမှ ၁၀ လပိုင်းလောက်အထိ စိုက်ပျိုးနိုင်တယ်။ ရေရမယ်ဆိုရင်တော့ ၁၂ လပိုင်းအထိ စိုက်နိုင်ပါတယ်။ သနပ်ခါးစိုက်တဲ့ တောင်သူတွေကိုလည်း ကျွန်တော်တို့ စိုက်နည်းစနစ်တွေပေးတယ်။ ဒေသအရောက်လိုက်ပြီး စိုက်ပေးဆိုရင်လည်း စိုက်ပေးပါတယ်"ဟု အရာတော်မြို့နယ်မှ သနပ်ခါးတောင်သူ ဦးစိန်မင်းက ပြောသည်။

သနပ်ခါးစိုက်ပျိုးရေးသည်ယခင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အရာတော်မြို့နယ်၊ ရွှေဘိုမြို့နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေစကြိုမြို့နယ်များတွင် အစိုက်များခဲ့ပြီး ယခုနောက်ပိုင်းတွင် အရာတော်မြို့နယ်အတွင်းမှ သနပ်ခါးမျိုးများမှာ စိုက်ပျိုးအောင်မြင်ပြီး ဈေးကွက်များ ကျယ်ပြန့်လာသဖြင့် ၎င်းမြို့နယ်များအပြင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အရာတော်မြို့နယ်အတွင်းမှ သနပ်ခါးမျိုးများကိုဝယ်ယူပြီး တိုးချဲ့စိုက်ပျိုးလာခဲ့ကြောင်း သိရသည်။

အရာတော်မြို့နယ်အတွင်းမှ သနပ်ခါးမျိုးများကို ကသာ၊ ထီးချိုင့်၊ ဘော၊ ဇင်း၊ သပိတ်ကျင်း၊ စဉ့်ကူး၊ ပခုက္ကူ၊ မြင်းခြံ၊ မိတ္ထီလာ၊ ငါန်းဇွန်၊ တံတားဦးစသည့် မြို့နယ်များရှိ စိုက်ပျိုးမြေများတွင်သာမက ကျောက်ကုန်းမြေများတွင် အရာတော်သနပ်ခါးမျိုးများကို မှာယူစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# အာမခံလုပ်ငန်းဆိုင်ရာသိကောင်းစရာများ တာချီလိတ်၌ ရှင်းလင်းဆွေးနွေး



**တာချီလိတ် ဖေဖော်ဝါရီ ၁၅**

သဘာဝကြောင့်ဖြစ်စေ၊ လူသားများ၏ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မျှော်လင့်မထားသည့် ဘေးအန္တရာယ်များနှင့် ကြုံတွေ့လာပါက မိမိပိုင်ဆိုင်သည့် အသက်ခန္ဓာ၊ ငွေကြေးဥစ္စာများ၊ အဆောက်အအုံ၊ မော်တော်ယာဉ်စသည့်ပစ္စည်းများအားလုံး ဆုံးရှုံးမှုမရှိစေရေးအတွက် ငွေကြေးတစ်ရပ်ဖြင့် အကာအကွယ်ရယူထားရှိကာ မူလအခြေအနေသို့ ပြန်လည်ရရှိစေရေး တာဝန်ယူ ဆောင်ရွက်ပေးခြင်းဟူသည့်အာမခံလုပ်ငန်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က အမှာစကားပြောကြားပြီး သူတစ်ပါးထိခိုက်မှု အာမခံ (အလုံးစုံမော်တော်ယာဉ်အာမခံ)တွင် အာမခံထားနိုင်သောယာဉ်အမျိုးအစားများ (ကိုယ်ပိုင်၊ အငှား၊ အိမ်သုံး၊ လုပ်ငန်းသုံး၊ ဆောက်လုပ်ရေးသုံး) မော်တော်ယာဉ်များ၏ အာမခံသက်တမ်း၊ ပရီမီယံနှုန်း၊ အကျိုးခံစားခွင့်နှင့် အပိုအကာအကွယ်ဆိုင်ရာများ၊ မီးအားမခံတွင် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ၏ ပရီမီယံနှုန်း၊ သာမာန်အကာအကွယ်နှင့်ထပ်မံဝယ်ယူနိုင်သော အပိုအကာအကွယ်များ၊ အာမခံထားနိုင်သည့်သက်တမ်း၊ လျော်ကြေးမဲ့ဆု၊ ရေကြောင်းကုန်ပစ္စည်းအာမခံဆိုင်ရာများ၊ အထွေထွေအာမခံဆိုင်ရာများကို မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံ ဦးအောင်ဟိန်းကျော်က ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အကျိုးအမြတ်များ အားမေးမြန်းဆွေးနွေးရာ မြန်မာ့အာမခံလုပ်ငန်း၊ ခရိုင်တာဝန်ခံက ဝန်ဆောင်မှုပေးလျက်ရှိသည့် လုပ်ငန်းကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ လူမှုဝန်ထမ်းဦးစီးဌာနမှ မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ်အဖြစ် မူကြိုကျောင်းပေါင်းစုံ ပဒေသာကပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၄၁ ဦးက ရှမ်းပလောင်၊ ကရင်စသည့် တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေနေစဉ်။**

ဝေလင်းအောင် (ပြန်/ဆက်)



# ဗန်းမောက်မြို့၌ မြို့တော်ခန်းမကြီး တည်ဆောက်နေ

**ဗန်းမောက် ဖေဖော်ဝါရီ ၁၅**

ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် မြို့ရွာဒေသဖွံ့ဖြိုးတက်ရေးဌာနဆိုင်ရာများ ပြည်သူများများနှင့်တွေ့ဆုံစည်းဝေးရာ အဆင်ပြေစေနိုင်ရန် ရည်ရွယ်၍ မြို့တော်ခန်းမသစ်ကြီးအား ၂၀၁၅ မတ် ၁၅ ရက်တွင် စတင်တည်ဆောက်လျက်ရှိရာ ယခုအခါ ဆောက်လုပ်ရေး လုပ်ငန်းများ အားလုံး၏ ၇၅ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီဖြစ်ကြောင်းသိရသည်။

ထို့ပြင် ဗန်းမောက်မြို့ မြို့တော်ခန်းမတည်ဆောက်ရေးလုပ်ငန်းကို စစ်ကိုင်းတိုင်းအစိုးရအဖွဲ့ ဝန်ကြီးလမ်းညွှန်မှုဖြင့် အုတ်ရိုးစီ အုတ်မြစ်သစ်သားထည် နံရံကပ်အုတ်ရိုးစီနံရံ (၁၁၅ × ၄၀)ပေ အတွင်းခန်းမ ပေ (၁၃၀ ×၆၀)အလုံးအဆောက်အအုံအားသစ်မျိုးစုံဖြင့် တည်ဆောက်နေလျက်ရှိပြီး စပေါ့လိုက်မီးများ ချိပ်ဆက်တပ်ဆင်ပြုလုပ်သွားနိုင်ရေး တိုင်းဒေသကြီးအစိုးရက ဘိလပ်မြေအိတ်လုံးရေ ၁၀၀၀ အိတ်၊ ပုံစံရသစ်တန် ၄၀ တန်ကျော်နှင့် ဗန်းမောက်မြို့နယ် ရွှေသတ္တုရှာဖွေကုမ္ပဏီ ၂၅ ခုမှ ပံ့ပိုးကူညီမှုဖြင့် ကျပ်သိန်း ၁၃၀၀ ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



# ရွှေဘိုမြို့ ကုန်းဘောင်ဈေးသစ်ဖွင့်လှစ်



**မုံရွာ ဖေဖော်ဝါရီ ၁၅**

ရွှေဘိုမြို့ရှိ ကုန်းဘောင်ဈေးသစ်ကြီးအား ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါဈေးရှေ့တွင် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင်ရွှေဘိုမြို့စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးအောင်လင်းက ကုန်းဘောင်ဈေးသစ် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကုန်းဘောင်ဈေးတည်ဆောက်ရေး ULTRA ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးကျော်စွာဦးက မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးသန်းဇော်ထံ ကုန်းဘောင်ဈေးသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လိုင်မြင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်မြင့်နှင့် ULTRA ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ရွှေဘိုမြို့ ကုန်းဘောင်ဈေးသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ အဆိုပါ ရွှေဘိုမြို့ ကုန်းဘောင်ဈေးသစ်သည် ၀ ဒသမ ၄၆ ဧက ကျယ်ဝန်းပြီး ဈေးဆိုင်ခန်း ၁၇၉ ခန်းအား ဈေးပြိုင်လေလံ ရောင်းချကာ ဈေးတည်ဆောက်စရိတ် တန်ဖိုးငွေကျပ် စုစုပေါင်းမှာ ၃၃၅ ဒသမ ၇ သန်း ကုန်ကျခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ကျိုင်းတုံဒေသခံများကလည်း နမ့်ဆန်ပြည်သူများအတွက် လှူဒါန်း

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၅**

နမ့်ဆန်မြို့နှင့် လပ္ပတ္တာမီးဘေးအတွက် ကျိုင်းတုံမြို့သဘာဝဘေးအန္တရာယ် ကူညီထောက်ပံ့ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကျိုင်းတုံမြို့မဈေး အလယ်လမ်းဆုံတွင် အလှူခံမဏ္ဍပ်ဖွင့်လှစ်၍ ဖေဖော်ဝါရီ ၁၂ ရက်မှစတင်ကာ အလှူငွေကောက်ခံလျက်ရှိရာ ဒေသခံတိုင်းရင်းသားများ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ မီးဘေးအလှူငွေ ကောက်ခံသည့် မဏ္ဍပ်သို့ ရှမ်းရိုးရာသံစုံတေးဂီတအဖွဲ့က လာရောက်ဖျော်ဖြေပေး၍ ဒေသခံတိုင်းရင်းသားများသာမက နိုင်ငံခြားသားခရီးသွားဧည့်သည်တွေလည်းသိရှိပြီး အလှူငွေများထည့်ဝင်လှူဒါန်းကြကြောင်း ကျိုင်းတုံလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်မင်းက ပြောသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## ကနီမြို့နယ်၌ မီးသတ်ယာဉ်များ ကြံ့ခိုင်မှုရှိရေးစစ်ဆေး

**ကနီ ဖေဖော်ဝါရီ ၁၅**

ပူပြင်းခြောက်သွေ့သော ရာသီသို့ရောက်ရှိလာပြီဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနအုပ်ချုပ်မှု လက်အောက်ရှိရပ်ကွက်၊ ကျေးရွာများတွင် မီးမဆင်မခြင်သုံးစွဲမှု၊ ပေါ့ဆမှုတို့ကြောင့် မီးဘေးအန္တရာယ်များ မဖြစ်ပွား မဖြစ်ပေါ်စေရေးတို့အတွက် ဖေဖော်ဝါရီ ၁၃ရက်ကမြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်မြင့် (ခေတ္တမြို့နယ်ဥက္ကဋ္ဌ)၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းတိုးနှင့် အဖွဲ့ဝင်များသည် မြို့နယ်မီးသတ်ဦးစီးဌာနရှိ မြို့နယ်မီးငြိမ်းသတ်ယာဉ်များ ကြံ့ခိုင်မှုရှိမရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများနှင့်အဖွဲ့ဝင်များက ရေသယ်ယာဉ်များ၊ မီးသတ်ပိုက်များနှင့် မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များကိုလည်း သင့် ၄ သင့်၊ မြန် ၃ မြန်၊ ကောင်း ၄ ကောင်းနှင့်အညီဆောင်ရွက်နိုင်စေရေး စစ်ဆေးပြီး မြို့နယ်အတွင်းမီးလောင်မှုဖြစ်ပွားလျှင် ရေအလွယ်တကူသယ်ယူရရှိနိုင်ရေးနှင့် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**



## ဗိုလ်ချုပ်အောင်ဆန်း ၁၀၁ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းအလှခတ်ပြပွဲကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၅**

မိတ္ထီလာမြို့ ပြည်သာယာမြောက်ပိုင်းရပ်ကွက် ဈေးအနီးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ၁၀၁ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီမှ ည ၁၁ နာရီအထိ ပြုလုပ်ကြောင်းသိရသည်။

"လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၀၁ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အနေနဲ့ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲကို ကျင်းပပြုလုပ်တာဖြစ်ပါတယ်။ မိတ္ထီလာ၊ ဝမ်းတွင်း၊ ပျော်ဘွယ် မြို့တွေက ခြင်းအသင်းတွေအပြင် မြင်းခြံမြို့က နိုင်ငံတော် ရွှေတံဆိပ်ရှင် မောင်ခိုင်ထွန်း၊ မောင်စိုးဝေနှင်းနဲ့ မသဲစုဝင်းတို့လည်း လာရောက်ဖျော်ဖြေ ခြင်းအလှခတ်ပြကြပါတယ်။ ဒီမြန်မာ့ရိုးရာ ခြင်းအလှခတ်ပြပွဲမှာ စုစုပေါင်း အသင်း ၁၄ သင်းက တစ်သင်းကို မိနစ် ၃၀ ခန့် မြန်မာ့ရိုးရာခြင်းလုံးပညာ နည်းစနစ်များနဲ့အညီ အလှခတ်ပြကြပြီး ဆိုင်းဝိုင်းငယ်လည်း ထည့်သွင်းတီးခတ်ပေးတာမို့ ပွဲက မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ လာရောက်အားပေးသူတွေလည်း စည်စည်ကားကားပါပဲ" ဟု အဆိုပါ မြန်မာ့ရိုးရာခြင်းအလှခတ်ပြပွဲ ဖြစ်မြောက်ရေးကော်မတီမှ လူငယ်တစ်ဦးက ပြောပြသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု ဖွင့်ပွဲ မလှိုင်မြို့၌ ကျင်းပ



**မလှိုင် ဖေဖော်ဝါရီ ၁၅**

မလှိုင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ဖြစ်မြောက်ရေးကော်မတီက ဦးဆောင်တည်ဆောက်ခဲ့သော ဗိုလ်ချုပ်ကြေးရုပ်တု ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၁ နာရီက စည်ပင်သာယာပန်းခြံဝင်းအတွင်းရှိ ကြေးရုပ်တုရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးဇော်မြင့်မောင်၊ မလှိုင်မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးလှဝင်းမောင်နှင့် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖြစ်မြောက်ရေး ကော်မတီအတွင်းရေးမှူး ဦးသောင်းတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ကမ္ပည်းကျောက်စာတိုင်နှင့် ဗိုလ်ချုပ်ကြေးရုပ်တုအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးဇော်မြင့်မောင်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါကြေးရုပ်တုကို ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ဖြစ်မြောက်ရေး ကော်မတီ က ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရုပ်တုအမြင့်မှာ ရှစ်ပေရှိပြီးခုံအမြင့်မှာ ခုနှစ်ပေ ရှိကြောင်း သိရသည်။

**အောင်ဌွေး(မလှိုင်)**

## ကလေးများ အာဟာရဖြည့် အကျိုးပြုစေရန် သထုံတွင် ဥစားကြက်ခြံများလှူဒါန်း

**သထုံ ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် သထုံမြို့နယ်တွင် Myanmar (CP) Live Stock Co,Ltd မှ ကလေးများ အာဟာရဖြည့်အကျိုးပြုလုပ်ငန်း စီမံကိန်းအရ (C.S.R) ဥစားကြက်ခြံ နှစ်ခြံကို ဆောက်လုပ်ကာ ဖေဖော်ဝါရီ ၁၃ ရက် နံနက်က ဂေါ့နောင်ဘိုကျေးရွာ မူလွန်ကျောင်းနှင့် လေးတိုင်ကျေးရွာ မူလတန်းကျောင်းများသို့ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောင်းသူကျောင်းသားများ ကြက်ဥစားသုံးခြင်းဖြင့် ကျန်းမာရေးကောင်းမွန်ပြီး အသိပညာဖွံ့ဖြိုးမှုပိုမိုအားကောင်းစေရန်၊ ကြက်ခြံမှရရှိသည့် အကျိုးအမြတ်များဖြင့် ကျောင်းဖွံ့ဖြိုးရေး လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်စေရန်နှင့် ကျောင်းသူကျောင်းသားများအား ငယ်ရွယ်စဉ်ကပင် မွေးမြူရေး အသိပညာများ သိရှိနားလည်စေရန်တို့အတွက် ယခုစီမံကိန်းကို အကောင်အထည်ဖော်ကာ ဥစားကြက်ခြံများကို လှူဒါန်းပေးရခြင်းဖြစ်ကြောင်း Myanmar (CP) Live Stock Co,Ltd မှ ဈေးကွက်တာဝန်ခံ ဦးထွန်းမင်းက ပြောသည်။

"ကြက်ခြံနဲ့ ကြက်တွေအပြင် ပထမဆုံးအသုတ်မှာတော့ နည်းပညာ၊ အစာနဲ့ ဆေးဝါးတွေကအစ ကျွန်တော်တို့ကုမ္ပဏီက လှူဒါန်းပေးပါတယ်။ ဒီကရတဲ့ကြက်ဥတွေထဲက ကလေးတွေစားသုံးဖို့အတွက် သုံးပုံတစ်ပုံကိုထားပြီး ကျန်သုံးပုံနှစ်ပုံကိုတော့ ကျောင်းရန်ပုံငွေနဲ့ နောက်တစ်သုတ်အတွက် အရင်းမပျောက်စေဖို့ အသုံးပြုရမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



အဆိုပါ ကြက်ခြံတစ်ခြံတွင် ဥစားကြက် အကောင်ရေ ၂၀၀ စီ မွေးမြူထားပြီး၊ ကြက်ခြံတစ်ခြံလျှင် ငွေကျပ် သိန်း ၁၂၀ ခန့်ကုန်ကျခဲ့ကာ သထုံမြို့နယ်အတွင်းရှိ ဂေါ့နောင်ဘိုကျေးရွာ မူလွန်ကျောင်းနှင့် လေးတိုင်ကျေးရွာမူလတန်းကျောင်းတို့အား ကျောင်းတစ်ကျောင်းလျှင် တစ်ခြံနှုန်းဖြင့် လှူဒါန်းခဲ့ခြင်းဖြစ်ကာ ယင်းစီမံကိန်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့တွင် ၂၀၁၀ ခုနှစ်မှစတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း Myanmar (CP) Live Stock Co,Ltd မှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

**သက်ဦး(သထုံ)**

## ဆီးသီးအထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းရရန် မျှော်လင့်နေရ

**ကနီ ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ချောင်းမ၊ သင့်ဝင်၊ မင်းမ၊ သမင်ခြံ၊ မုဌွော၊ သရက်တော၊ ဇီးပင်တွင်း စသောကျေးရွာများ၌ ယခုနှစ်တွင် ဆီးသီးများအထွက်နှုန်းကောင်းလိမ့်မည်ဖြစ်ကြောင်း သရက်တောရွာမှ ဆီးသီးပင်စိုက်တောင်သူများထံက သိရသည်။

ဆီးသီးကောက်ယူ၊ အခြောက်လှန်းခြင်းများ စတင်နေပြီဖြစ်သော်လည်း၊ ဆီးပင်များမှဆီးသီးများအားလုံး မမှည့်သေးသော အချိန်ဖြစ်ကြောင်း၊ ဆီးသီးများ အမှည့်လိုက်မည့်ကာလမှာလည်း အနည်းငယ်လိုနေသေးကြောင်း၊ တပေါင်းလလောက်မှပင် လှိုင်လှိုင်ပေါများမှာဖြစ်ကြောင်း တောင်သူတစ်ဦးက ဆိုသည်။

ဆီးပင်၊ ဆီးသီး သီးနေခြင်းကို ကြည့်၍ အထွက်နှုန်းကောင်း၊ မကောင်းသိနိုင်ပါကြောင်း၊ ယခင်နှစ်ကဆီးသီး တစ်ပိဿာ ၁၀၀ ကျပ်ဈေးသာရှိပြီး ယခုနှစ်မှာတော့ ဆီးသီး တစ်ပိဿာ ၂၀၀ကျပ် ဝယ်ယူနေပါကြောင်း၊ ဆီးသီးခြောက် တစ်တင်းလျှင် ယခင်နှစ်က ၁၇၀၀ ကျပ်၊ ၁၈၀၀ ကျပ်နှင့် ဝယ်ယူပြီး ယခုနှစ်မှာတော့ ဆီးသီးခြောက် တစ်တင်း ၃၀၀၀ကျပ်နှင့် စတင်ဝယ်ယူနေကြကြောင်း သိရသည်။

၎င်းတောင်သူကပင် ဆက်လက်ပြောပြသည်မှာလွန်ခဲ့သောဆယ်စုနှစ်တွေကဆီးသီးစိုက်တောင်သူတွေ၊ ဆီးခြံတွေ ယခုလောက်မပေါ်များတော့ဆီးသီး(အခြောက်) တစ်တင်းကို တစ်သောင်းကျပ် ကျော်ကျော်ပင်ရရှိခဲ့ကြပါကြောင်း၊ ယခုနောက်ပိုင်းနှစ်တွေမှာတော့ စိုက်ခြံတွေများလာ၊ တောင်သူတွေပေါများလာပြီး ဆီးသီးများစွာ ထွက်ရှိကြသောကြောင့် ဈေးကတဖြည်းဖြည်း ကျလာပါကြောင်း၊ ယခင်က အလုပ်သမားငှားရမ်းခနဲ့ဆီးသီးဈေးချိန်လိုက်ရင် အလုပ်သမားငှားရမ်းခမှာ မဆိုသာသော်လည်း ယခုလိုဆီးဈေးကျနေချိန်မှာတော့ အလုပ်သမားငှားရမ်းခစရိတ်ကာမိအောင် ဂရုတစိုက်လုပ်ကိုင်ဆောင်ရွက်ရပါကြောင်းနှင့်ဆီးသီးအထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းရရန်ဒေသခံတို့ အနေဖြင့် မျှော်လင့်နေကြရကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**



# ရွှေသမင်တို့နယ်မြေ ချပ်သင်းဘေးမဲ့တော အရှိန်အဟုန်မြှင့်ထိန်းသိမ်းကာကွယ်

မြန်ဂုဏ်ဆောင်

မြန်မာ့ပတ်ဝန်းကျင်နှင့် သစ်တောဘက်ဆိုင်ရာ အာဏာပိုင်များက သမင်လိုက်မုဆိုးများကြောင့် ရှားပါးရွှေသမင်မျိုး ပြုန်းတီးခြင်းအန္တရာယ်မှ ကာကွယ်ဖို့ ပူးပေါင်းဆောင်ရွက်ရန် ပြည်သူများအား တရားဝင်တိုက်တွန်းမှုထားသည်။

မြန်မာပြည်အထက်ပိုင်း ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၇၀ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး (၁၀၃ ဒသမ ၈၅)စတုရန်း ကျယ်ဝန်းသည်။ ရွှေသမင် အမျိုးအစားကောင်ရေ တစ်ထောင်မျှရှိသည်။ ချပ်သင်း ဘေးမဲ့တောမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူ မြို့နယ်၊ ချပ်သင်းကျေးရွာအနီး၊ ကောလင်းမြို့နယ်၊ ဆင်ခေါင်းကျေးရွာအနီးတွင် အကျယ် (၂၆၀၀၀) ဟက်တာမျှရှိပြီး ကျေးရွာအိမ်ခြေ ၄၀၀၀ မျှရှိသည်။ ကျေးရွာ ၂၈ ရွာတွင်ပါဝင်သည်။ ဘေးမဲ့တောမှ ရွှေသမင်များမှာ တောမုဆိုးများ၏ သတ်ဖြတ်မှုကို ခံနေကြရသည်။

ချပ်သင်းဘေးမဲ့တောသည် ကန့်ဘလူမြို့နယ်၊ ချပ်သင်းရွာ၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာ၊ ကောလင်းမြို့နယ်မှ ၁၀ မိုင်ခန့်အကွာ၊ ကောလင်း-ကန့်ဘလူမြို့နယ်နှစ်ခုစပ်ကြားတွင် တည်ရှိသည်။

အဆိုပါ ချပ်သင်းဘေးမဲ့တောကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ တည်ထောင်သော သစ်တောကြိုးဝိုင်းဧက ၆၆၂၇၃ ရှိပြီး ကမ္ဘာပေါ်တွင် မြန်မာပြည်မှာသာရှိသော ရွှေသမင်မျိုးကောင်ရေ ၁၀၀၀ ကျော်ခန့် ထိန်းသိမ်းထားရာ ဘူမိနက်သန်နေရာမှန်သည်။


ဧရိယာ အကျယ်အဝန်း ပမာဏအရ ကန့်ဘလူမြို့နယ် ဧရိယာ ၂၁၉၀၈ ဧက၊ ကောလင်းမြို့နယ် ဧရိယာ ၄၄၃၆၅ ဧက ဖြစ်ရာ၊ကောလင်းမြို့နယ် ဧရိယာက နှစ်ဆပိုမိုနေကြောင်း တွေ့ရသည်။

အဆိုပါ နယ်မြေနှစ်ခုသည် သဘာဝသစ်တောထိန်းသိမ်းမှုနယ်မြေအဖြစ် နိုင်ငံတော်က စီမံချက်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း ဝိသမလောဘသား တောမုဆိုးများ၏ လက်ချက်ကြောင့် ရွှေသမင်များစွာ သေဆုံးခဲ့ကြရသည်။ ၁၉၉၅-၉၆ ခုနှစ်ဝန်းကျင်က ရေဒီယိုအချက်ပြစနစ်ဖြင့် လေ့လာမှတ်တမ်းပြုစုခဲ့ရာ နိုင်ငံတော်က မွေးမြူစောင့်ရှောက်ကာကွယ်ထားသော ရွှေသမင် ၃၀၀၀ ခန့်သည် ယခုအခါ ကိန်းဂဏန်းလျော့နည်းသွားလေပြီ။

အဆိုပါ ဘေးမဲ့တောတွင် မြန်မာရွှေသမင်၊ ချေ၊ တောဝက်၊ တောကြောင်၊ ကြောင်မြင်း၊ သစ်ကြောင်များ၊ နို့တိုက်သတ္တဝါ ၃၆၀ မျိုးခန့်၊ ငှက်မျိုးစိတ် ၁၂၃၅ မျိုး၊ တွားသွားသတ္တဝါ ၃၆၀ မျိုးခန့်ကို ထိန်းသိမ်းထားခဲ့သည်။

ချပ်သင်းဘေးမဲ့တောရှိ မြန်မာ့ရွှေသမင်များသည် အုပ်စုဖွဲ့နေထိုင်ကြပြီး သက်တမ်းက အနှစ် ၂၀ ဖြစ်သည်။ တောမုဆိုးတို့၏ သတ်ဖြတ်မှုကြောင့် သဘာဝတောရိုင်းတိရစ္ဆာန် ၃၀ ရာခိုင်နှုန်း လျော့ကျစေခဲ့သည်။ မြန်မာရွှေသမင်များ၏ ပျမ်းမျှသက်တမ်းမှာအနှစ် ၂၀ မျှဖြစ်ပြီး၊ ရွှေသမင် တစ်ကောင်သည် ၁ ဒသမ ၅ မီတာ အထိမြင့်မားပါသည်။ ချပ်သင်းဘေးမဲ့တောတွင် ရွှေသမင်နှင့်အတူ နို့တိုက်သတ္တဝါ အမျိုးပေါင်း ၃၆၀၊ ငှက်မျိုးစိတ်ပေါင်း ၁၂၃၅ မျိုးနှင့် တွားသွားသတ္တဝါ အမျိုးပေါင်း ၃၆၀ မျှရှိသည်။

မုဆိုးများ၏ နှစ်စဉ်သတ် ဖြတ်နေမှုကြောင့် ဆုံးရှုံးသေပျောက်မှု ၃၀ ရာခိုင်နှုန်းခန့် ရှိနေသည်ကို ဝမ်းနည်းဖွယ်ရာတွေ့မြင်ကြရသည်။



ရွှေသမင်တို့သည် ဘူမိနက်သန်နေရာမှန်၌သာ ပျော်မွေ့ကြသည်။ ကိလေသာကာမဂုဏ် လောဘဒေါသတို့ ကြီးစိုးမှုကင်းသော မေတ္တာရိပ်လွှမ်းခြုံသည့်နေရာ၊ သားကောင်သမင်အပေါင်း ပျော်မွေ့အသက်ရှင်ရာဒေသမှာ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာတည်ရှိသည်။ မြန်မာ့ရွှေသမင်မျိုးစိတ်ကို ချပ်သင်းဘေးမဲ့တော၌ ထိန်းသိမ်းထားရှိသည်။

သဘာဝပေါက်ပင်များကိုအမှီပြုလျက် အသက်ရှင်နေကြသောသားရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရန် လူသားတိုင်းက ထိန်းသိမ်းကြရပေမည်။ အမိနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၃၃ ခုသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ရွှေစက်တော်ဘေးမဲ့တော၊ စစ်ကိုင်းတိုင်းဒေသကြီး ချပ်သင်းဘေးမဲ့တောများပါဝင်သည်။

ကမ္ဘာပေါ်၌ ရှားပါးစပြုလာသော ရွှေသမင်မျိုးစိတ်သည် မြန်မာတစ်နိုင်ငံတည်းသာရှိသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်း ကမ္ဘောဒီယား၊ ထိုင်း၊ လာအို၊ အိန္ဒိယတို့တွင် ရွှေသမင်ကောင်ရေ အနည်းငယ်သာ တွေ့ရသည်။

၁၉၇၀-ပြည့်နှစ်ရွှေစက်တော်ဘေးမဲ့တော၌ ရွှေသမင် ထိန်းသိမ်းစောင့်ရှောက်မှုက ၅၅၂ ဒသမ ၇ စတုရန်းကီလိုမီတာကျယ်ဝန်းသည်။

၁၉၄၁-ခုနှစ်တွင် ကန့်ဘလူ-ကောလင်းမြို့နယ်စပ် ချပ်သင်းကျေးရွာတွင် ၂၆၅ ဒသမ ၃၆ စတုရန်းကီလိုမီတာ ကျယ်သည်။

ရွှေစက်တော်နှင့် ချပ်သင်းဘေးမဲ့တောများသည် ဇီဝယူနစ် 9A (ကိုးအေ) အပူပိုင်းဒေသ ကုန်းတွင်းပိုင်းဖြစ်သည်။ ပေါက်ရောက်ပင်၊ ရာသီဥတုအပေါ်တွင်မီနေသော မြန်မာရွှေသမင်များသည် နှစ်ပေါင်း ၃၀၀၀ ကျော်ကပင် အမိနိုင်ငံတော်၌ အသက်ထင်ရှားတွေ့မြင်ရခြင်းက ကံအလွန်ကောင်းသည်ဟူ၍ဆိုရပေမည်။

မြန်မာ့ရွှေသမင်ကို သိပ္ပံအမြင်ရှုထောင့်မှလေ့လာရာတွင် Cervus eldi thamin မျိုးနွယ်ဖြစ်သည်။ နို့တိုက်သတ္တဝါမျိုးစိတ်တွင် ခွာစုံမျိုးစိတ် Artiodactyla ထဲတွင်ပါဝင်၍ Cervidae ဖြစ်သည်။

ရွှေသမင်များကျက်စားသောဧရိယာမှာ အင်တိုင်းတော၊ တောပြုတ်တော၊ ဆူးချုံတောနှင့် ရွက်ပြတ်တော ခြောက်များဖြစ်သည်။

ရွှေသမင်တစ်ကောင်၏ ဦးခေါင်းနှင့် ခန္ဓာကိုယ်အရှည်မှာ ၅၉ လက်မမှ ၆၆ လက်မထိရှည်သည်။ ပခုံးအမြင့်က လက်မ ၄၀ မှ ၄၆လက်မထိရှိသည်။ အမြီးအရှည်မှာ ၈လက်မခွဲမှ ၁၀လက်မခန့်ထိရှိသည်။ ကိုယ်အလေးချိန်မှာ ပေါင် ၁၉၀မှ ပေါင် ၃၀၀ ခန့်ထိရှိသည်။ ရွှေသမင်၏ ဦးခေါင်းထက်က ကြီးမားသော ဦးချိုက တောအုပ်အတွင်း လျင်မြန်စွာပြေးလွှားနိုင်အောင် သဘာဝကဖန်တီးပေးထားသည်။ ဦးချိုဖြင့် သစ်ပင်၊ ချုံနွယ်ငြိ သေဆုံးသူကရှားသည်။ ရွှေသမင်တို့ မိတ်လိုက်ရာသီက နှစ်စဉ် ဖေဖော်ဝါရီလမှ ဧပြီလအတွင်းဖြစ်သည်။ အမများဗိုက်လွယ်ချိန်မှာ ရှစ်လခန့်ဖြစ်သည်။ တစ်ကြိမ်မွေးလျှင် တစ်ကောင်သာပေါက်ဖွားသည်။ ရွှေသမင်သက်တမ်းက နှစ် ၂၀ ခန့်ဖြစ်သည်။

ရွှေသမင်များမှာ သီးရွက်စားသတ္တဝါဖြစ်၍ မြက်၊ သစ်ရွက်၊ အသီးကြွေများစားကြသည်။ သဘာဝဆားကျင်းများမှ ဆားကိုစားသုံးကြသည်။ ရွှေသမင်အဖိုများသည် မိတ်လိုက်ချိန်တွင် အထီးအမ အုပ်စုဖွဲ့လေ့ရှိပြီး အခြားအချိန်များ၌ တစ်ကောင်တည်းသာနေကြသည်။ ရွှေသမင်အမများထက် အဖိုများကပို၍ ရေစိမ်၊ ရွှံ့လူးလေ့ရှိသည်။ သမင်အဖိုများသည် မိတ်လိုက်ချိန်၌ အမွေးများပိုမိုတောက်ပြောင်လာခြင်း၊ ရှည်လျားလှုပလာခြင်းများဖြစ်လေ့ရှိသည်။

သမိုင်းဝင်ရှားပါး ရွှေသမင်များပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သင့်နေပါပြီ။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူနှင့် ကောလင်းမြို့နယ် နယ်နိမိတ်အကျယ် ၆၄၂၆၄ ဒသမ ၄၂ ဧကအတွင်း မြန်မာ့ရွှေသမင်များနှင့် ကျားသစ်၊ မြေခွေး၊ တောခွေး၊ ချေ၊ ခွေးအ၊ တောကြောင်၊ မျောက် စပ်၊ တောဝက်၊ ရှဉ့်၊ နို့တိုက်သတ္တဝါများ၊ နဖားကြုံး၊ စွေ့ငှက်မျိုးစိတ် ၂၄၀၊ ကုန်းနေ တွားသွားသတ္တဝါ ၅၄မျိုး၊ လိပ်ပြာမျိုးစိတ် ၆၅ မျိုး၊ အင်းစက်ပိုးမွှားများ နေထိုင်ကျက်စားကြသည်။ တောတွင်းရှိ ရွှေသမင်အရေအတွက်မှာ ဆယ်နှစ်အတွင်း ၈၅ ရာခိုင်နှုန်းခန့် လျော့ကျသွားကြောင်း ဘေးမဲ့သစ်တောထိန်းသိမ်းရေးလုပ်ဆောင်နေသူများထံမှ သိရသည်။

'ရွှေသမင်ကောင်ရေ သုံးထောင်ခန့်ရှိရာမှ ယခုအခါ ကောင်ရေ တစ်ထောင့်ငါးရာကျော်သာ ကျန်ရှိတော့သည်'ဟူ၍ ဘေးမဲ့တောထိန်းသိမ်းရေးတာဝန်ခံကပြောကြားသည်။

ချပ်သင်းဘေးမဲ့တောတွင် သစ်တောထွက်ပစ္စည်း၊ ဆေးဖက်ဝင် သစ်ဥသစ်ဖု၊ ဆေးမြစ်ဆေးဥများကို ရှာဖွေရင်း တောလိုက်မုဆိုးများက သမင်များကို ပစ်ခတ် စားသောက်ကြသည်။ ဆေးဖက်ဝင်အပင်မျိုးစိတ် ၇၀ ကျော်ရှိပြီး ဂမုန်းမျိုးစိတ်ပင်များလည်းမြင်တွေ့ရသည်။

ရွှေသမင်နှင့် တောရိုင်းတိရစ္ဆာန်များ မိတ်လိုက်ခြင်း၊ သားမွေးခြင်းကာလအတွင်း တောရိုင်းတိရစ္ဆာန်များကို ပစ်ခတ်စားသောက်ခြင်းကို ရှောင်ရှားသင့်ကြောင်း ချပ်သင်းကျေးရွာ ဒေသခံများက ပြောဆိုကြသည်။

ကိုယ်ဝန်ဆောင် ကာလရက် ၂၅၀အတွင်း သားပေါက်ချိန်တွင် တစ်နှစ်တစ်ကြိမ်သာပေါက်ဖွားသည်။ တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၇(က) အရ တိကျပြတ်သားစွာ အရေးယူကြရန် ဒေသခံများက လိုလားနေကြကြောင်းသိရသည်။

ရွှေသမင်တစ်ကောင်၏ ကာလပေါက်စျေးက ကျပ်ခုနစ်သိန်းမှ ရှစ်သိန်းခန့်ရှိရာ တစ်နေ့လျှင် သားကောင်တစ်ကောင်မျှဖမ်းမိလျှင်ပင် ဝင်ငွေတွက်ခြေကိုက်နိုင်၍ တောလိုက်မုဆိုးများက အာရုံစိုက်နေကြခြင်းဖြစ်သည်။

ချပ်သင်းဘေးမဲ့တော ကာကွယ်ရေးကို ပိုမိုကြပ်မတ်ပြီး ပြစ်မှုကျူးလွန်သူများကို ထိရောက်စွာ အရေးယူသင့်ကြောင်း ဒေသခံကျေးလက်ပြည်သူများကပြောဆိုနေကြကြောင်း သိရသည်။ ။

**'မြန်မာ့ရွှေသမင်' ထိန်းသိမ်းရေးလုပ်ငန်းအောင်မြင်ပြီး အတ္တနှင့် ယှဉ်နေသော တောလိုက်မုဆိုးများ၏ ဘေးအန္တရာယ်မှ ကင်းဝေးပပျောက်စေရန် အသိအမြင်တူသော ပြည်သူများက အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဖို့ရန် အချိန်ကျရောက်နေပါပြီ . . .**



## (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြည်ထောင်စုမယ်ပြိုင်ပွဲနှင့် ပဒေသာကပွဲကျင်းပ

**မိုင်းကိုင် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုမယ်ပြိုင်ပွဲနှင့် ပဒေသာကပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၅ နာရီက မိုင်းကိုင်မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရပ်ကွက်ပြည်သူများ၊ ကျောင်းသား ကျောင်းသူ ပဒေသာအကအဖွဲ့များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်သန်းညိုက မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီးနောက် ပြည်ထောင်စုမယ်ပြိုင်ပွဲ၊ ပဒေသာကပွဲကို ကျင်းပခဲ့ရာ ရပ်ကွက် ကျေးရွာအုပ်စုများ၊ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်အလှမယ် ၂၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် အမှတ်(၁)ရပ်ကွက် ကိုယ်စားပြု ယှဉ်ပြိုင်သော နန်းယိင်းစံဖွေးက ပြည်ထောင်စုမယ် ပထမဆု၊ အထကမှ နန်းမိုခေးက ပြည်ထောင်စုမယ် ဒုတိယဆု၊ အထကခွဲ(မိုင်းကိုင်)မှ နန်းခမ်းစိန်က ပြည်ထောင်စုမယ် တတိယဆုရရှိကြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**








## အများသိစေရန်ကြေညာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၃ စက်မှုဇုန်၊ မြေကွက်အမှတ် ၈၃၂၊ မြေကွက်တည်နေရာအမှတ် ၈၃၂၊ ရွှေတောင်ကြားလမ်း၊ ၆၃(စက်မှုဇုန်)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးလှရွှေ LSO-၁၃၇၅၇၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးရန်ကျိန်ရှန်(ခ)ဦးလှရွှေ ၁၃/လရန(နိုင်)၀၆၉၆၂၇က နှစ် ၆၀ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်/မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မှုမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ ဦးလှရွှေအမည်ဖြင့် ၂၀-၂-၉၇ ရက် ထုတ်ပေးခဲ့သော မူလဂရန်မူရင်းစာအုပ်အား ဤဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေစန္ဒာ ၁၂/ဒဂန(နိုင်)၀၁၅၆၉၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေစန္ဒာနှင့် ဦးဟန်မိုးဦး ၁၂/သဃက(နိုင်)၁၆၇၁၄၄ တို့သည် ၂၅-၅-၂၀၁၁ရက်တွင် မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ တရားဝင်လက်ထပ်ထိမ်းမြားပေါင်းသင်းခဲ့ကြပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေစန္ဒာနှင့် ဦးဟန်မိုးဦးတို့မှာ စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ၁၀-၂-၂၀၁၆ ရက်တွင် ကျောက်တံတားမြို့နယ်တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်သူဇာမွန်ရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ချုပ်ဆိုကွာရှင်းခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မေစန္ဒာနှင့် ဦးဟန်မိုးဦးတို့သည် ၁၀-၂-၂၀၁၆ ရက်မှစ၍ အကြင်လင်မယားအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် လင်ခန်း မယားခန်း ပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမောင်မောင်စိုး (စဉ်-၁၀၂၈၄) (တရားလွှတ်တော်ရှေ့နေ)**
**အဓိပတိ Laws Firm**
**အမှတ် ၅၅၊ အခန်း (၄)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

(၁၀-၂-၂၀၁၆)ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါ ဦးစောစိန်ငွေအောင်(၁၄/မအပ(နိုင်)၁၅၂၉၂၃)၏ ဦးချိုလေး(ခ) ဦးစောတင်ဝင်းနှင့်တကွပတ်သက်ဆက်နွယ်သူများနှင့်အများသိစေရန်အသိပေးကြော်ငြာချက်အပေါ်

## ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့ ဈေးသစ်ရပ်ကွက်၊ ဈေးကြီးလမ်း၊ အမှတ်(၂၇)နေ ဒေါ်ပုံ (၁၄/မအပ(နိုင်)၀၃၉၂၀)နှင့် သားသမီးများဖြစ်သော ဒေါ်သန်းသန်းညွန့်၊ ဦးစိန်သောင်း၊ ဦးစောတင်ဝင်း၊ ဦးမြထွန်းကျော်၊ ဦးစောစိန်မြင့်လှိုင်၊ နော်မြင့်မြင့်ချိုတို့၏လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်သည်မှာ –

ဦးသောင်းလှိုင်၊ ဒေါ်ပုံတို့တွင် သားသမီး(၇)ဦးထွန်းကား၍ မိသားစုဝင်အားလုံးသည် ဧရာဝတီ တိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခဲ့ကြပါသည်။ မိဘများနေထိုင်နိုင်ရန် မိသားစုအားလုံးပိုင်ငွေဖြင့် သားအလတ်ဖြစ်သူ ဦးစောစိန်ငွေအောင်အား လွှဲအပ်၍ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဈေးသစ်ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဈေးသစ်ကွက်၊ ဦးပိုင်အမှတ်(၁၈၀+၁၈၁)၊ ဧရိယာ(၀.၀၂၈)ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူစေခဲ့၍ မိသားစုအားလုံးက ပိုင်းဝန်းစိုက်ထုတ်ပြီး ဥထပ်တိုက်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ဦးစောစိန်ငွေအောင် အိမ်ထောင်ကျပြီးနောက် မူရင်းပိုင်ရှင်ဖြစ်သော ဖခင်ဦးသောင်းလှိုင်နှင့် မိခင်ဒေါ်ပုံတို့၏ တရားဝင်အမည်ပေါက်ရန် တွံတေးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးစာချုပ်အမှတ်-၄၁/၂၀၀၆ ကို ဆောင်ရွက်ချုပ်ဆိုခဲ့ကြပါသည်။ မိသားစုအားလုံးမှလည်း ဦးစောစိန်ငွေအောင် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ဝိုင်းဝန်းကူညီထောက်ပံ့ကြ သည့်အပြင် ၎င်းမိသားစုနေထိုင်နိုင်ရန် မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာ၌လည်းကောင်း၊ အထက်ပါ ဥထပ်တိုက်၏ ပထမထပ်၌လည်းကောင်း နေထိုင်နိုင်ရန် စီစဉ်ပေးခဲ့ကြခြင်းဖြစ်ပါသည်။ ဦးစောတင်ဝင်းမှာလည်း ယခင်က အလားတူနေထိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ဦးစောတင်ဝင်းသည် တွံတေးမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးစာချုပ်အမှတ်-၈/၂၀၁၄ အရ တရားဝင်ပိုင်ဆိုင်ခဲ့၍ မြေငှားဂရန်တွင် အမည်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဦးစောစိန်ငွေအောင်၏ ကြော်ငြာချက်တွင် ပါဝင်သော ဦးစောစိန်ငွေအောင်အမည်မှ ဦးစောတင်ဝင်းအမည်သို့ မြေဂရန်အမည်ပြောင်းလျှောက်ထားရယူခြင်း၊ ဦးစိန်ငွေအောင်မှပါဝင်လက်မှတ်ရေးထိုးခြင်းမရှိ သိရှိခြင်း၊ သဘောတူညီခြင်းမရှိဘဲ မှတ်ပုံတင်ချုပ်ဆိုကြကြောင်း စသည့်စွပ်စွဲချက်များအပါအဝင် ကြော်ငြာချက်တစ်ရပ်လုံးမှာ လုံးဝမှန်ကန်မှုမရှိသည့်အတွက် စောလျင်စွာရုပ်သိမ်းပေးပါရန် သတိပေးအပ်ပါသည်။ ရုပ်သိမ်းရန်ပျက်ကွက်ပါက ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ မိခင်အပါအဝင် ကျန်ညီအစ်ကိုမောင်နှမအားလုံးမှ တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးကျော်စိန်ဝင်း (စဉ်-၅၁၂၂)၊ ဒေါ်သိန်းသိန်း (စဉ်-၈၁၉၉)**
**တရားလွှတ်တော်ရှေ့နေများ**
အမှတ်(၄၀)၊ ၅လွှာ၊ သာဓုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်(၃၂၀-ဘီ)၊ မြေကွက်တည်နေရာအမှတ်(၃၂၀-ဘီ)၊ နီလာ(၃)လမ်း၊ ဒေါ်သောင်း(ဒဗလ၂/ကအအ-၀၀၆၂၅၈)၊ ဦးကျင်ရွှေ(စီအိုင်-၀၁၇၂၉၂)အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်နှစ်ဦးအနက်ခင်ပွန်းဦးကျင်ရွှေကွယ်လွန်သဖြင့် ဇနီးဒေါ်သောင်း(၁ဗလ၂/ကအအ-၀၀၆၂၅၈)မှပိုင်ဆိုင်စာချုပ်(၆၄၅၃/၁၅)ဖြင့်ရရှိပြီး ဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊ အိမ်အမှတ် ၁၂၊ တတိယအလွှာ A ခန်းနေ ဦးစိုးထိန်လင်း-ဒေါ်စန်းစန်းအေးတို့၏သား မောင်ငွေးထက်လင်း ၆/မမန(နိုင်)၁၆၁၂၄၂ သည် မိဘတို့၏ ဆိုဆုံးမမှုကိုနာမခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးစိုးထိန်လင်း-ဒေါ်စန်းစန်းအေး**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းခြင်းအစီအစဉ် ဖွင့်ပွဲကျင်းပ

စာမျက်နှာ-၇

# မြန်မာ့အသံ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပွဲကျင်းပ

တွေ့ဆုံမေးမြန်း
တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်မွေး

ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ၁၉၄၆ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ယနေ့ဆိုလျှင် နှစ် (၇၀) တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သည်။



တေးသံရှင် နီနီခင်ဇော်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ် (၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်း စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ထူးခြားမှုအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံရှေ့ မြက်ခင်းပြင်၌ အင်ပါရာတီးဝိုင်းနှင့်အတူ နာမည်ကြီး အဆိုတော်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများဖြင့် တစ်နိုင်ငံလုံးမှ ပရိသတ်များ ကြည့်ရှုခံစားနိုင်ရန် Live Show အစီအစဉ်ကိုပါ ထုတ်လွှင့်ပြသခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ▼



တေးသံရှင် ဇော်ဝင်းထွဋ်

# ရေဝတီအသင်း သုံးပွဲဆက်နိုင်ပြီး လက်ရှိချန်ပီယံ ရန်ကုန် ဒုတိယမြောက် နိုင်ပွဲရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်နှင့် ရေဝတီအသင်းတို့ နိုင်ပွဲဆက်ခဲ့ကြသည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရေဝတီအသင်းက ချင်းယူနိုက်တက်အသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့်အနိုင်ရရှိပြီး သုံးပွဲဆက်နိုင်ပွဲ ရယူနိုင်ခဲ့သည်။ ရေဝတီအသင်းတွင် အမာခံကစားသမားများဖြစ်သည့် ကျော်ဇေယျာဝင်း၊ သီဟဇော်နှင့် ဟန်ဆန်တို့ ပွဲပယ်ခံထားရသော်လည်း အမှားအယွင်းမရှိဘဲ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရေဝတီအသင်းအတွက် ဂိုးများကို သုံးမိနစ်တွင် တာကူဗူ၊ ၃၉ မိနစ်တွင် အောင်ကျော်နိုင်၊ ၇၄ မိနစ်တွင် မင်းမင်းသူတို့က သွင်းယူခဲ့ကြပြီး ချင်းယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၄၅ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဆောင်လမန်း၊ ၈၆ မိနစ်တွင် ဆာကီတို့က သွင်းယူခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၅ ❖

# လေဖိအားနည်း ရုပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရုပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။**

(မြန်မာ့အလင်း)

# မီးဘေးအန္တရာယ်ကင်းစေဖို့ မီးဘေးအသိ၊ သတိရှိကြစို့

သတင်းဆောင်းပါး
ဇော်ကြီး(ပဏီတ)
ဓာတ်ပုံ-ဖေဇော်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

"မသိသူကျော်သွား သိသူဖော်စား"ဆိုသည့် စကားပုံကဲ့သို့ပင် ရန်ကုန်မြို့၏ အထင်ကရ နေရာတစ်ခုတွင် အပါအဝင်ဖြစ်သည့် စမ်းချောင်းမြို့နယ် မြေနီကုန်း ခုံးကျော်တံတားခြေရင်း(ပြည်လမ်းမကြီးပေါ်)၌ ဖွင့်လှစ်ထားသော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ပြခန်းများနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ သင်တန်းများ အခမဲ့ပို့ချပေးနေသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာနကိုဖြင့် လူတိုင်း သွားရောက် လေ့လာဖူးလိမ့်မည် မဟုတ်ပေ။

ထိုဌာန၏ ခြံဝင်းဝင်ပေါက်အနီးတွင် ပြသထားသည့် ရှေးဟောင်း

စာမျက်နှာ ၉ ကော်လံ ၁ ❒




ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာနတွင် ပြသထားသည့် ရှေးဟောင်းမီးငြိမ်းသတ်ယာဉ်များကို တွေ့ရစဉ်။




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS